မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၂)

# ရွှေတိဂုံစေတီတော် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာ နုဂ္ဂဟစာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် ပူဇော်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

**ပြည်တွင်းပြည်ပ ဆရာတော်များကြွရောက်**

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သြဝါဒါ စရိယ၊ စေတိယင်္ဂဏသြဝါဒါစရိယ ဘွဲ့တံဆိပ် ကပ်လှူပူဇော်မည့် ဆရာတော်ကြီးများနှင့် စေတိယင်္ဂဏစာလျှောက်မေးပွဲ နှစ် (၁၀၀)ကာလအတွင်း အောင်မြင်တော်မူခဲ့ကြ သည့် ပြည်တွင်း ပြည်ပမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ သိရီပဝရဓမ္မာစရိယ(သ.စ.အ)ပါဠိပါရဂူ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာ လာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စေတိယင်္ဂဏ ပဝရသိရီမဟာဓမ္မာဂုရုဘွဲ့တံဆိပ်တော် ကပ်လှူခံယူတော်မူမည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနနာယကယော ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက် နာယက လှုရတနာဆရာတော်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။**
ဓာတ်ပုံ-ဇော်မင်းလတ်

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

စာ » ၄

## လာမည့်ဩဂုတ်လတွင် တိုးချဲ့မှုပြီးစီးမည့် သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(ခ)တွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ မြေငှားရမ်းမှု ၅၀ ရာခိုင်နှုန်းရှိ

စာ » ၈





မြန်မာ့အလင်း

# ပြည်သူအားလုံးအတွက် မီဒီယာပန်းခင်းသစ်များ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် နောက်ထပ်ရုပ်သံလိုင်းသစ် ငါးလိုင်း ကြည့်ရှုနိုင်ကြတော့မည်ဆိုသောသတင်းသည် ပျော်ရွှင်ဖွယ်၊ စိတ်လှုပ်ရှားဖွယ် သတင်းဖြစ်သည်။ အခကြေးငွေ တစ်စုံတစ်ရာပေးရခြင်း၊ စက်ပစ္စည်း ဝယ်ယူတပ်ဆင်ခြင်းတို့ကို မပြုရဘဲ မိမိတို့ကြည့်ရှုနေကျ **MRTV** ရုပ်သံလိုင်းမှာပင် နောက်ထပ်ရုပ်သံလိုင်းငါးခုကို အခမဲ့ကြည့်ရှုခွင့်ရရှိမည် ဆိုသောအခါ အပြိုင်အဆိုင်ပေါ်ထွက်လာမည့် ခေတ်မီဆန်းသစ်သော အစီအစဉ်များကို **MRTV** ပရိသတ်တို့က ဝမ်းမြောက်ဝမ်းသာ စောင့်မျှော်ကြတော့မည် ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော စနစ်အရ ဂြိုဟ်တုမှတစ်ဆင့် နိုင်ငံအနှံ့အပြားတွင်တည်ရှိသော ထပ်ဆင့်လွှင့်စက်ရုံ ၁၄၅ရုံသို့ ချိတ်ဆက်ပေးပို့ပြီး ထပ်ဆင့်ထုတ်လွှင့်ပေးခြင်းဖြစ်ရာ မြို့ကြီး ပြကြီးများသာမက ဝေးလံဒေသများကိုပါ လွှမ်းခြုံထားခြင်း ဖြစ်သည်။ **MRTV** ရုပ်သံလိုင်းတွင် ဝင်ရောက်ထုတ်လွှင့်ခွင့်ရသည့် **Content Provider** များအနေဖြင့် မီဒီယာလုပ်ငန်းများအားလုံး ထမ်းဆောင်ကြရမြဲ တာဝန်များဖြစ်ကြသည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော တာဝန်များကို ထမ်းဆောင်ရင်း မိမိတို့ရုပ်သံလိုင်းများ ရေရှည်ရှင်သန်ရပ်တည်နိုင်စေရန်အတွက် စီးပွားရေးအရလည်း အောင်မြင်အောင် ဆောင်ရွက်ကြရဦးမည်ဖြစ်ရာ မိမိတို့ထုတ်လွှင့် ပြသမည့် အစီအစဉ်များမှတစ်ဆင့် တောင်ပေါ်မြေပြန့် မြို့ကြီးပြကြီး ကျေးလက်ဒေသများမှ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက်လည်း မျှော်မှန်းဆောင်ရွက်ခွင့်ရကြမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် **Content Provider** ငါးဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် ဖျော်ဖြေမှုအပိုင်းမှာဆိုရင်လည်း ပိုပြီးစိတ်ဝင်စားဖွယ် စိုစိုပြည်ပြည် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မီဒီယာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ အများပြည်သူ အသိပညာဖွံ့ဖြိုးမှု၊ အပန်းဖြေ ပျော်ရွှင်မှုတို့ တိုးတက်ရရှိနိုင်မှာဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟု မြင်ကြောင်းထည့်သွင်းပြောကြားခဲ့ရာ အသစ်ထွက်ပေါ်လာမည့် မီဒီယာများအပေါ် မျှော်လင့်ချက်ပင်ဖြစ်ပြီး ရုပ်သံလိုင်းများကို စောင့်မျှော်ကြည့်ရှုကြမည့် နိုင်ငံတစ်ဝန်းလုံးမှ ပရိသတ်များ၏ဆန္ဒကို ထင်ဟပ်ခြင်းပင်ဖြစ်သည်။

**MRTV** နှင့် ပူးပေါင်းဆောင်ရွက်ကြမည့် **Content Provider** များတွင် ရုပ်သံထုတ်လွှင့်မှု ဝါရင့်မီဒီယာများလည်း အပါအဝင်ဖြစ်ရာ မိမိတို့ရရှိလာသည့် အခွင့်အရေးကို အကောင်းဆုံးအသုံးချနိုင်ကြမည်ဟု ယုံကြည်မိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ချက်များ၊ အားသာချက် အားနည်းချက်များသည်လည်းကောင်း၊ လက်ရှိထုတ်လွှင့်လျက်ရှိသော အခြားပုဂ္ဂလိကရုပ်သံလိုင်းများမှ အားသာချက် အားနည်းချက်များသည်လည်းကောင်း၊ အသစ်ထုတ်လွှင့်ခွင့်ရရှိလာသည့် ရုပ်သံလိုင်းသစ်များအဖို့ "အကြံတူ နောက်လူသာစမြဲ" ဟူသည့် ဆိုရိုးအတိုင်းအကြံသစ်၊ ဉာဏ်သစ်များဖြင့် ဆောင်ရွက်နိုင်မည့်၊ စံနမူနာယူရမည့်၊ သင်ခန်းစာယူရှောင်ရှားရမည့် အခွင့်အလမ်းကို ရရှိနိုင်ကြမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြည့်ရှုအားပေးလျက်ရှိသော ပရိသတ်များအနေဖြင့်မူ အသစ်ထွက်ပေါ်လာမည့် အခမဲ့ရုပ်သံလိုင်းများ၏ ခေတ်မီဆန်းသစ် တီထွင်မှုများဖြင့် မွမ်းမံဆင်ယင်ထားသည့် ပြန်ကြားပေးမှု၊ ပညာပေးမှု၊ ဖျော်ဖြေပေးမှုအစီအစဉ်များကို အားပါးတရ ဝမ်းမြောက်ဝမ်းသာ စောင့်မျှော်အားပေးနေကြမည်ဖြစ်ကြောင်းနှင့် အခမဲ့ ရုပ်သံလိုင်းသစ်များသည်လည်း မိမိတို့အကျိုးစီးပွား၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါကြောင်း။

# တာချီလိတ်ခရိုင်နှင့် မိုင်းဖြတ်ခရိုင်အတွင်း ကျေးရွာများ၌ ယူရို ၁၀ သန်းဖြင့် ဖွံ့ဖြိုးရေးဆောင်ရွက်မည်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အမှတ် ၃ ရပ်ကွက် လေယာဉ်ကွင်းလမ်းရှိ မြို့တော်ခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် Luxembourg Agency For Development Cooperation တို့ ပူးပေါင်းဆောင်ရွက်မည့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စတင်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။




အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးစိုးညွန့်လွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးခန့်ဇော်နှင့် လူဇင်ဘတ်နိုင်ငံသံရုံးမှ ယာယီတာဝန်ခံ Mr.Claude Jentgen တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အမှာစကားပြောကြားပြီး လူဇင်ဘတ်အေဂျင်စီမှMr.Geert De Brucker ကစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ဒေသခံပြည်သူများ၏ တရားဝင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အရင်းအမြစ်နှင့် နည်းပညာများတိုးမြှင့်လာစေရန်နှင့် ဒေသခံပြည်သူများအပါအဝင် အစိုးရအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေး ရန်ရည်ရွယ်ပြီး ကျိုင်းတုံခရိုင်တောင်ပေါ် ငါးအုပ်စု၊ တာချီလိတ်ခရိုင်နှင့် မိုင်းဖြတ်ခရိုင်ရှိ ကျေးရွာ ၆၅ ရွာတွင် ရေပေးရေး၊ မီးလင်းရေး၊ လမ်း၊ တံတား၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေး၊ ဆက်သွယ်ရေး လုပ်ငန်းများကို ယူရို ၁၀ သန်းဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် လူဇင်ဘတ်အေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# အမှိုက်ပုံ မီးလောင်ရာမှ ထွက်ရှိလာသော ပလတ်စတစ်ညှော်နံ့ကြောင့် ပြည်သူများ မခံနိုင်

မွန်ပြည်နယ် သထုံခရိုင် သုဝဏ္ဏဝတီမြို့သည် မြို့ပြအင်္ဂါရပ်နှင့်အညီ စွန့်ပစ်အမှိုက်များ စွန့်ပစ်ရန်နေရာနှင့် သိမ်းဆည်းရန် အမှိုက်ကားများ လိုအပ်နေကြောင်း၊ လက်ရှိစွန့်ပစ်နေသော အမှိုက်ပုံတွင် မကြာခဏ မီးလောင်မှုဖြစ်ပွားနေ၍ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်ကို ပြည်သူများ စိုးရိမ်နေကြကြောင်း သိရသည်။



"အမှိုက်လာပစ်တဲ့ လူတွေက အမှိုက်တွေကို တွင်းထဲရောက်အောင် မပစ်ကြဘူး၊ ဒီနှစ်ဆိုရင် ပြီးခဲ့တဲ့လက တစ်ခါ အခုတစ်ခါ နှစ်ခါရှိပြီး၊ ပရဟိတ မီးသတ်အဖွဲ့တွေကပဲ လာငြိမ်းပေးတယ်"ဟု အမှိုက်ထိန်းသိမ်းသူ ဦးထွန်းသိန်းက ပြောသည်။

သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ကံ့ကော်ကုန်းပိုင်းနှင့် မင်းလမ်းပိုင်းကြား သမိုင်းဝင်ရွှေရင်မျှော်ဘုရား ပရိဝုဏ်ဘေး အမက(လေသာ)ကျောင်းအနီး အမှိုက်ပုံသည် ယခင်နှစ်များက ကျောက်တူးသည့်ကျင်းကြီးဖြစ်ပြီး အမှိုက်များကိုလာရောက်စွန့်ပစ်ရာမှ အမှိုက်ကျင်းဖြစ်လာကြောင်း၊ တစ်မြို့လုံး၏ အမှိုက်များကို စွန့်ပစ်ရန်အတွက် အမှိုက်ကျင်းနေရာ ရရှိအောင် ဆောင်ရွက်နေသော်လည်း ယခုအထိ အကောင်အထည်မဖော်နိုင်သေးကြောင်း သိရသည်။

ယခုအမှိုက်စွန့်ပစ်သည့်နေရာသည် လူနေရပ်ကွက်များကြားထဲတွင် ရှိသည့်အတွက် မသင့်တော်ကြောင်း သိမ်ဆိပ် အုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်က ပြောသည်။

အဆိုပါ အမှိုက်ပုံသည့်နေရာ၌ မကြာခဏ မီးလောင်မှုဖြစ်ပွားပြီး ထွက်ပေါ်လာသည့် မီးခိုးများ၊ ညှော်နံ့များကို ပြည်သူများ မခံစားနိုင်ကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ စစ်ဆေးဆောင်ရွက်ပေးရန် ဒေသခံများက လိုလားနေကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၈-၂-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ | ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ | ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ | ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ထာဝရဆေးပဒေသာပင်၊ ထာဝရဆွမ်းပဒေသာပင်နှင့် ဆွမ်းအလှူဒါနအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ထာဝရဆေးပဒေသာပင်၊ ထာဝရဆွမ်းပဒေသာပင်နှင့် ဆွမ်းအလှူဒါနအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ သီတင်းသုံးတော်မူရာ မဟာနာယကကျောင်းတော်ကြီး၌ ကျင်းပသည်။

**ငါးပါးသီလခံယူ**

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ထာဝရဆေးပဒေသာပင်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၃၅၀ နှင့်မိဘများအား အမှူးထား၍ အဘိဓမ္မဓရ သီဟသုဓမ္မမဏိဇောတဓရ ဦးမျိုးဆက် မိသားစုက အလှူငွေကျပ်သိန်း ၅၀၊ ထာဝရဆွမ်းပဒေသာပင်အတွက် ဦးဘစိုး-ဒေါ်ဒေါ်ဥအားရည်စူး၍ သား သဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာလှဝင်းအောင် မိသားစုက အလှူငွေကျပ် ၁၂ သိန်းနှင့် ကြာငါးခိုင် သက်န်းတိုက်မိသားစုက အလှူငွေကျပ်ငါးသိန်း၊ ဆွမ်းအလှူဒါနအတွက် ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး)မိသားစု၊ မိခင်ကြီးအား အမှူးထား၍ ဗိုလ်မှူးကြီး သိန်းဌေး(ငြိမ်း)-ဒေါက်တာမြသီတာမိသားစု၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး (ငြိမ်း)-ဒေါ်မြမြစန်းမိသားစုနှင့် အလှူရှင်မိသားစုတို့က အလှူငွေကျပ် ၂၇ သိန်းစီ၊ ဦးမောင်မောင်-ဒေါ်ခင်မြင့်မြင့် မိသားစုနှင့် အလှူရှင်မိသားစုများက အလှူငွေကျပ်သိန်း ၂၀၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး(ငြိမ်း)-ဒေါ်ခင်သန်းနွဲ့ မိသားစုက အလှူငွေကျပ် ၁၅ သိန်း၊ မဟာစည်သာသနာ့နုဂ္ဂဟအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီမိသားစုတို့က အလှူငွေကျပ် ၁၂ သိန်းစီ၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)-ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစု နှင့် ကျိုက္ကဆံ ဝေဠုဝန်(ရွှေကျင်) ကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတတို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ မိဘများအားရည်စူး၍ ဒေါ်ပြုံးမိသားစုက အလှူငွေကျပ် သုံးသိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၅၈၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အနုမောဒနာနှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**



**✻ ရွှေဖုံးမှ**

ဘဒ္ဒန္တနာရဒါဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်း စာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ ကိုယ်စားတပည့် အရှင်ဝိလာသအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက စေတိယင်္ဂဏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပူဇော်ပွဲအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော အလှူတော် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား ပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးတင်ဦးက လက်ခံယူသည်။

ထို့နောက် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့က စေတိယင်္ဂဏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရတုပိုဒ်စုံဖြင့် သီကျူးပူဇော်ကြပြီး စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်စာမေးပွဲဆိုင်ရာ အမေး အဖြေများကို ဆရာတော်၊ သံဃာတော်များက ပြုလုပ်ကြသည်။

**အနုမောဒနာတရားနာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (သ.စ.အ) ပါဠိပါရဂူ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသ (ယောဆရာတော်)ထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး **(ဝဲပုံ)**အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် စေတိယင်္ဂဏစာလျှောက်မေးပွဲ နှစ် (၁၀၀)ကာလအတွင်း အောင်မြင်တော်မူခဲ့ကြသည့် ပြည်တွင်း ပြည်ပမှ ဆရာတော်သံဃာတော် စုစုပေါင်း ၂၉၄ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရှိရသည်။

**သတင်း-ကိုကိုဇော်**

**✪ ကျောဖုံးမှ**

သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပြီးနောက် စနစ်တကျ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် ရန်ပုံငွေနှင့် ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်း၊ အခြားမြေအဖြစ် ကျူးကျော်ခံရခြင်း၊ တရားမဝင်ခုတ်လှဲခိုးယူခြင်း၊ နည်းပညာပံ့ပိုးမှုနှင့် သုတေသနဆောင်ရွက်မှု အားနည်းခြင်း စသည့်အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် သစ်ထုတ်လုပ်ခြင်းကို တစ်နှစ်ရပ်ဆိုင်းခဲ့ပြီး ပဲခူးရိုးမဒေသအား ကျွန်းနှင့် သစ်မာထုတ်လုပ်ခြင်းကို ၁၀ နှစ်တာရပ်နားခဲ့၍ "မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း"ကို ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ အထိ ၁၀ နှစ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း။

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ကျွန်းသစ် လိုအပ်ချက်အတွက် သဘာဝတောမှ ထုတ်လုပ်ခြင်းကို အနားပေးပြီး သက်တမ်းနှစ်(၃၀)နှင့် အထက်ရှိသော စီးပွားရေး(ကျွန်း)စိုက်ခင်းများမှ အစားထိုးဖြည့်ဆည်းပေးသွားနိုင်ရန် ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စာရင်းကောက်ယူခဲ့ရာ စီးပွားရေး (ကျွန်း)စိုက်ခင်း ၁၃၃၅၃၉ ဧကတွင် ရင်စို့လုံးပတ် ၃ ပေအောက် ၈၅၅၇၃၅ ပင်နှင့် ၃ ပေနှင့်အထက် ၁၅၇၄၀၉ ပင်ရှိသည်ကို တွေ့ရှိရကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင်နှစ် (၃၀) နှင့် အထက်စီးပွားရေးကျွန်းစိုက်ခင်းများမှ သစ်ထုတ်လုပ်ရာတွင်သစ်တောဖုံးလွှမ်းမှု ကျဆင်းမသွားစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ထုတ်လုပ်သင့်သည့်နည်းစနစ်များ၊ သတ်မှတ်သင့်သည့် စိုက်ခင်းသက်(Rotation Age)၊ ရွေးချယ်ထုတ်လုပ်ခြင်းနှင့် အပြောင်ရှင်းထုတ်လုပ်ခြင်းတို့၏ အကျိုးသက်ရောက်မှုများ၊ သစ်တောစိုက်ခင်းပြန်လည်အစားထိုးစိုက်ပျိုးခြင်းဆိုင်ရာ နည်းစနစ်များနှင့် ကြိုတင်ပြင်ဆင်ရေးဆွဲ ချမှတ်ထားရမည့် အစီအမံများကို ဆွေးနွေးဖော်ထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

# ပွန်ဂဲလ်(ခေါ်)ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**



မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ် ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလမ်းဆုံအနီး သုဝဏ္ဏဘူမိ Event Park တွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်နာယက ဦးအောင်ဆန်း၊ ဥက္ကဋ္ဌ ဦးသိန်းလွင်၊ အထွေထွေအတွင်းရေးမှူး၊ အမှုဆောင်များနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိ၍ အခမ်းအနားကို စတင်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသိန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်းက တမီလ်ဘာသာဖြင့် အသင်း၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားပြီး ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဟင်နရီခင်မောင်နှင့် ဦးဝင်းကြိုင်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တမီလ်လူမျိုးများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားတွင် အိန္ဒိယရိုးရာ အက၊ မြန်မာရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော်　ဖေဖော်ဝါရီ　၁၈**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့်ဇနီးတို့က ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ Anantara Siam ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချစ်ကြည်ရေး ခရီးစဉ်အတွင်း အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၉)၊ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၉)၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၉)နှင့် အမျိုးသမီးဘွဲ့ရဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၃)တို့မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိခဲ့သည့် အရာရှိ လေးဦးအား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မိတ်ဆက်ပေးသည်။ **(ယာပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ညစာအား အတူတကွသုံးဆောင်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ်၊ အငြိမ်းစားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tanasak Patimapragorn နှင့်ဇနီးတို့က ဖေဖော်ဝါရီ ၁၇ ရက်ညပိုင်းတွင် ဗန်ကောက်မြို့ရှိ Dusit Thani ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဇနီးနှင့်အဖွဲ့သည် Bangpakong ခရိုင်ရှိ Sothon Wararam ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ



ဗန်ကောက်မြို့ရှိ ဒွန်မောင်း တပ်မတော်လေဆိပ် (Wing-6)မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော်သို့ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော်　ဖေဖော်ဝါရီ　၁၈**


ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံး (Border Liaison Office)ဖွင့်လှစ်ရေးကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းရန် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားရာမှ ဖေဖော်ဝါရီ ၁၇ ရက် ည ၈ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# နှစ်နိုင်ငံအကြား မှုခင်းကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေး ဆွေးနွေး

**နေပြည်တော်　ဖေဖော်ဝါရီ　၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲတပ်ဖွဲ့ရဲချုပ် (Inspector General) Dr. Mohammad Zabed Patwary နှင့် ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီတွင် ဒါကာမြို့၌ သီးခြားတွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲရေးမှူး၊ သတင်းရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့မှူးများတက်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရဲချုပ်နှင့်အတူ ဒုတိယရဲချုပ်၊ ဒါကာမြို့တော်ရဲအဖွဲ့အရာရှိချုပ်၊ မှုခင်းစုံစမ်းစစ်ဆေးရေး ရဲအရာရှိချုပ်၊ ရဲသတင်းထောက်လှမ်းရေးမှူးချုပ်၊ အရေးပေါ်မှုခင်းအခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရေးရဲအဖွဲ့ အကြီးအကဲ၊ အင်တာပိုလ်(ဒါကာ) တာဝန်ခံအရာရှိနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးရာတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအစီအမံများ၊ မှုခင်းဆိုင်ရာ သတင်းအချက်အလက်ဖလှယ်မှုတိုးမြှင့်ဆောင်ရွက်ရေးအစီအမံများ၊ နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးကိစ္စရပ်များ၊ နယ်စပ်ဆက်ဆံရေးရုံး(BLO)ဖွင့်လှစ်ရေး အဆင့်မြင့်အရာရှိကြီးများအဆင့်နှင့် ဗဟိုအဆင့်များတွင် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆက်ဆံရေးတို့အတွက် ညှိနှိုင်းဆွေးနွေးပြီး နှစ်နိုင်ငံဝန်ကြီး အဆင့် အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့သည့်ကိစ္စရပ်များအပေါ် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များအား ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်ဆက်ဆံမည့်သူ အမည်စာရင်း (Contact Person) များ အပြန်အလှန်လဲလှယ်အသိပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံကုန်းမြို့၌ စာအုပ်လမ်းပွဲတော် စည်ကားစွာ ကျင်းပ

**သံကုန်း　ဖေဖော်ဝါရီ　၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သံကုန်းမြို့တွင် မြို့နယ်စာပေချစ်သူများအဖွဲ့က ဦးဆောင်ကျင်းပသော သံကုန်းမြို့နယ်၏ အကြီးဆုံး စာအုပ်လမ်းပွဲတော်ကို သံကုန်းမြို့ လမ်းမတော်လမ်းနှင့်ဈေးချိုလမ်းဆုံရှိ အောင်ဆန်းစာကြည့်တိုက်အနီး၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက်မှ စတင်ကျင်းပလျက်ရှိရာ ပွဲတော်လာဒေသခံပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဇော်လင်းထိုက်၊ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးလွင်မင်း၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး ဦးအောင်ကိုသန့်နှင့် သံကုန်းမြို့စာပေချစ်သူများအဖွဲ့ဝင် ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က စာအုပ်လမ်းပွဲတော်ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးနိုင်လင်းနှင့် စာအုပ်လမ်းဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးမြင့်လွင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေပွဲတော်တွင် ရန်ကုန်မြို့၊ ပြည်မြို့နှင့် အခြားမြို့တို့မှ သုတ၊ ရသ စာအုပ်စာပေအရောင်းဆိုင် ၃၅ ဆိုင် လာရောက်ရောင်းချလျက်ရှိပြီး ကလေးများ ပျော်ရွှင်စေရန်အတွက် စကားပုံဆက်ဉာဏ်စမ်းပဟေဠိအပါအဝင် ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❊ *ကျောဖုံးမှ*

YUSA ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက GFA အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် တိုက်စစ်ကစားပုံကောင်းသောကြောင့် ဂိုးပြန်အနိုင်ရခဲ့ခြင်းဖြစ်ပြီး အီစိုးနှင့် အီမန်နျူရယ်က နှစ်ဂိုးစီ၊ ယာမာဇာကီနှင့် ကြည်လင်းတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးနှင့်စစ်ကိုင်းယူနိုက်တက်တို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဇော်ဇင်ဦးက စစ်ကိုင်းအတွက် ဂိုးစသွင်းခဲ့ပြီး မကွေးအတွက် ချေပဂိုးကို နန္ဒကျော်က သွင်းယူခဲ့သည်။ ပွဲစဉ်(၆)အပြီးတွင် ရန်ကုန်အသင်းက (၁၆)မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်က ၁၄ မှတ်၊ ရတနာပုံနှင့်မကွေးအသင်းက ၁၁ မှတ်စီ၊ ဟံသာဝတီအသင်းက ကိုးမှတ်၊ Southern အသင်းက ရှစ်မှတ်၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ ဧရာဝတီအသင်းက ခြောက်မှတ်၊ စစ်ကိုင်းနှင့် ရခိုင်အသင်းက ငါးမှတ်စီ၊ GFA အသင်းက လေးမှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ညီမြတ်သော်တာ**

# ရပ်ရွာပြည်သူများ၏ သဘောထားအမြင်များ ပြောဆိုရန် အခွင့်အလမ်းပေးမည့် ခရေ FM - ထန်းတပင် လူထုရေဒီယိုဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ခရေ FM- ထန်းတပင်လူထုရေဒီယိုဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ခရေ FM- ထန်းတပင်လူထု ရေဒီယို တည်ရှိရာ ရန်ကုန်မြို့ ထန်းတပင်မြို့နယ် အတွင်းသဲဖြူကျေးရွာ စုပေါင်းအားမာန်ရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရေ FM ထန်းတပင်လူထုရေဒီယိုဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**အများပြည်သူ၏ အသံများ**

ထန်းတပင်လူထု ရေဒီယိုဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့သည် အစိုးရမီဒီယာမှ အများပြည်သူနှင့် ဆိုင်သော မီဒီယာအဖြစ် အသွင်ကူးပြောင်းနေပါကြောင်း၊ ယင်းသို့ ကူးပြောင်းနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များတွင် အများပြည်သူ၏ အသံများများပါရန် ထည့်သွင်းပါကြောင်း၊ ထိုသို့ ထည့်သွင်းရာတွင် အစီအစဉ်တစ်ခုအနေဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားတွင် မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းရင်းသားများ၏ အသံများ၊ တိုင်းရင်းသားများ၏ အစီအစဉ် များအနေဖြင့် ထုတ်လွှင့်နေမှုများ ရှိပါကြောင်း၊ ဒါတွေသည် အများပြည်သူကြားမှ ထွက်ပေါ်လာသည့် အသံကို အများပြည်သူဆီသို့ ဆက်လက်ဖြန့်ချိနိုင်အောင် ဆောင်ရွက်သည့်အစီအစဉ် တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယင်းမှာ ဟု ပြောလိုပါကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသအသီးသီး၊ မြို့နယ်အသီးသီး၊ တိုင်းဒေသကြီးအသီးသီး၊ ပြည်နယ်အသီးသီးမှ ပြည်သူများက သူတို့အသံကို တစ်တိုင်းပြည်လုံးဖြန့်ချိသည်ကို မိမိတို့လိုချင်ပါကြောင်း၊ လိုလားပါကြောင်း။

**ကူးပြောင်းမှုဖြစ်စဉ်**

ယင်းမှာ မိမိတို့တိုင်းပြည်ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းနေသည့် များကိုလည်း လုပ်ရပါကြောင်း၊ လုပ်ဆောင်နေဆဲလည်း ဖြစ်ပါကြောင်း၊ တစ်ချိန်ကရှိနေသည့် ဥပဒေများအရ ယခုလိုရပ်ရွာ၊ နေရာဒေသတစ်ခုမှ ရေဒီယိုတစ်ခုနှင့် အသံလွှင့်၍မရပါကြောင်း၊ ထိုအနေအထားကိုဖန်တီးနိုင်ရန် မိမိတို့ ဥပဒေ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**လွတ်လပ်စွာ ပြောဆိုခွင့်**

ဥပဒေများ ပြုပြင်ပြောင်းလဲရေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရေ FM ထန်းတပင်လူထုရေဒီယိုဖွင့်ပွဲတွင် စက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

မပြည့်စုံသေးပါကြောင်း၊ ပြည့်စုံအောင် သက်ဆိုင်ရာနေရာဒေသ အသီးသီးမှ ပြည်သူများက ဖွဲ့စည်းထားသည့် သတင်းထုတ်ပြန်သော ဌာနများရှိရန် လိုအပ်ပါကြောင်း၊ ယနေ့ စတင်ဖွင့်လှစ်မည့် ခရေ FM ရေဒီယိုမှာ ယင်း အစီအစဉ် တစ်ရပ်ကို စမ်းသပ်ပြုလုပ်ခြင်းဖြစ်သည် ကူးပြောင်းမှုဖြစ်စဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါကြောင်း၊ ကူးပြောင်းမှုဖြစ်စဉ်ကို အထောက်အကူပြုမည့် လုပ်ငန်းစဉ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်တွင် စနစ်တစ်ခုသို့ ကူးပြောင်းသည့်အခါ ကူးပြောင်းနိုင်ရန် ပြင်ဆင်ရသည့် အနေအထားများရှိပါကြောင်း၊ ပြောင်းလဲရန်အတွက် ပြင်ဆင်သည့်နေရာတွင် အဓိကအားဖြင့် စောစောကရှိခဲ့သော ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများ၊ အမူအကျင့်များကို ပြောင်းလဲရပါကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ ဂျာမန် သံအမတ်ကြီး H.E. Mrs. Dorothee Janetzke -Wenzel နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု**

ဒီမိုကရေစီနိုင်ငံ၏ လိုအပ်ချက်တစ်ခုဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်ကို ဖန်တီးပေးနိုင်ရန် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ဖော်ပြခွင့်နှင့် ပတ်သက်၍ တည်ရှိနေသည့် ဥပဒေများကို ပြုပြင်ပြောင်းလဲမှု လုပ်ရပါကြောင်း၊ ယခု ခရေ FM ကဲ့သို့ ရေဒီယိုများ ၊ ရုပ်မြင်သံကြားလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိုဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ဥပဒေများ ပြုပြင် ပြောင်းလဲပြီးပါက ဖြစ်ပေါ်လာနိုင်သည့်၊ လုပ်ခွင့်ရှိလာမည့် ယခုလို လူထုရေဒီယို ထုတ်လွှင့်သည့်လုပ်ငန်းများ လုပ်နိုင်ရန်အတွက် ယနေ့ ခရေ FM မှာ စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခုရေဒီယိုသည် သက်ဆိုင်ရာဒေသ၊ ရပ်ရွာမှ ပြည်သူများ၏ သဘောထားအမြင်များကို လွတ်လပ်စွာ ပြောဆိုခွင့်ကို စမ်းသပ်ကျင့်သုံးရန် အခွင့်အလမ်းပေးထားခြင်း ဖြစ်ပါကြောင်း။

**လူထုရေဒီယိုများ**

မိမိတို့ တိုင်းပြည်တွင် လွတ်လပ်စွာပြောဆိုခွင့်သည် နှစ်ပေါင်းများစွာ ဆိတ်သုဉ်းခဲ့ပါကြောင်း၊ ယနေ့ စတင်ဖွင့်လှစ်ပေးတဲ့အခါတွင် လွတ်လပ်စွာ ပြောဆိုခွင့်ကို စနစ်တကျမှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်အတွက်လည်း လိုအပ်ပါကြောင်း၊ ခရေ FM ရေဒီယိုမှ စတင်ထုတ်လွှင့်မည့် အစီအစဉ်များသည် လွတ်လပ်စွာ ပြောဆိုခွင့်ကို စနစ်တကျ



ကျင့်သုံးမှုနှင့် ပတ်သက်သည့် ပဏာမ လေ့ကျင့်ခန်းပင် ဖြစ်ပါကြောင်း၊ အကယ်၍ ခရေ FM အောင်မြင်ခဲ့လျှင် နောက်ပေါ်လာမည့် လူထုရေဒီယိုများသည် ခရေ FM ကို အတုယူပြီး လုပ်ဆောင်လာကြမည် ဖြစ်ပါကြောင်း၊ ခရေ FM သည် နောင်လာမည့် လူထုရေဒီယိုများအတွက် Training Center တစ်ခု ဖြစ်သည်အထိ ဆက်လက် ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမန် သံအမတ်ကြီး H.E. Mrs. Dorothee Janetzke – Wenzel၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ခရေ FM - ထန်းတပင် လူထုရေဒီယို ဖြစ်မြောက်အောင် ကူညီပံ့ပိုးသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော DW Akademie ၏ အာရှနှင့် အရှေ့ဥရောပဒေသဆိုင်ရာ အကြီးအကဲ Mr. Michael Karhausen နှင့် စုပေါင်း အားမာန် ကျေးရွာ ဖွံ့ဖြိုးရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဋ္ဌေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် DW Akademie ၏ အာရှနှင့် အရှေ့ဥရောပဒေသဆိုင်ရာ အကြီးအကဲ Mr. Michael Karhausen၊ စုပေါင်းအားမာန်ကျေးရွာ ဖွံ့ဖြိုးရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဋ္ဌေးတို့က ထန်းတပင်လူထုရေဒီယို စမ်းသပ်စီမံကိန်း သဘောတူညီမှု လက်မှတ်ရေးထိုးကြသည်။

ယင်းနောက်ခရေ FM- ထန်းတပင် လူထုရေဒီယိုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး H.E . Mrs. Dorothee Janetzke -Wenzel၊ DW Akademie အာရှနှင့် အရှေ့ဥရောပ ဒေသဆိုင်ရာအကြီးအကဲ Mr. Michael Karhausen နှင့် စုပေါင်းအားမာန် ကျေးရွာဖွံ့ဖြိုးရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဋ္ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ခရေ FM - ထန်းတပင် လူထုရေဒီယိုမှ တာဝန်ရှိသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခရေ FM ထန်းတပင်လူထုရေဒီယို စမ်းသပ်စီမံကိန်း သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ တက်ရောက်စဉ်။

**စတင်ထုတ်လွှင့်သွားမည်**

ခရေ FM - ထန်းတပင်လူထု ရေဒီယိုထုတ်လွှင့်ရန် ရှေ့ပြေးစီမံကိန်း သဘောတူစာချုပ်ကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် DW Akademie၊ စုပေါင်းအားမာန် ကျေးရွာဖွံ့ဖြိုးရေးဦးဆောင်အဖွဲ့တို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ဒေသခံအဖွဲ့အစည်းဖြစ်သည့် စုပေါင်းအားမာန် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တို့မှ လုပ်အားပေးစေတနာ့ဝန်ထမ်းများဖြင့် ယနေ့မှ စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးလူထုရေဒီယို ခရေ FM -ထန်းတပင်လူထုရေဒီယိုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ ဖျော်ဖြေရေးများအပြင် ထန်းတပင်မြို့နယ်၏ လူ့ပ်ရှားမှု သတင်းများ စသဖြင့် ကဏ္ဍများပါဝင်မည် ဖြစ်သည်။ ပြန်လည်ထုတ်လွှင့်မှု အစီအစဉ်များကို နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိလည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ရာ ရေဒီယိုသာမက မိုဘိုင်းလ်ဖုန်းများဖြင့်လည်း ၁၀၄.၈ MHz မှ ထန်းတပင်မြို့နယ်အတွင်း ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# ပုဂ္ဂလိက ရုပ်သံမီဒီယာများကို ကြိုဆိုလိုက်ပါသည်

**ပြည်တွင်း မီဒီယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက်ဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Content Provider ငါးဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပသည့် သတင်း ထွက်ပေါ်လာသည်။ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရိုက်ကူးရေးခန်းမ 'အေ'၌ ၁၇ ဖေဖော်ဝါရီ ၂၀၁၈ နေ့က ကျင်းပတာ ဖြစ်၏။**

**ပုဂ္ဂလိက ကဏ္ဍ**

ဤသတင်းအရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ လက်ရှိထုတ်လွှင့်နေသည့် အစီအစဉ်များတွင် ပုဂ္ဂလိက ကဏ္ဍက ပိုမိုပူးပေါင်း ပါဝင်လာတော့မည် ဖြစ်ပါသည်။

ရုပ်မြင်သံကြား မီဒီယာများ၏ အဓိကလုပ်ငန်းမှာ ပြည်သူလူထုကို သတင်းနှင့် အချက်အလက်များ မှန်မှန်နှင့် မြန်မြန်တင်ပြပေးရန်၊ ဗဟုသုတနှင့် အသိပညာ ဖြည့်ဆည်းပေးရန်နှင့် အပန်းပြေပျော်ရွှင်ရေး အတွက် ဖျော်ဖြေရေးအစီအစဉ်များ တင်ဆက်ရန် စသည်တို့ ဖြစ်ပါသည်။

**တာဝန်ခွဲဝေယူ**

အဆိုပါ လုပ်ငန်းများကို အစိုးရ၏ ပြန်ကြားရေးဝန်ကြီးဌာနကသာ အလုံးစုံတာဝန်ယူရန်မဟုတ်ဘဲ ပုဂ္ဂလိက မီဒီယာများ၏ကဏ္ဍကို ပိုမိုချဲ့ထွင်ကာ တာဝန်ခွဲဝေယူစေခြင်းဖြင့် ပြည်သူလူထုအတွက် ပိုမိုကျယ်ပြန့်စုံလင်သည့် သတင်းဖျော်ဖြေရေးနှင့် အသိပညာဖြည့်ဆည်းရေးတို့ ရရှိနိုင်ပါမည်။ ပုဂ္ဂလိက မီဒီယာကဏ္ဍသည်လည်း ထိုသို့သောတာဝန်များ ခွဲဝေထမ်းဆောင်ရင်း သည့်ထက်တိုးတက်ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါသည်။




**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရုပ်သံလွှင့်လုပ်ငန်း (Digital Free to Air ) လုပ်ကိုင်ခွင့်ရရှိသည့် Content Provider အဖွဲ့တစ်ဖွဲ့တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးစဉ်။**

**မီဒီယာလောက တိုးတက်ရေး**

ထို့ကြောင့် ယခုချုပ်ဆိုသော သဘောတူစာချုပ်တွင် ပုဂ္ဂလိက မီဒီယာများ၏ အခန်းကဏ္ဍနှင့် ပုဂ္ဂလိက မီဒီယာလောက တိုးတက်မြင့်မားရေးဟူသည့် အနှစ်သာရပါရှိနေသည်ဟု ရှုမြင်ပါသည်။

ပြည်သူလူထု အနေဖြင့်လည်း ရှုထောင့်စုံမှ ပိုမိုပြည့်စုံသည့် သတင်းအချက်အလက်များ၊ အသိပညာပေးမှုများနှင့် ဖျော်ဖြေရေး အစီအစဉ်များကို တိုးတက် ရရှိလာမည်ဟု သဘောရပါသည်။

**ပြည်သူလူထုအတွက် ရွေးချယ်စရာ**

ပုဂ္ဂလိကမီဒီယာများ တိုးပွားလာခြင်းဖြင့် ဈေးကွက်တွင်း အပြိုင်အဆိုင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သဖြင့် ပြည်သူလူထုအတွက် ရွေးချယ်စရာများ ပြားလာပါမည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဌာနကိုယ်တိုင်လည်း ပိုမိုနိုးကြားတက်ကြွစွာ အားထုတ်ကြိုးပမ်းစရာများ ရှိလာပါမည်။

**လူထုဖျော်ဖြေရေး**

ဤသို့ဖြင့် ပြည်သူလူထုအဖို့ စိတ်ရွှင်လန်းတက်ကြွမှု၊ အသိပညာကြွယ်ဝမှု၊ အတွေးအမြင်ရင့်ကျက်နူးညံ့မှု၊ သတင်းအချက်အလက်များကရသော ခေတ်နှင့်အမီ လိုက်နိုင်သည့် ဆင်ခြင်တုံတရား စသည်တို့သည်လည်း မြင့်မားလာမည်ဟု မျှော်လင့်ပါသည်။ လူထုဖျော်ဖြေရေး အစီအစဉ်များ ကောင်းမွန်တိုးတက်လာသည်နှင့်အမျှ ပြည်သူလူထု၏ စိတ်အပန်းပြေမှုသာမက ယဉ်ကျေးမှုအဆင့်အတန်း၊ လူသားချင်းစာနာစိတ်၊ ဒီမိုကရေစီ ရင့်ကျက်မှုတို့ မြင့်မားလာပြီး ငြိမ်းချမ်းသာယာသော လူ့ဘောင်ကို ဝိုင်းဝန်းဖန်တီးနိုင်ကြမည်ဟုလည်း ယုံကြည်မိပါကြောင်း တင်ပြရင်း ပုဂ္ဂလိကရုပ်သံမီဒီယာများကို ကြိုဆိုလိုက်ပါသည်။ ။




# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် ရုရှားမယ်လိုဒီ ဂီတဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ရုရှား- မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းမှ စီစဉ်တင်ဆက်သည့် "ရုရှားမယ်လိုဒီ" ဂီတဖျော်ဖြေပွဲကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရုရှား- မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဒုတိယဉက္ကဋ္ဌ Mr. Anatoly Bulachnikov၊ ရုရှား- မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင် Mr. Rudolf Yanson တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရုရှားနိုင်ငံမှ "ကလာဂျက်(စ်)" ရိုးရာကျေးလက်ဂီတအဖွဲ့နှင့် "ငွေရောင်တူရိယာကြိုးများ" ဂီတတူရိယာအဖွဲ့တို့က (ရုရှားမယ်လိုဒီ) ရုရှားဂီတသံစဉ် တေးသွားများဖြင့် ဖျော်ဖြေရာတွင် "မော်စကို အမှတ်တရပစ္စည်း" သီချင်းကို သံပြိုင်သီဆို၍ လည်းကောင်း၊ "ကာလီ(န်)ကာ" ရုရှားဂန္ထဝင်တေးသီချင်းဖြင့် လည်းကောင်း၊ ကု(ရ်)စကီးပြည်နယ်၏ "ကျွန်တော်ရဲ့နိုက်တင်ဂေးငှက်လေး" အော်ပရာသီချင်းဖြင့်လည်းကောင်း၊ ဂါလိချ်မြို့လေး၏ တောင်တန်းများ မြင့်မားမတ်စောက်ပုံကို ညွှန်းဆိုထားသည့် အော်ပရာသီချင်းများဖြင့်လည်းကောင်း၊ ကာဇာတ်လူမျိုးတို့၏ "ခားရှည်ယူခဲ့ပါ" စစ်ချီသီချင်းဖြင့် လည်းကောင်း၊ ကျေးလက်ရိုးရာတေးသီချင်းများဖြင့် လည်းကောင်း ကပြသီဆိုဖျော်ဖြေကြသည့် အပြင် ရုရှားရိုးရာဂန္ထဝင်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ရုရှားမယ်လိုဒီအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အခမ်းအနားတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးမှတ်တမ်းဓာတ်ပုံများနှင့် ရုရှားနိုင်ငံနှင့် ပတ်သက်သည့် သမိုင်းအကြောင်းအရာများ၊ ရိုးရာယဉ်ကျေးမှုများနှင့် ရုရှားနိုင်ငံ၏ ရသစာပေများကို မြန်မာစာရေးဆရာများက ဘာသာပြန်ဆိုထားသည့် စာအုပ်များကို တက်ရောက်လာကြသည့် ပရိသတ်များသိရှိနိုင်ရန် ပြသထားသည်။

ယနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့်အတူ သံရုံးတာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ရုရှားနိုင်ငံသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အလားတူ ယင်းဖျော်ဖြေပွဲကို မန္တလေးမြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# အထူးကုဆရာဝန်ကြီးများ ဖျာပုံမြို့၌ ကွင်းဆင်းဆေးကုသ

**ဖျာပုံ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဇမ္ဗူသုခ ကုသိုလ်ဖြစ်ဆေးခန်းသို့ ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများ ဦးဆောင်သော ဆေးကုသရေးအဖွဲ့မှ ဆရာဝန်ကြီးများကိုယ်တိုင် လူနာများအား ဖေဖော်ဝါရီ ၁၈ ရက်က ကွင်းဆင်း ဆေးကုသပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆေးခန်းက အပတ်စဉ် တနင်္ဂနွေနေ့တိုင်းဖွင့်ပါတယ်၊ ဆင်းရဲနွမ်းပါးတဲ့လူနာတွေ အခမဲ့ ဆေးကုသပေးလျက်ရှိပါတယ်၊ အထူးသဖြင့် မြို့ဆင်ခြေဖုံးရပ်ကွက်နဲ့ ရွာတွေကများပါတယ်၊ ဒီအပတ်မှာတော့ အထူးကုဆရာဝန်တွေ အဖွဲ့ရဲ့ အကူအညီနဲ့ အခုလို ဆေးကုသပေးနေခြင်း ဖြစ်ပါတယ်" ဟု ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ကိုဝဏ္ဏထွန်းက ရှင်းပြသည်။

အဆိုပါ ဆေးကုသရေးအစီအစဉ်တွင် ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ပါရဂူ ဒေါက်တာဝင်းမြင့် အမှူးပြုသော ကလေးအထူးကု/အထွေထွေခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ အရေပြားအထူးကု၊ အဆုတ်နှင့် ရင်ခေါင်းအထူးကု စသည့် အထူးကုဆရာဝန်ကြီးများက လူနာများအား ရောဂါအလိုက် စမ်းသပ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်းသည် ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဆင်းရဲနွမ်းပါးသည့် လူနာများအား ဆေးကုသပေးရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ဖျာပုံခရိုင်၏ ကျန်းမာရေးအတွက်အားထားရာ ကုသိုလ်ဖြစ် ဆေးခန်းတစ်ခုဖြစ်နေပြီး အပတ်စဉ် တနင်္ဂနွေတိုင်း လူနာပေါင်း ၂၀၀ အား အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မြန်မာ့ဘောလုံးတိုးတက်ရေး အထောက်အကူပြုမည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ထပ်မံဖွဲ့စည်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာ့ဘောလုံး တိုးတက်ရေးကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံအနှံ့အပြား၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းလျက်ရှိပြီး မန္တလေး၊ ရန်ကုန်နှင့် ကရင်ပြည်နယ်တို့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်းနိုင်ခဲ့သည်။

မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဘန်နီတင်အောင် ဦးဆောင်သည့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးကိုကိုသိန်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)ဦးဆောင်သည့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ရွှေခေတ်မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးတင်အောင်(ဂိုး) ဦးဆောင်သည့် အဖွဲ့သည် ကရင်ပြည်နယ်တို့၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် မတ္တရာ၊ စဉ့်ကူး၊ အမရပူရ၊ ချမ်းမြသာစည်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ စမ်းချောင်းနှင့် ရွှေပြည်သာမြို့နယ်၊ ကရင်ပြည်နယ်၌ မြဝတီနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အခြားမြို့နယ်များတွင်လည်း မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံထွက်ပေါ်လာရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ- MFF**




ရွှေပြည်သာမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းအပြီး တွေ့ရစဉ်။

**ထူးခြားသည့် ညအပူချိန်များ**

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ရေအားလျှပ်စစ်ကဏ္ဍအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် International Finance Corporation (IFC) တို့ ပူးပေါင်းဆောင်ရွက်သော ရေအားလျှပ်စစ်ကဏ္ဍအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က နေပြည်တော် Hilton Hotel ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်ကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ယခုလက်ရှိ မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံး၏ အိမ်ထောင်စု ၃၅ ရာခိုင်နှုန်းသာလျှင် လျှပ်စစ်ဓာတ်အားရရှိနေရာမှ တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေး တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းအားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်မှုနှင့်အတူ ဆင်းရဲမှုလျှော့ချနိုင်ပြီး နိုင်ငံ့စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ် ပါကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေစွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင်၊ ဇီဝစွမ်းအင်များအနက်မှ လက်ရှိအနေအထားအရ ရေအားလျှပ်စစ်သည် အဓိကကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်ကဏ္ဍ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့အကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ၊ စီမံကိန်းများနှင့် အစီအစဉ်များချမှတ်သည့်အခါ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဟန်ချက်ညီညီ ထည့်သွင်းပေါင်းစပ်နိုင်ရန် ကမ္ဘာ့နိုင်ငံများတွင် အများဆုံးအသုံးပြုလျက်ရှိသည့် လုပ်ငန်းစဉ်သည် မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း၊ မဟာဗျူဟာ မြောက်ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းလုပ်ငန်း (SEA) ကို သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် International Finance Corporation- IFC တို့သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ခွင့်ပြုချက်ဖြင့် သဘောတူစာချုပ်ကို ၂၂-၉-၂၀၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ရေအားလျှပ်စစ်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာဆန်းစစ်ရာမှ အဓိကတွေ့ရှိချက်များ၊ ပြဿနာများနှင့် အခွင့်အလမ်းများကို ဆွေးနွေးတင်ပြရန်နှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးရန်ဖြစ်သည့်အတွက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များမှ မိမိတို့၏ အတွေ့အကြုံများ၊ ဗဟုသုတများကိုအခြေခံ၍ အကြံပေးခြင်း၊ ဆွေးနွေးမေးမြန်းခြင်းများကို တက်ကြွစွာဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း၊ SEA သည် လက်တွေ့နယ်ပယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆက်စပ်ကဏ္ဍများမှ ဆုံးဖြတ်ချက်ချမှတ်သူများ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ စသည့် ဆက်စပ်ပါဝင်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရန်နှင့် ရေအားလျှပ်စစ်ကဏ္ဍ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး၊ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ IFC မှ Ms. Kate Lazarus နှင့် ICEM (International Center for Environmental Management) မှ Mr. Rory Hunter တို့မှ ရေအားလျှပ်စစ်ကဏ္ဍအတွက် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်များ၊ နည်းလမ်းများ၊ လုပ်ဆောင်ချက်များ နှင့် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိခဲ့သော ပြဿနာများနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက်တင်ပြချက်များအပေါ် တက်ရောက်လာသူများမှ ဆွေးနွေးမေးမြန်းခြင်း၊ အကြံပြုခြင်းများနှင့် စပ်လျဉ်း၍ IFC မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်းများ ပြုလုပ်ကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မတ္တရာမြို့နယ်ရှိ ဝက်နေတောင်အား ကြိုးပြင်ကာကွယ်တောဖွဲ့စည်းနိုင်ရေး ဆောင်ရွက်

**မတ္တရာ ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ငွေးပင်ကျေးရွာရှိ ဆင်လူးအင်းအား လယ်မြေဖော်ထုတ်ပြီးပုံစံ(၇)ထုတ်ပေးနိုင်ရေး၊ ဝက်နေတောင်အား ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းနိုင်ရေးနှင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေနှင့် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ကော်မတီဝင်များပါဝင်သောအဖွဲ့မှ ဧရိယာ ၁၇ ဧကရှိ ဆင်လူးအင်းအား လယ်မြေဖော်ထုတ်ပြီး ပုံစံ(၇)ထုတ်ပေးနိုင်ရေး၊ ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထို့နောက် အဆိုပါ အဖွဲ့နှင့်အတူ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်က သဘာဝပတ်ဝန်းကျင်နှင့် ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်ထုတ်လုပ်မှုပပျောက်ရေးတို့ကို ပညာပေးဟောပြောခဲ့ပြီး ဧရိယာခန့်မှန်း ဧက ၄၂၀ ရှိသော ဝက်နေတောင်အား ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကို ဒေသခံများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**




# အမျိုးသမီးလမ်းလျှောက်ပွဲတွင် ပြည်သူ ၇၀၀၀ ကျော်ပါဝင်ဆင်နွှဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်မြို့တွင် ပဋ္ဌမအကြိမ်မြောက် Ferrovit Walkathon အမျိုးသမီးလမ်းလျှောက်ပွဲကြီးကို ယနေ့ နံနက် ၆ နာရီက သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**




အဆိုပါလမ်းလျှောက်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်လေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

လမ်းလျှောက်ပွဲတွင် ပါဝင်သူများသည် နံနက် ၆ နာရီတွင် သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းမှ စတင်တာထွက်ခဲ့ပြီး ဝေဇယန္တာလမ်းမကြီးအတိုင်း သစ္စာလမ်းဆုံအထိ လည်းကောင်း၊ သစ္စာလမ်းဆုံမှ ပြန်ကွေ့ပြီး သုဝဏ္ဏကွင်းအတွင်း ပြန်လည်ပန်းဝင်ခဲ့ကြပြီး စုစုပေါင်းအကွာအဝေး ငါးကီလိုမီတာခန့် လမ်းလျှောက် ပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်ပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားသမားများစသော အမျိုးသမီး ၇၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် သုဝဏ္ဏကွင်းအတွင်း အမှတ်တရ ဆုတံဆိပ်ဆွဲပေးခြင်းနှင့် Ferrovit မှ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်း၊ နံနက်စာ ကျွေးမွေးခြင်း၊ သွေးအားနည်း၊ မနည်းစမ်းသပ်ပေးခြင်း၊ သွေးအားနည်းရောဂါနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ ဓာတ်ပုံပြိုင်ပွဲနှင့် စိတ်ဝင်စားစရာ အစီအစဉ်ပေါင်းများစွာဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

သံဓာတ်ချို့တဲ့ခြင်းကြောင့် ဖြစ်သော သွေးအားနည်းရောဂါသည် ကြိုတင်ကာကွယ်နိုင်သည့်ရောဂါဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရှိ အမျိုးသမီးထုကြီးအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သွေးအားနည်းရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးဗဟုသုတများရရှိစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့တွင် လေးကြိမ်၊ မန္တလေးမြို့တွင် တစ်ကြိမ် ကျင်းပခဲ့ကြောင်း သိရ သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## ဂုတ်တွင်းလမ်း ယာဉ်ကြောပိတ်ဆို့မှုကင်းဝေးစေရန် လမ်းကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၁၈**

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲဘက်ခြမ်း မိုင်တိုင်(၈၈/၀)၊ မိုင်တိုင် (၉၀/၀)နှင့် နောင်ချိုဘက်ခြမ်းတွင် မိုင်တိုင် (၈၁/၇)၊ နောင်ချိုတိုးဂိတ် (၇၉/၀) တို့တွင် နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်းနှင့် မလွတ်ကင်းသောသစ်ပင်များ ခုတ်ထွင်ရှင်းလင်းမည်ဖြစ်သဖြင့် ဂုတ်တွင်းလမ်းပိုင်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ အချိန်ပိုင်းကန့်သတ်၍ ပိတ်ထားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နေ့စဉ် ယာဉ်စီးရေ ၅၀၀၀ မှ ၆၀၀၀ ကျော်ခန့် ဖြတ်သန်းသွားလာလျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှုများ တစ်ကြိမ်ဖြစ်ပွားပါက တစ်ရက်မှ သုံးရက်အထိ ဖြစ်ပွားတတ်ပြီး အဆိုပါယာဉ်ကြောပိတ်ဆို့မှုများ ကင်းဝေးစေရန် Oriental High Way Co.,Ltd က မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးကိုလေးလမ်းသွား ကတ္တရာလမ်းတိုးချဲ့ရာ၌ ကျောက်မဲဘက်ခြမ်းအပိုင်း ဂုတ်တွင်းကြိုးဝိုင်း မိုင်တိုင် (၈၄/၇- ၈၇/၆) အတွင်း လမ်းဗဟိုမှ ပေ ၄၀ အတွင်းရှိ သစ်ပင်များကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်သည်။ **စိုင်းသာလှိုင်**



# တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကပကျေးရွာအနီး၌ ၆၁၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့သို့ ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ရိပ်သာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

**လျှပ်စစ်မီးရရှိရေးအရေးကြီး**

တွေ့ဆုံစဉ် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် မြိတ်ဒေသတွင် စီးပွားရေးလုပ်ငန်းများ၊ ဆောင်ရွက်ရန် အခွင့်အလမ်းများရှိသော်လည်း လျှပ်စစ်မီးမရရှိသည့်အတွက် လုပ်ငန်းများ မဆောင်ရွက်နိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးသည် အရေးကြီးပါကြောင်း၊ လျှပ်စစ်မီးမရရှိ၍ ရေထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တင်ပို့ရပါကြောင်း၊ ထို့ကြောင့် မြိတ်ဒေသကို နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိလာပါက စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိပြီး အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အစွမ်းကုန်ပူးပေါင်းဆောင်ရွက်**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တိုင်းဒေသကြီးမှ ဒေသခံပြည်သူများအနေဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကဲ့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရရှိသည့်အတွက် ဓာတ်အားခကို ဈေးနှုန်းကြီးမြင့်စွာပေးပြီး သုံးစွဲနေရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိအသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အစွမ်းကုန်ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပြီး ဝန်ကြီးချုပ်မှ သိရှိလိုသည်များကို မေးမြန်းရာ ဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်း သည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်ချက်များအား မှာကြားသည်။

ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကပကျေးရွာအနီးတွင် မြိတ်အများပိုင်ကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံ KMPI ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် ၆၁၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို တက်ရောက်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါ ၆၁၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကပကျေးရွာအနီးတွင် မြိတ်အများပိုင်ကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံ KMPI ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ကို အခြေခံသော စက်ရုံ၊ အလုပ်ရုံများ ပေါ်ပေါက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်ရေး၊ ဒေသခံပြည်သူများ ဓာတ်အားကို ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေးနှင့် တိုင်းဒေသကြီးအတွင်း အသုံးပြုပြီး ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်တင်ပို့ ရောင်းချသွားနိုင်ရေးဟူသော ရည်ရွက်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လာမည့်ဩဂုတ်လတွင် တိုးချဲ့မှုပြီးစီးမည့်သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ) တွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၏ မြေငှားရမ်းမှု ၅၀ ရာခိုင်နှုန်းရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

**ဩဂုတ်လတွင် တိုးချဲ့မှုပြီးစီးရန် ဆောင်ရွက်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ) ပထမအဆင့် ဟတ်တာ ၁၀၁ (ဧက ၂၅၀)တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ မြေငှားရမ်းမှု ၅၀ ရာခိုင်နှုန်းအထိရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။**

သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ-၂ ဒေါ်ချိုချိုဝင်းက "ဇုန်ဘီ (အပိုင်း-ခ)ရဲ့ ပထမပိုင်း ဟတ်တာ ၁၀၀ ကို အခုလာမယ့် ဩဂုတ်လမှာ ပြီးအောင်လုပ်ဖို့ ရည်ရွယ်ထားတယ်၊ နောက်ထပ်ဇုန်ဘီရဲ့ ဒုတိယပိုင်းအနေနဲ့ ဆက်လုပ်မယ့် ၆၆ ဟတ်တာကိုတော့ ၂၀၁၉ ဩဂုတ်လမှာ ပြီးစီးအောင် ဆောင်ရွက်နိုင်ဖို့ မျှော်လင့်ထားတယ်၊ အခု ဇုန်ဘီ ပထမပိုင်း ဟတ်တာ ၁၀၀ က ဖွံ့ဖြိုးမှုတွေ လုပ်နေပြီ၊ ဇုန်ဘီမှာ ရင်းနှီးမြှုပ်နှံလိုသူတွေကိုလည်း ရင်းနှီးမြှုပ်နှံခွင့်ပါမစ် ထုတ်ပေးနေသလို မြေနဲ့ပတ်သက်၍ လာရောက်ပြီး ညှိနှိုင်းနေတဲ့ ကုမ္ပဏီတွေလည်းရှိပါတယ်" ဟု လက်ရှိ သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း-ခ) ပထမအဆင့်တွင် ဆောင်ရွက်လျက်ရှိသည့် အနေအထားနှင့်ပတ်သက်၍ ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း-ခ)တွင် ဟတ်တာ ၇၀၀ ဖော်ဆောင်မည်ဖြစ်ပြီး ဟတ်တာ ပထမအဆင့် ၁၀၁ ကို ၂၀၁၇ ဖေဖော်ဝါရီက စတင်ဖော်ဆောင်ခဲ့ပြီး ၂၀၁၈ ဩဂုတ်တွင် ပြီးစီးမည်ဖြစ်သည်။ ဒုတိယအဆင့် ၆၆ ဒသမ ၄ ဟတ်တာကိုမူ ၂၀၁၈ ဒီဇင်ဘာတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၉ ဩဂုတ်တွင် ပြီးစီးနိုင်ရန် ရည်ရွယ်ထားကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီမှ သိရသည်။

၂၀၁၈ ဩဂုတ်တွင် အကောင်အထည်ဖော်မှု ပြီးစီးမည့် သီလဝါ အထူးစီးပွားရေးဇုန်(အပိုင်း-ခ) ပထမအဆင့် ဟတ်တာ ၁၀၁ (ဧက ၂၅၀)တွင် ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီခြောက်ခုကို မြေငှားရမ်းမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ် ထံမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း-ခ)ပထမအဆင့် ၁၀၁ ဟတ်တာပေါ်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် ပတ်သက်၍ ဒေါက်တာ သန်းသန်းသွယ်က "အခုဆိုရင် သီလဝါ အထူးစီးပွားရေးဇုန်ဘီ (အပိုင်း-ခ) ရဲ့ ၁၀၁ ဟတ်တာထဲမှာ ၄၉ ရာခိုင်နှုန်းက မြေငှားရမ်းလို့ ပြီးသွားပါပြီ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ ထိုင်းနိုင်ငံကို ငှားပြီးသွားပါပြီ၊ အဓိက ကတော့ ဆောက်လုပ်ရေးအတွက် လိုအပ်တဲ့ ကုန်ပစ္စည်း (material) ထုတ်လုပ်တာတွေ၊ စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းစတာတွေကို ထုတ်လုပ်မှာပါ၊ အဲ့ဒီကုမ္ပဏီခြောက်ခုရဲ့



တွဲဖက်
အတွင်းရေးမှူး
ဒေါက်တာ
သန်းသန်းသွဲ့



ဒုတိယ
ဥက္ကဋ္ဌ-၂
ဒေါ်ချိုချိုဝင်း

ရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၁၉ သန်း ရှိပါတယ်၊ နောက်ထပ်ကုမ္ပဏီသုံးခုကလည်း investment ပါမစ်ကို စောင့်နေကြတယ်၊ မြေကတော့ ငှားရမ်းပြီးသွားပါပြီ" ဟု ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း-ခ)ပထမအဆင့်သည် ယခုအခါတွင် အကောင်အထည်ဖော်မှု ရာခိုင်နှုန်း ၅၀ ကျော် ပြီးစီးပြီဖြစ်ကာ အပိုင်း(ခ)ပထမအဆင့် ဧရိယာတွင် နေထိုင်ခဲ့သည့်သူများအား မြိုင်သာယာ (၃) ရပ်ကွက်တွင် အိမ်များ ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

"ဇုန်ဘီမှာနေခဲ့တဲ့ သူတွေကို မြိုင်သာယာ (၃) ရပ်ကွက်မှာ ပေ ၄၀ × ပေ ၅၀ ရှိတဲ့ မြေပေါ်မှာ ၁၆ ပေ×၂၄ ပေ ရှိတဲ့ အိမ်ဆောက်ပြီး နေရာရွှေ့ပေးခဲ့ပါတယ်၊ JICA ရဲ့ guide line မူဝါဒတွေအတိုင်း လျော်ကြေးတွေ သတ်မှတ်ပေးခဲ့တယ်၊ အိမ်ခြေ ၉၀ နေရာချထားခဲ့ပါတယ်၊ အခုအချိန်မှာ အဲ့ဒီသူတွေ အသက်မွေးဝမ်းကျောင်းရရှိစေမယ့် လုပ်ငန်းတွေကိုလည်း စတင်လုပ်ကိုင်နေပြီဆိုတာ အသိပေး ပြောကြားလိုပါတယ်" ဟု ဒေါက်တာ သန်းသန်းသွယ်က ပြောသည်။

နိုင်ငံတော် အစိုးရအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကို ဟတ်တာ ၂၄၀၀ အထိ ဆောင်ရွက်ရန် ရည်ရွယ်ထားပြီး သီလဝါအထူးစီးပွားရေးဇုန် ပထမဆင့် သီလဝါအထူးစီပွားရေးဇုန် (အပိုင်း-က) ၄၀၅ ဟတ်တာ စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်က ဖွင့်လှစ်နိုင်ခဲ့သည်။

"ဇုန်အေ (အပိုင်း-က) ရဲ့ အောင်မြင်မှုအနေနဲ့ အခုဆိုရင် ဇုန်အေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ နီးပါးလောက် ရင်းနှီးမြှုပ်နှံခဲ့တယ်၊ ဇုန်အေရဲ့မြေဆိုရင် ၉၆ ရာခိုင်နှုန်းလောက်က ငှားရမ်းပြီးပြီ၊ ကျန်တဲ့ လေးရာခိုင်နှုန်းကိုလည်း လာရောက်ကြည့်ရှုကြတယ်၊ ဒါပေမယ့် သူတို့တွေ လိုချင်တာက အကြီးကြီးတွေ၊ သီလဝါအထူးစီးပွားရေးဇုန်က နာမည်ကျော်လာတော့ ကုမ္ပဏီအကြီးကြီးတွေက လာကြတယ်၊ အခုဆိုရင် နိုင်ငံပေါင်း ၁၆ နိုင်ငံက လုပ်ငန်းပေါင်း ၉၀ ကို လုပ်ငန်းလုပ်ကိုင်ခွင့်ပါမစ်ပေးထားတယ်၊ လုပ်ငန်း ၄၀ ကျော်က စက်ရုံအလုပ်ရုံတွေလည်ပတ်နေပါပြီ၊ အဲ့ဒီထဲကမှ စက်ရုံလေးရုံကတော့ သူတို့ရဲ့ ထုတ်ကုန်တွေကို Export ပို့နေပါပြီ၊ Export ပို့နေတဲ့ စက်ရုံတွေကလည်း ကျွန်မတို့ မြန်မာနိုင်ငံလို FTA (လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်) ရှိတဲ့နိုင်ငံတွေက အာဆီယံနိုင်ငံတွေနဲ့ တရုတ်နိုင်ငံတို့ကို ပို့မယ်ဆိုရင် သက်သာတဲ့ အကောက်ခွန်နှုန်းတွေရတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်ချိုချိုဝင်းက ပြောသည်။

ဒေါ်ချိုချိုဝင်းက "ဒေသခံပြည်သူများအတွက် ဒဂုံ-သီလဝါ အမြန်လမ်းမကြီးနားမှာ ချိတ်ဆွဲထားတဲ့ ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့ဆိုတဲ့ ဆိုင်းဘုတ်အတိုင်း ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးရေးသို့ဆိုတာ ဒီဒေသမှာ နေထိုင်သူတွေရဲ့ဆန္ဒလို့ပဲ ယူဆတော့ သီလဝါအထူး စီးပွားရေးဇုန်ကို ရည်မှန်းချက်အတိုင်းပြည့်မီအောင် ဆက်လက် ဆောင်ရွက်သွားမယ်"ဟု ဆက်လက်ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် မြေဟတ်တာပေါင်း ၂၄၀၀ အထိ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် စီမံကိန်းတစ်ခုဖြစ်ကာ ယခုအချိန်ထိ သီလဝါအထူးစီပွားရေးဇုန် အပိုင်း-က (ဇုန်အေ) ၄၀၅ ဟတ်တာနှင့် အပိုင်း-ခ (ဇုန် ဘီ) ပထမအဆင့် ၁၀၁ ဟတ်တာနှင့် ဒုတိယအဆင့် ၆၆ ဒသမ ၄ ဟတ်တာတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။



သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း-ခ) ပထမအဆင့် ဟတ်တာ ၁၀၁ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကိုတွေ့ရစဉ်။

**သတင်း..ရဲခေါင်ညွှန့်၊ ဓာတ်ပုံ..ဖိုးထောင်**

# မြန်မာနိုင်ငံလေ့လာရေးဒုတိယအကြိမ် နိုင်ငံတကာ ကွန်ဖရင့်အောင်မြင်ပြီးမြောက်

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတက္ကသိုလ်နှင့် ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံ လေ့လာရေး ဒုတိယအကြိမ် နိုင်ငံတကာကွန်ဖရင့်ကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး ယနေ့မွန်းလွဲပိုင်းက ပိတ်ပွဲအခမ်းအနားကျင်းပရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စာတမ်းရှင်ပညာရှင်များနှင့် ချင်းမိုင်တက္ကသိုလ်မှ ဒုတိယအဓိပတိနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရှင်များ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အောက်စဖို့တက္ကသိုလ်မှ ပညာရှင်ဒေါက်တာခင်မာမာကြည်က မြန်မာနိုင်ငံတွင် အမျိုးသမီးအခွင့်အရေးမြှင့်တင်ရေးကို ဆက်လက်ကြိုးပမ်းကြရန် လိုအပ်နေသေးကြောင်း အလေးပေးပြောကြားခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်မှ ဒုတိယအဓိပတိက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက ကွန်ဖရင့် ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် ချင်းမိုင်တက္ကသိုလ်ကြီးကိုလည်းကောင်း၊ ကွန်ဖရင့်ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ကူညီပေးသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ စီးပွားရေး၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများကို လည်းကောင်း၊ စာတမ်းရှင်များ၊ ပညာရှင်များ ပါဝင်ကူညီစီမံဆောင်ရွက်သူ၊ ဝန်ဆောင်ပေးသူအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

အဆိုပါ ကွန်ဖရင့်ကြီးတွင် နိုင်ငံခြားတက္ကသိုလ် ၅၀၊ ပြည်တွင်းတက္ကသိုလ် ၃၂ ကျောင်းမှ နိုင်ငံခြားပညာရှင် ၁၈၁ ယောက်၊ မြန်မာနိုင်ငံသား ၃၁၉ ယောက်တို့ တက်ရောက်ကြပြီး ပြည်တွင်းမှစာတမ်းပေါင်း ၁၇၁ စောင်၊ နိုင်ငံခြားမှ ၇၇ စောင်တို့ကို တင်သွင်းဖတ်ကြားခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံလေ့လာရေး ကွန်ဖရင့်ကို ၂၀၁၆ ခုနှစ်က ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်တွင် ပထမအကြိမ်ကျင်းပခဲ့ပြီး ယခု ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ မန္တလေးတက္ကသိုလ်က ဦးစီးကျင်းပခဲ့ကြောင်း၊ မြန်မာ့လူမှုစီးပွား၊ နိုင်ငံရေး၊ ဘာသာစကား၊ စာပေ၊ မြန်မာမှု မြန်မာ့ယဉ်ကျေးမှုဆိုင်ရာများကို လေ့လာဖတ်ကြားနိုင်ခဲ့ကြသဖြင့် လွန်စွာအကျိုးကြီးမားကြောင်း သတင်းရရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သီးနှံအထွက်နှုန်းတိုးရေးထက် တောင်သူများ နည်းပညာဆိုင်ရာဗဟုသုတတိုးတက်ရေး ပထမဦးစားပေးဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရာတွင် သီးနှံအထွက်နှုန်းတိုးရေးထက် တောင်သူများ နည်းပညာဆိုင်ရာ ဗဟုသုတတိုးတက်ရေးကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ရန်လိုကြောင်း၊ မျိုးစေ့လိုအပ်ချက်၊ စိုက်စရိတ်လိုအပ်ချက်နှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည့်နည်းတူ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတများ ဖြန့်ဖြူးပေးခြင်းကို သက်ဆိုင်ရာ ပညာရှင်ဝန်ထမ်းများက အားထုတ်ကြိုးပမ်းပေးကြစေလိုကြောင်း မုံရွာခရိုင် ချောင်းဦးမြို့နယ်ရှိ ပေါက်အင်းစိုက်ကွင်း၌ ကျင်းပသည့် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲက တာဝန်ယူဆောင်ရွက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်ရှိ ပေါက်အင်းစိုက်ကွင်းတွင် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ကွင်း၏ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ GAP စနစ်ဖြင့် ပဲမျိုးစုံစိုက်ပျိုးခြင်း နည်းပညာများနှင့် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားများ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဒေသနေတောင်သူများ၏ ကြုံတွေ့နေရသော အခက်အခဲများနှင့် သိရှိလိုသည်များ တင်ပြဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် စိုက်ကွင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဂျုံသီးနှံ၊ ကုလားပဲသီးနှံမျိုးစေ့ထုတ်စိုက်ခင်းများကိုလည်းကောင်း၊ တောင်သူများ အရစ်ကျစနစ်ဖြင့် အလွယ်တကူဝယ်ယူအသုံးပြုနိုင်ရန် ကုမ္ပဏီများက ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများကို လည်းကောင်း၊ စိုက်ပျိုးရေးသွင်းအားစု မျိုးစုံတို့ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ပေါက်အင်းစိုက်ကွင်းသည် ဌာနပိုင်မျိုးစေ့ထုတ်စံပြစိုက်ကွင်းဖြစ်ပြီး ဂျုံမျိုးစေ့ထုတ် ဧက ၁၀၀၊ ကုလားပဲမျိုးစေ့ထုတ် ဧက ၄၀၀ တို့မှ စိုက်ပျိုးထွက်ရှိလာသော မျိုးသန့် မျိုးစေ့များကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများအတွင်းရှိ တောင်သူများ၏ မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ကွင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဂျုံသီးနှံနှင့် ကုလားပဲသီးနှံ မျိုးစေ့ထုတ်လုပ်ငန်း အပါအဝင် စုစုပေါင်း သီးနှံစိုက်ဧရိယာ ဧက ၂၀၀၀ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဆရာမြသန်းတင့် ကွယ်လွန်ခြင်း အနှစ်(၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနား ရန်ကုန် စာအုပ်လမ်းတွင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ဆရာမြသန်းတင့် ကွယ်လွန်ခြင်း အနှစ်(၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း၌ ကျင်းပရာ စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဆရာကြီး ဗိုလ်ကလေးတင့်အောင်က ဆရာမြသန်းတင့်အတွက် အမှတ်တရရေးသားထားသော "သတိရပါတယ် မြသန်းရယ်" အမှတ်တရစာ (ဆောင်းပါး)ကို ပွဲကျင်းပရေး ကော်မတီဝင်တစ်ဦးက ဖတ်ကြားပြီး ကဗျာဆရာ မောင်သွေးသစ်က ဆရာမြသန်းတင့်၏ စိတ်နေသဘောထား၊ စာပေအပေါ် ခံယူချက်များနှင့်ပတ်သက်၍ ပြည်သူများ မသိရှိသေးသော အကြောင်းအရာများကို အမှတ်တရစကားပြောကြားသည်။

ထို့နောက် ဆရာမောင်ကိုကို (အမရပူရ)၊ ဆရာမိုးဇော်၊ ဆရာစိုင်းဝင်းမြင့်တို့က ဆရာမြသန်းတင့် ရေးသားခဲ့သော ကဗျာများကို အမှတ်တရ ရွတ်ဆိုကြပြီး ဆရာမ ငယ်မင်းထိုက်က ဆရာမြသန်းတင့် ရေးသားခဲ့သည့် အက်ဆေးတစ်ပုဒ်ကို ဖတ်ကြားသည်။

ယနေ့ အခမ်းအနားနှင့် ပတ်သက်၍ ကဗျာဆရာ မောင်သွေးသစ်က "ကျွန်တော်တို့ စာပေလောကမှာ အယူအဆနှစ်မျိုးရှိတယ်၊ စာပေဟာ စာပေအတွက်ပဲဖြစ်ရမယ်၊ စာပေဟာ အနုပညာအတွက် ဖြစ်ရမယ်ဆိုတဲ့ အယူအဆမျိုး ရှိကြတယ်။ ဆရာမြသန်းတင့်ကတော့ စာပေဟာ ပြည်သူ့အတွက်ပဲဖြစ်ရမယ်ဆိုတဲ့ အယူအဆမျိုး ရှိပါတယ်၊ တစ်ဖက်မှာလည်း သူဟာ နိုင်ငံရေးယုံကြည်ချက်ရှိသူ တစ်ဦးပါ။ အဲဒီလို ယုံကြည်ချက်ကြောင့် သူရဲ့ စာမျက်နှာမှာ ရသလောက် ရေးသွားပါတယ်၊ ဒါကြောင့် ဆရာမြသန်းတင့်အပေါ်မှာ ကျွန်တော်ဟာ နိုင်ငံရေးအရ သော်လည်းကောင်း၊ စာရေးဆရာ တစ်ဦးအနေနဲ့သော် လည်းကောင်း လေးစားမှုအများကြီးရှိပါတယ်" ဟု ပြောသည်။



အဆိုပါ အခမ်းအနားကို ဆရာမြသန်းတင့်အား ချစ်မြတ်နိုးကြသူများက စုပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အခမ်းအနားတွင် အမှတ်တရပစ္စည်းများ ရောင်းချခြင်း၊ ဆရာမြသန်းတင့် ရေးသားခဲ့သော စာအုပ်များကို ရောင်းချခြင်းနှင့် ဆရာမြသန်းတင့်၏ ပုံတူပန်းချီကားများကို လေလံစနစ်ဖြင့် ရောင်းချခြင်းတို့အပြင် တက်ရောက်လာကြသူများအား ဆရာမြသန်းတင့် ရေးသားခဲ့သော စာအုပ်များကို အမှတ်တရ မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# ပျူခေတ်လက်ရာ ရှေးဟောင်းဒင်္ဂါးပြားများ တွေ့ရှိ

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် တမာတန်းကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၏ အရှေ့မြောက်ဘက် တမာတန်းကွင်းအမှတ် ၁၅၆၉ ရှိ မင်းကုန်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းရန် ရေမြောင်းတူးရာမှ ဒင်္ဂါးပြား ၂၂၄ ပြား တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ရှိခဲ့သည့် ဒင်္ဂါးပြား ၂၂၄ ပြားမှာ ရှေးဟောင်းငွေဒင်္ဂါးပြားများဟုယူဆရသောကြောင့် မန္တလေးမြို့ရှိ ရှေးဟောင်းသုတေသနဌာနသို့ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ယင်းဒင်္ဂါးပြားများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဝင်းပါသော အဖွဲ့များက ဖေဖော်ဝါရီ ၁၇ ရက်တွင် လာရောက်၍ စာရင်းကောက်ယူခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်းများနှင့် သွားရောက်စစ်ဆေးခြင်းများ လုပ်ဆောင်ခဲ့ပြီး ဒင်္ဂါးပြားများမှာ ပျူခေတ်လက်ရာများဖြစ်ကြောင်း သုံးသပ်ကာ နိုင်ငံတော်သို့အပ်ပါက ဆုကြေးငွေ ချီးမြှင့်မည်ဖြစ်ပြီး ထိန်းသိမ်းထားလိုပါက ထိန်းသိမ်းခွင့်လျှောက်ထားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းငွေဒင်္ဂါးပြားကို လာရောက်အပ်နှံလိုပါကလည်း လာရောက်အပ်နှံနိုင်သော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး) လိပ်စာများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ဒုရဲအုပ်လောင်းသင်တန်းသား သင်တန်းသူများ လာရောက်လေ့လာ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ဇီးပင်ကြီးရွာရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၌ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၀/၂၀၁၇)သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများက ဖေဖော်ဝါရီ ၁၆ ရက်တွင် အောင်မြေသာစံမြို့နယ် အမှတ်(၅) မြို့မရဲစခန်းသို့ ရဲလုပ်ငန်းများကို လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

ထို့နောက် လေ့လာရေး၌ လိုက်ပါလာကြသည့် သင်တန်းသူ အရာရှိလောင်း ၅၄ ဦး၊ ကြီးကြပ်သူယာယီရဲမှူး ဝါဝါစိန်၊ ရဲအုပ်မြတ်စံပယ်ဖြူတို့ ဦးဆောင်လျက် အမှတ်(၅) မြို့မရဲစခန်းသို့ ရဲလုပ်ငန်းစဉ်များ လုပ်ကိုင်နေမှုအား လာရောက်လေ့လာကြပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မိုးသူ၊ နယ်ထိန်း ခေါင်းဆောင်ရဲအုပ်မင်းသူတို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် အရှေ့ရပ်ကွက် ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေး မှုခင်းပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ဒုတိယပတ်က ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦးက ဆွေးနွေးဟောပြောစဉ်။

၃၄၉

# တောဆင်ရိုင်းများ သတ်ဖြတ်မှုမှကာကွယ်ရန် တရားမဝင် တူမီးသေနတ်ကိုင်ဆောင်မှု မှတ်တမ်းပြုစုသင့်

**ရေတာရှည် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ သစ်တောကြိုးဝိုင်းများအတွင်း ကောင်ရေအနည်းငယ်သာ ကျန်ရှိတော့သည့် တောဆင်ရိုင်းများကို တူမီးသေနတ်ဖြင့် ပစ်ခတ်ခြင်း၊ အဆိပ်လူးမြားဖြင့်ပစ်ခတ်သတ်ဖြတ်၍ အရေခွံများခွာယူမှု သတင်းများမကြာခဏကြားသိနေလျက်ရှိရာ တောဆင်ရိုင်းများနှင့် အခြားသော သဘာဝအတိုင်းကျင်လည်ကျက်စားလျက်ရှိသော တိရစ္ဆာန်များကိုကာကွယ်စောင့်ရှောက်ရန် တရားမဝင် တူမီးသေနတ်ကိုင်ဆောင်ခြင်းကို ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း၊ သစ်တောကြိုးဝိုင်းများအတွင်း မှီတင်းနေထိုင်လျက်ရှိသော ဒေသခံများကို ပညာပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့အပြင် တောလိုက်မုဆိုးများ၏ စာရင်းများကို သေချာစွာ ပြုစုထားသင့်ကြောင်း သုံးသပ်ပြောကြားမှုများ ရှိနေသည်။

ပဲခူးရိုးမတောကြီးအတွင်း တောဆင်ရိုင်းများ သတ်ဖြတ်မှုမှာ ရှေးယခင်ကတည်းကပင်ရှိနေခဲ့ရာ ဆင်သတ်ဂိုဏ်းများကို အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးခဲ့ပြီးသည့် နောက်ပိုင်းများစွာလျော့ကျသွားသည်။

"ခပေါင်းဆည်အထက်ပိုင်းတွေမှာ တောဆင်ရိုင်း ငါးကောင်ကနေ ခြောက်ကောင်အထိ အုပ်တွေရှိနေသေးတာကို တွေ့ရတယ်၊ ကျွန်တော်တို့က ဆည်ရဲ့အထက်ပိုင်း လျှိုမြောင်တွေထဲမှာ ငါးရှာတဲ့ အလုပ်လုပ်တာ ဆင်ရိုင်းအုပ်နဲ့တွေ့လို့ ပြန်ပြေး လာခဲ့ရတယ်" ဟု ရေတာရှည်မြို့နယ် ခင်တန်းလေးကျေးရွာနေ တံငါလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

သစ်တောကြိုးဝိုင်းဒေသများနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများသည် အခြားသော အလုပ်အကိုင်အခွင့်အလမ်းများ မရှိသည့်အတွက် ရိုးမတောကြီးအတွင်းသို့ ဝင်ရောက်၍ တောဆင်ရိုင်းများကို သတ်ဖြတ်ခြင်း၊ အခြားသော တိရစ္ဆာန်များကို သတ်ဖြတ်ကာ စားသောက်ဆိုင်များသို့ ပြန်လည်ရောင်းချခြင်းဖြင့် ဝင်ငွေ ရှာဖွေကြခြင်းဖြစ်သည်။ တရားမဝင် တူမီးသေနတ် ကိုင်ဆောင်မှုများကို စီမံချက်ချ၍ အရေးယူဆောင်ရွက်နိုင်မှုမလုပ်နိုင်ပါက တောဆင်ရိုင်းများမှာ မကြာမီကာလအတွင်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြန်မာဓာတ်ပုံဆရာများအမည်ရှိ ဓာတ်ပုံပြပွဲ ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ကိုလိုနီခေတ် ဓာတ်ပုံများအပါအဝင် မြန်မာနိုင်ငံသား ဓာတ်ပုံဆရာများ ရိုက်ကူးခဲ့သော ဓာတ်ပုံများကို "မြန်မာဓာတ်ပုံဆရာများ" အမည်ဖြင့် ယနေ့ နံနက်ပိုင်းမှစတင်၍ မတ် ၁၁ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်များရုံး၌ ဓာတ်ပုံပြပွဲ ကျင်းပလျက်ရှိသည်။



မြန်မာ့ဓာတ်ပုံသမိုင်းကို ပုံဖော်တင်ဆက်ထားသည့် မြန်မာဓာတ်ပုံဆရာများ ဓာတ်ပုံပြပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်တွင်းပြည်ပမှ ဓာတ်ပုံဝါသနာရှင်များကို တွေ့ရစဉ်။

အဆိုပါပြပွဲကို ဂျာမန်ဘာသာစကားနှင့် ယဉ်ကျေးမှုဌာန (GOETHE INSTITUT) က ကြီးမှူး၍ ဂျာမနီနိုင်ငံသား Lukas Birk က ၎င်း စုဆောင်းထားသော ဓာတ်ပုံမော်ကွန်းများမှရွေးချယ်၍ ကိုလိုနီခေတ်မှ ယနေ့ခေတ်အထိ မြန်မာ့ဓာတ်ပုံသမိုင်းကို ပုံဖော် တင်ဆက်ထားခြင်းဖြစ်သည်။ အဆိုပါဓာတ်ပုံပြပွဲသည် ယခုနှစ်တွင် ကျင်းပနေသည့် ရန်ကုန်ဓာတ်ပုံပွဲတော်တွင် ပါဝင်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်းသိရသည်။

ယနေ့ပြပွဲနှင့် ပတ်သက်၍ ဓာတ်ပုံများကို စုဆောင်းခဲ့သူ ဂျာမနီနိုင်ငံသား Lukas Birk က "မြန်မာနိုင်ငံမှာ ရှိတဲ့ ဓာတ်ပုံဆရာတွေနဲ့ ပတ်သက်ပြီး သမိုင်းကြောင်းတွေ သီးသန့်စုဆောင်းထားတာမျိုးမတွေ့ရသေးပါဘူး၊ မြန်မာ့သမိုင်းကြောင်းမှာရှိခဲ့တဲ့ ဓာတ်ပုံဆရာတွေက ပျောက်လုနီးပါးဖြစ်နေပါတယ်၊ အဲဒါကြောင့် သမိုင်းဓာတ်ပုံတွေကို ပြန်လည်စုဆောင်းပြီး အခုလို ပြသတာဖြစ်ပါတယ်၊ စုဆောင်းထားတာ အားလုံးပေါင်း တစ်ထောင်ကျော်လောက် ရှိပါတယ်၊ အခုပြသထားတာက လေးရာကျော်လောက်ရှိပါတယ်၊ အဲဒီအထဲမှာ သတင်းစာရှင်းလင်းပွဲကပုံမျိုး မဟုတ်ဘဲ အလှဓာတ်ပုံတွေ၊ ဗိုလ်ချုပ်တို့ အစည်းအဝေးထိုင်နေတဲ့ပုံမျိုးတွေ တော်တော်ပါတယ်"ဟု ပြောသည်။

အဆိုပါဓာတ်ပုံပြပွဲတွင် မြန်မာနိုင်ငံ၌ ပထမဆုံးဓာတ်ပုံဆရာအဖြစ် အိန္ဒိယနိုင်ငံမှ ဓာတ်ပုံဆရာ၏ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ရိုက်ကူးခဲ့သည့် သမိုင်းဝင်ဓာတ်ပုံများအပါအဝင် မြန်မာဓာတ်ပုံဆရာများ၏ သမိုင်းဝင်ဓာတ်ပုံများ၊ ခေတ်အဆက်ဆက် အနုပညာရှင်များ၏ အလှဓာတ်ပုံများ၊ ၁၉၁၀ ပြည့်နှစ်ဝန်းကျင်ခန့်မှစတင်၍ ယနေ့အချိန်အထိ မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ ရိုက်ကူးခဲ့သော သမိုင်းဝင်ဓာတ်ပုံများကို ချိတ်ဆွဲပြသထားသည့်များများကို ကျွန်တော် အကြိုက်တွေ့ပါတယ်၊ အဲဒီလိုပုံမျိုးတွေကိုပဲ ပြသထားတာပါ၊ အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့အတွက် နောက်ပိုင်းမှာလည်း ဓာတ်ပုံတွေကို ဆက်လက်စုဆောင်းသွားပြီး ဒီထက်ပိုပြည့်စုံတဲ့ပွဲမျိုး လုပ်ချင်အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဝင်ဓာတ်ပုံများကို အဖြူ၊ အမည်း ပုံရိပ်ပြစက်ဖြင့် စတူဒီယိုအခန်းအတွင်း၌ ပြသလျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံများ ပြသထားမှုအပေါ် အဆိုပါပွဲဖြစ်မြောက်ရေးတွင် ပါဝင်သူ (ဂျာမန်ယဉ်ကျေးမှုဌာန) မှ ကိုဝင်းထက်က "အဓိကကတော့ မြန်မာနိုင်ငံမှာ ၁၉၁၀ ဝန်းကျင်လောက်က ဓာတ်ပုံဆရာရဲ့ဓာတ်ပုံတွေကို ပြသတာပါ၊ ကိုလိုနီခေတ်က ဓာတ်ပုံဆရာတွေထဲမှာ မြန်မာတွေတော်တော်နည်းပါတယ်၊ အနောက်နိုင်ငံတွေက ဓာတ်ပုံဆရာတွေပဲများခဲ့ပါတယ်၊ နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ မြန်မာဓာတ်ပုံဆရာတွေများလာတာပါ၊ အဲဒီအချိန်က မြန်မာဓာတ်ပုံဆရာတွေ ဘယ်လိုဓာတ်ပုံတွေကို ဘယ်လိုဓာတ်ပုံပညာတွေသုံးပြီး ရိုက်ခဲ့တယ်ဆိုတဲ့ပုံတွေကို သီးသန့်စုစည်းပြီး ပြသထားတာပဲဖြစ်ပါတယ်၊ အရင်တုန်းက ဓာတ်ပုံဆရာတွေရဲ့ သမိုင်းကြောင်းတွေအပြင် လက်ရှိ မြန်မာနိုင်ငံမှာရှိနေတဲ့ ဓာတ်ပုံဆရာတွေရဲ့ အရည်အချင်းကို ပြန်လည်ဖော်ထုတ်တဲ့ပွဲပဲဖြစ်ပါတယ်၊ ပြသထားတဲ့ ဓာတ်ပုံတွေအားလုံးကလည်း ထူးခြားတဲ့အတွက် လာရောက်ကြည့်ရှုဖို့ဖိတ်ခေါ်ပါတယ်၊ အခုလို ပြသခြင်းအားဖြင့် မြန်မာ-ဂျာမနီ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်လည်းများစွာ အထောက်အကူဖြစ်ပါလိမ့်မယ်"ဟု ပြောသည်။

အဆိုပါဓာတ်ပုံပြပွဲသို့ ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာကြည့်ရှုလျက်ရှိပြီး ပြပွဲကို ယနေ့မှစ၍ မတ် ၁၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီ မှ ညနေ ၅ နာရီအထိ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး**





မြန်မာဓာတ်ပုံဆရာများ ဓာတ်ပုံပြပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်တွင်းပြည်ပမှ ဓာတ်ပုံဝါသနာရှင်များကို တွေ့ရစဉ်။

# နှစ် (၇၀) ပြည့် ချင်းအမျိုးသားနေ့ ကျင်းပနိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် နှစ် (၇၀)ပြည့် ချင်းအမျိုးသားနေ့ ကျင်းပနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက ပြောသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်း ချင်းလူမျိုးတွေနေထိုင်တဲ့ မြို့နယ်တွေမှာ ချင်းအမျိုးသားနေ့ကို ကျင်းပကြမှာ ဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်မှာဆိုလို့ရှိရင် ချင်းလူမျိုးတွေနေထိုင်တဲ့ မြို့နယ် ၁၃ မြို့နယ်ရှိပါတယ်၊ ဒီမြို့နယ်တွေမှာနေထိုင်တဲ့ ကျွန်တော်တို့ ချင်းတိုင်းရင်းသားလူမျိုးတွေဟာ ချင်းအမျိုးသားနေ့ကို အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့တာတွေလည်း ရှိနိုင်ပါတယ်၊ ဒီနှစ်မှာဆိုရင် ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့က မိမိတို့မြို့နယ်မှာရှိတဲ့ ချင်းတိုင်းရင်းသားတွေ အချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ ချင်းအမျိုးသားနေ့ကိုကျင်းပနိုင်ဖို့အတွက် တစ်မြို့နယ်ကို ငွေကျပ် ၁၀ သိန်းစီနဲ့ ၁၃ မြို့နယ်အတွက် ငွေကျပ် သိန်း ၁၃၀ ကို ပံ့ပိုးပေးပါတယ်၊ အခုလို ကျွန်တော်တို့ ချင်းတိုင်းရင်းသားတွေရဲ့ အမျိုးသားနေ့ကို မြို့နယ်တွေမှာ ကျင်းပနိုင်ဖို့အတွက် ပံ့ပိုးကူညီပေးတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ချင်းတိုင်းရင်းသားလူမျိုးတစ်ယောက်အနေနဲ့ရော ချင်းတိုင်းရင်းသားတွေအတွက်ရော အထူးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက ပြောသည်။

ရခိုင်ပြည်နယ်တွင် ချင်းတိုင်းရင်းသားလူမျိုးများသည် စစ်တွေ၊ ကျောက်တော်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ အမ်း၊ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်၊ သံတွဲနှင့် ဂွမြို့နယ်များတွင် ဖြန့်ကြက်နေထိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**



# ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာပြီး လုပ်ငန်းတာဝန်များ ကျေပွန်စွာဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က အမှုများကို ဥပဒေနှင့်အညီ မြန်မြန်နှင့်မှန်ကန်မျှတစွာ စစ်ဆေး စီရင်ရန်၊ ကြန့်ကြာနေသော မှုခင်းများကျဆင်းရေးအတွက် ဦးစားပေးဆောင်ရွက်သွားကြရန်၊ တရားသူကြီးများသည် ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရန်၊ တရားစီရင်ရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်၊ ပြည်သူအများ ယုံကြည်ကိုးစားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ချမ်းမြသာစည်မြို့နယ်၌ လေပန်ကာအပူလွန်ကဲ၍ နေအိမ်သုံးလုံး မီးလောင်မှုဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် ဇွန်လမ်းနှင့် ပိတောက်လမ်းကြား လမ်း ၆၀ နှင့် ၆၁ လမ်းကြားရှိ ဒေါ်စန္ဒာထွေး၏ နေအိမ်၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က လေပန်ကာအပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က အိမ်ရှင် ဒေါ်စန္ဒာထွေး၏ နေအိမ်တွင် တပ်ဆင်ထားသော လေပန်ကာအတွင်းရှိ ကွိုင်အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။ အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၂၈၀၊ ဒေသခံပြည်သူများ၊ ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် အစီး ၄၀၊ ရေသယ်ယာဉ် ၁၀ စီး၊ အကူယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် တစ်စုံတစ်ယောက်မျှ ထိခိုက်မှုမရှိဘဲ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ချမ်းမြသာစည်မြို့နယ် အမှတ်-၁၁ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်စံမောင်**

# ဖလမ်းမြို့နယ် လိုင်းလွန်ဘက်စုံဖွံ့ဖြိုးရေးစင်တာ အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၁၈**

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖလမ်းမြို့နယ် လိုင်းလွန်ဘက်စုံဖွံ့ဖြိုးရေးစင်တာ အဆောက်အအုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာတော် ဒေါက်တာ လောဟာလိန်းနှင့် ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့(မြောက်အမေရိက) ဥက္ကဋ္ဌ ဦးဖွန်ကာလ်ထန်းတို့က ဖလမ်းမြို့နယ် လိုင်းလွန် ဘက်စုံဖွံ့ဖြိုးရေးစင်တာ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး သိက္ခာတော်ရဆရာတော် ဒေါက်တာ လောဟာလိန်းက ဆုတောင်း ဆက်ကပ်သည်။

ထို့နောက် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို အဆိုပါ အဆောက်အအုံသစ်ခန်းမ၌ ဆက်လက်ကျင်းပရာ ချင်းဓမ္မတက္ကသိုလ်၊ ဒုတိယကျောင်းအုပ် သိက္ခာတော်ရဆရာတော် ဒေါက်တာ အန်ထော်နီထောင်းလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ (မြောက်အမေရိက) အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာတော် စသင်လာလ်တို့က အမှာစကားပြောကြားကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက စင်တာအတွက် အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြ၍ ကျောင်းအုပ်ကြီး သိက္ခာတော်ရဆရာတော် ဂျိုအဲလ်ဇာလှယ်ကပ်က အဆောက်အအုံသစ်ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။



ဖလမ်းမြို့နယ် လိုင်းလွန်ဘက်စုံဖွံ့ဖြိုးရေးစင်တာသည် ဒေသခံချင်းတိုင်းရင်းသားများ၏သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း သင်ယူလေ့လာနိုင်သည့် နေရာဒေသအဖြစ် ဖော်ဆောင်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး ပေ (၇၀×၃၀) ရှိ RC သုံးထပ် အဆောက်အအုံဖြစ်ကာ ကုန်ကျငွေကျပ်သန်း ၂၃၀ ခန့်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မိတ္ထီလာမြို့ ပေါက်ချောင်းဈေးအား စည်ပင်ဖြည့်စွက်ရန်ပုံငွေ ငွေကျပ် ၄၉ သန်းကျော်ဖြင့် ဈေးရုံအသစ်တည်ဆောက်မည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၈**

မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် ပေါက်ချောင်းဈေးအား စည်ပင်ဖြည့်စွက်ရန်ပုံငွေ ငွေကျပ် ၄၉ သန်းကျော်ဖြင့် အသစ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပြုပြင်မှာဟုတ်ပါတယ်၊ ယခုရှိနေတဲ့ ဈေးရုံအဟောင်းတွေကို ဖယ်ရှားပြီး ဈေးရုံအသစ် တည်ဆောက်ဆောင်ရွက်မှာပါ၊ ဈေးကြီးမှာ သွားရောက်ပြီး ပိတ်ကျပ်တာတွေကို အနည်းငယ် လျှော့ချနိုင်ဖို့နဲ့ ဈေးရောင်း ဈေးဝယ် ပြည်သူတွေ အဆင်ပြေချောမွေ့စေဖို့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တာပါ၊ ဈေးရဲ့တောင်ဘက်၊ မြောက်ဘက်လမ်းတွေက မိုးရာသီမှာ ရေဝပ်တဲ့အတွက် ဈေးကို ကွန်ကရစ်လမ်းခင်းပါမယ်၊ ကွန်ကရစ်လမ်းအတွက် စည်ပင်ဖြည့်စွက်ရန်ပုံငွေက သက်သက်ပါ၊ ပေါက်ချောင်းဈေးကို အဆင့်မြှင့်တင်တာအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စည်ပင်ဖြည့်စွက်ရန်ပုံငွေက ငွေကျပ် ၄၉ သန်းကျော်ပါ"ဟု မိတ္ထီလာ မြို့စည်ပင်သာယာရေးကော်မတီ ဦးအောင်ကြိုင်က ပြောသည်။

မိတ္ထီလာမြို့ပေါက်ချောင်းဈေးအား အဆင့်မြှင့်တင် အသစ်တည်ဆောက်ပြီးစီးပါက မိတ္ထီလာမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းရုံးများသည် မြို့၏ အနောက်ဘက်ခြမ်းတွင် ရုံးစိုက်တည်ရှိသောကြောင့် ပေါက်ချောင်းရပ်ကွက် ပေါက်ချောင်းဈေး၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိတ္ထီလာတက္ကသိုလ်မှ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ များ ဈေးဝယ်ယူရာတွင် လွယ်ကူမည်ဖြစ်ကြောင်းနှင့် မိတ္ထီလာမြို့မဈေးတွင် ဈေးဝယ်ကျပ်သိပ်ခြင်းများအား လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် မိတ္ထီလာမြို့၌ ဈေးရုံသုံးရုံတည်ရှိပြီး အဟောင်းများဖျက်၍ ဈေးရုံအသစ်တည်ဆောက်ပြီးစီးပါက ဈေးရုံဟောခန်းအတွင်းတွင် အမြဲတမ်းရောင်းချလျက်ရှိသော ဈေးသည် ၂၈၀ ခန့်ကို နေရာချထားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



မိတ္ထီလာမြို့ ပေါက်ချောင်းဈေးအား မပြုပြင်မီတွေ့ရစဉ်။

# ဖြူးချောင်းရေလှောင်တမံတွင် ဘူမိဗေဒဆိုင်ရာ တိုင်းတာမှုများအရ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုမရှိဘဲ တောင့်တင်းခိုင်မာမှု အပြည့်အဝရှိဟု သိရ

**ဖြူး ဖေဖော်ဝါရီ ၁၈**

ဇန်နဝါရီ ၁၂ ရက်က ဖြူးမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာတွင် လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့် ငလျင်တစ်ခုလှုပ်ပြီး နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခဲ့သော်လည်း ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်များမှာ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိဘဲ တောင့်တင်းခိုင်မာမှုအပြည့်အဝရှိနေကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အင်အားအသင့်အတင့်ငလျင်လှုပ်ပြီး ဖေဖော်ဝါရီ ၇ ရက်အထိ နောက်ဆက်တွဲ မြေငလျင် ၁၄ ကြိမ်လှုပ်ခဲ့ကြောင်း ဖြူးတမံတွင် တပ်ဆင်ထားသော ငလျင်တိုင်းတာရေးစက်မှ တစ်ဆင့် တိုင်းတွာရရှိမှုအရ သိရသည်။ ထိုသို့ ငလျင်လှုပ်မှုများနှင့် ပတ်သက်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေလှောင်တမံနှင့် ရေလွှဲဆည်များအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ထိုကဲ့သို့ ငလျင်လှုပ်မှုများ ရှိနေသဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ငလျင်လှုပ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဌာနက တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေ သွားရောက်ကြည့်ရှုစစ်ဆေးတယ်၊ မျက်မြင်စစ်ဆေးမှုတွေအရ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမျိုး မရှိပါဘူး၊ အဲ့ဒီမှာ ဝန်ထမ်းတွေလည်း စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဖြူးချောင်းရေလှောင်တမံ၏ တမံကိုယ်ထည်အတွင်းပိုင်း၊ တမံကိုယ်ထည်နှင့် ဆက်စပ်နေသော အစိတ်အပိုင်းများ မည်ကဲ့သို့ ပြောင်းလဲသက်ရောက်မှုများ ဖြစ်ပေါ်နေသည်ကို သိရှိနိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဘူမိဗေဒရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် ဦးစီးအရာရှိ ဦးစောလှသန်းတို့ ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ဖြူးတမံတွင် ဘူမိရုပ်အသွင် ပုံရိပ်ဖော်စက်များနှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ အသေးစိတ်တိုင်းတာမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ ထိုသို့တိုင်းတာစစ်ဆေးမှုအရ ငလျင်လှုပ်ခတ်ခဲ့သော်လည်း ဖြူးတမံကိုယ်ထည်ပိုင်းနှင့် တမံအောက်ခံမြေသား အခြေအနေမှာ ပြောင်းလဲခြင်း တစ်စုံတစ်ရာမတွေ့ရဘဲ တောင့်တင်းခိုင်မာမှု အပြည့်အဝရှိကြောင်း သိရသည်။



ဖြူးတမံတွင် ဘူမိရုပ်အသွင် ပုံရိပ်ဖော်စက်များနှင့် ခေတ်မီ နည်းပညာများ အသုံးပြု၍ အသေးစိတ်တိုင်းတာမှုများ ပြုလုပ်စဉ်။

**မောင်မွှေး**

## နိုင်ငံတော်သြဝါဒါစရိယ ချောင်းဆုံမြို့နယ် ရွာလွတ်ရွာ နိဂြောဓာရာမ(ညောင်ပင်)ကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တက္ကန္ဒောဘာသ ဘဝနတ်ထံပျံလွန်မှု

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ရွာ နိဂြောဓာရာမ(ညောင်ပင်)ကျောင်းတိုက်ဦးစီးပဓာနနာယက **ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ** နိုင်ငံတော်သြဝါဒါစရိယ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသသည် သက်တော်(၁၀၀)နှစ် သိက္ခာတော်(၈၀)ဝါအရ ၁၃၇၉ ခုနှစ် တပို့တွဲ လပြည့်ကျော်(၁၂)ရက် (၁၂-၂-၂၀၁၈)တနင်္လာနေ့ နံနက်(၁၁း၁၅) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်မှုကြောင်း နှင့်(၂၅-၂-၂၀၁၈)နေ့တွင် အန္တိမအဂ္ဂိစျာပနအခမ်းအနား ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ရွာ နိဂြောဓာရာမ(ညောင်ပင်)ကျောင်းတိုက် ဦးစီးပဓာန နာယက ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တက္ကန္ဒောဘာသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ရွာ ခမည်းတော် နိုင်ပန်းရွှေ+ မယ်တော် မိစိန်အိတို့မှ ၁၂၈၀ ခုနှစ် ဝါဆိုလဆန်း (၂)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်တွင် ချောင်းဆုံမြို့နယ် ရွာလွတ်ရွာနေ နိဂြောဓာရာမ (ညောင်ပင်)ကျောင်းတိုက် မဟာရင်ဂိုဏ်း၏ ပဌမမြောက် ဂဏာဓိပတိ ဘဒ္ဒန္တမဟိန္ဒကို ဥပဇ္ဈာယ်ပြုလျက် နိုင်ကြာခိုင်+ မိနီတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ရွာ ပဗ္ဗတမင်္ဂလာရာမကျောင်းဆရာတော် ဘဒ္ဒန္တနာဝသေန မဟာထေရ်၊ ရွာလွတ်ရွာ နိဂြောဓာရာမ(ညောင်ပင်) ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဟိန္ဒမဟာထေရ်နှင့် စာချဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ဘဒ္ဒန္တက္ကန္ဒဝဇိရတို့၏ အထံတော်၌ ပရိယတ်အခြေခံကျမ်းစာများကို သင်ယူခဲ့ပြီး ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် မဟာရာမိကကျောင်းဆရာတော်၊ မန္တလေးမြို့ အောင်မြေရွှေဘုံတိုက် ဆရာတော်နှင့် အမရပူရ(တောင်)မြို့ မင်္ဂလာတိုက်သစ်ကျောင်း ဆရာတော်များထံတော်၌ ပိဋကတ်ဆိုင်ရာ အထက်တန်းကျမ်းစာများကို သင်ယူလေ့လာခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၄၁ ခုနှစ်မှ ၁၃၅၆ ခုနှစ်အထိ ချောင်းဆုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မဟာရင်)အဖြစ် လည်းကောင်း၊ ၁၃၅၇ ခုနှစ်မှ ၁၃၇၇ ခုနှစ်အထိ မွန်ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(မဟာရင်)အဖြစ် လည်းကောင်း၊ ၁၃၇၈ ခုနှစ်မှ ယနေ့အချိန်ထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် လည်းကောင်း တာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် အများပြည်သူ၊ ရဟန်း၊ ရှင်၊ လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးနှင့် ပြည့်စုံခြင်း စသည့် ဂုဏ်အင်္ဂါတို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသအား ၁၃၆၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၁၃၇၉ ခုနှစ်တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း အလှူခံရရှိတော်မူပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၁၀၀)နှစ် သိက္ခာတော်(၈၀)ဝါအရ ၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော်(၁၂)ရက် (၁၂-၂-၂၀၁၈)တနင်္လာနေ့ နံနက်(၁၁း၁၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်မှုကြောင်းနှင့် (၂၅-၂-၂၀၁၈)နေ့တွင် အန္တိမအဂ္ဂိစျာပနအခမ်းအနား ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

**မိုး/ဇလ**

# ကွတ်ခိုင်မြို့နယ်အတွင်း ငွေကျပ်သိန်းပေါင်း ၉၉၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာအနီး၌ မူးယစ်ဆေးဝါး ထုတ်လုပ်နေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများနှင့် ကွတ်ခိုင်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက် မှစတင်၍ နယ်မြေဖြန့်ခွဲရှင်းလင်းခဲ့ရာ ငွေကျပ်သိန်းပေါင်း ၉၉၆၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ လွယ်ခန်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ နေရာလေးခုအား ဖြန့်ခွဲရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါး ချက်လုပ်သည့် ယာယီအဆောက်အအုံ ၃၄ လုံး၊ မီးစက်ကြီး၁၂ လုံး၊ FREEZER ၂၂ လုံး၊ အက်စစ်ပီပါ ၂၁၀၊ ဒီဇယ်ပီပါ ၁၆၅ လုံး၊ ခါတ်ဆီပီပါ ၆၀၊ ပေါင်းအိုး ၃၂ လုံး၊ အက်စစ်ပုလင်း ၂၀၀ ၊ နှစ်လီတာဆံ့ အက်စစ်ဘူး ၆၀၀၊ ကော့စတစ်ဆိုဒါ အိတ် ၇၅၀၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် ပုံး ၁၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၁၀၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၃ ကီလိုဂရမ်၊ ဘိန်းညို ၄၃ ကီလိုဂရမ်၊ ကဖင်း ၁၀၀၃၀ ကီလိုဂရမ်၊ အဖက်ဒရင်း/ဆူဒိုအဖက်ဒရင်း ၁၃၇၅ ကီလိုဂရမ်၊ အိုက်စ် ၂၅၉ ကီလို ဂရမ်၊ ဘိန်းဖြူ ၁၂၀ ကီလိုဂရမ်နှင့် ဆက်စပ်ပစ္စည်း ၂၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၉၉၆၀၀ ကျော်တို့အား ရှာဖွေဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါနေရာနှင့် အနီးပတ်ဝန်းကျင် တစ်ဝိုက်အား ပူးပေါင်းအဖွဲ့များက ဆက်လက်ရှာဖွေ ရှင်းလင်းလျက်ရှိပြီး သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ကွတ်ခိုင်မြို့ရှိ မူးယစ်တပ်ဖွဲ့သို့ စနစ်တကျလွှဲပြောင်း အပ်နှံသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကွတ်ခိုင်မြို့အနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

# တောမီးမှတစ်ဆင့် ကြက်နှင့် ဝက်မွေးမြူရေးခြံများ မီးကူးစက်လောင်ကျွမ်း

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက တောမီးလောင်ရာမှတစ်ဆင့် တောစပ်အနီးရှိ ကြက်မွေးမြူရန် ဆောက်လုပ်ထားသည့် ကြက်ခြံများ၊ ဝက်များ မွေးမြူထားသောတဲများနှင့် ဝက်စာထားသည့်တဲများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဘားအံမြို့နယ် တဝန်တာကျေးရွာအနီး တောမီးလောင်ရာမှ တောစပ်အနီး ဆောက်လုပ်ထားသော ဒေါ်ဝင်းသူ ပိုင်ဆိုင်သည့် ပေ (၂၀× ၁၀၀) အုတ်တိုင်တစ်ဝက် ကြက်ခြံအလွတ် နှစ်လုံး၊ ဦးဝင်းနိုင်ထွန်းနှင့် ဦးမြအေးပိုင် ဝက်များမွေးမြူထားသော ပေ(၄၀ × ၂၀) အုတ်တစ်ဝက်ကာ၊ ဖက်မိုး၊ ဝက်ခြံနှစ်ခု၊ ဝက်စာထားရန် ဆောက်လုပ်ထားသည့် တဲနှစ်လုံး၊ ဝက်သားပေါက် ၂၄ ကောင်နှင့် ဝက်မကြီး ခုနစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်သည့်နေရာသို့ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ် ညီညီမိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကော့ကျိုက်ကျေးရွာနှင့် ထုံးအိုင်ကျေးရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာ ပြည်သူများ ပူးပေါင်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လောင်းကစားဝိုင်း ဝင်ရောက်ဖမ်းဆီးရာမှ လုပ်သေနတ်နှစ်လက်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

**မိုးကောင်း ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နောင်ကိုက်တော်ရပ်ကွက် ရုံးဟောင်းအုပ်စုတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲက လောင်းကစားဝိုင်း ပြုလုပ်နေသည့် နေအိမ်အား ဝင်ရောက်ဖမ်းဆီးရာ လုပ်သေနတ်နှစ်လက်နှင့် ကျည်ဆန်လေးတောင့် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ ရဲအုပ်သိန်းမြင့် ဦးစီးတပ်ဖွဲ့ဝင်များသည် နောင်ကိုက်တော်ရပ်ကွက် ရုံးဟောင်းအုပ်စုနေ ဒေါ်ဝါဝါဝင်း(၃၄ နှစ်)၏ နေအိမ်၌ ဖဲရိုက်လောင်းကစားနေသည့်သတင်းအရ ဝင်ရောက်ဖမ်းဆီးရာမှ တစ်ရပ်ကွက်တည်းနေ ဖဲရိုက်လောင်းကစားသူ ဦးကျော်တင့်(ခ) ငဲငယ်၊ အောင်ကိုမြင့်(ခ)ဖိုးထောင်၊ အောင်ထွန်းလှတို့ကို ငွေကျပ် ၈၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိသည်။ ထို့ပြင် အိမ်ခြံတစ်ဝင်းတည်းနေ လအောင်(၃၃နှစ်)၏ နေအိမ်မီးဖိုချောင်ရှိ သေတ္တာအတွင်းမှ သိမ်းဆည်းထားသည့် အရှည် ၂ ပေ ၁၁ လက်မရှိ တရားမဝင်ကိုင်ဆောင်သည့် လုပ်သေနတ်နှစ်လက်နှင့် အမ် ၂၂ ကျည်ဆန်လေးတောင့်၊ သံကျည်အိမ်တစ်ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖဲရိုက်လောင်းကစားသူ ဒေါ်ဝါဝါဝင်း၊ ဦးကျော်တင့်(ခ)ငဲငယ်၊ အောင်ကိုမြင့်(ခ) ဖိုးထောင်၊ အောင်ထွန်းလှနှင့် လအောင်တို့ငါးဦးကို မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ဟန်းဆက်ခိုးယူသူကို စစ်ဆေးရာမှ ဖောက်ထွင်းမှုပေါ်ပေါက်

**မိုးကောင်း ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ဟန်းဆက်လိုက်လံရောင်းချနေသူကို ခေါ်ယူစစ်ဆေးရာမှ ငွေကျပ်သိန်း ၁၅၀ ခန့်တန်ဖိုးရှိ ဖောက်ထွင်းမှု ပေါ်ပေါက်ကြောင်း မိုးကောင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော နှစ်ပတ်ခန့်က မိုးကောင်းမြို့ ဖိုးချစ်ကုန်းရပ်ရှိ နေအိမ်တစ်အိမ် ဖောက်ထွင်းခံရမှုကြောင့် ငွေကျပ်သိန်း ၁၅၀ ခန့်တန်ဖိုးရှိ ရွှေထည်မျိုးစုံနှင့် ဟန်းဆက်တစ်လုံး ပါသွားရာ ဖေဖော်ဝါရီ ၁၆ ရက်က မိုးကောင်းဘူတာအနီး၌ အမျိုးသားတစ်ဦးက SAMSUNG အမျိုးအစား ဟန်းဆက်ကို လိုက်လံရောင်းချနေကြောင်း သတင်းရသဖြင့် သွားရောက်စစ်ဆေးခဲ့သည်။

၎င်းမှာ မိုးကောင်းမြို့ ကျွန်းတောရပ်နေ ဒေါင်လွမ်း(၂၇နှစ်)ဖြစ်ပြီး အဆိုပါဟန်းဆက်ကို ပိုင်ဆိုင်ကြောင်း သက်သေမပြနိုင်သဖြင့် သိမ်းဆည်းပြီး မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်ခဲ့သည်။ ၎င်းအား ဆက်လက်စစ်ဆေးရာ လွန်ခဲ့သော နှစ်ပတ်က ဖိုးချစ်ကုန်းရပ်ရှိ နေအိမ်ကို ဖောက်ထွင်းသူဖြစ်ကြောင်း သိရှိရပြီး ဆက်လက်ဖော်ထုတ်ရာ လက်ခံထုခွဲပေါင်နှံပေးသူ ဈေးကုန်းရပ်နေ မထုဘူ(ခ)မနွယ်နွယ်ပြုံးဟု သိရှိရသဖြင့် ပေါင်နှံထားသောပစ္စည်းများအား လိုက်လံသိမ်းဆည်းရာ ရွှေထည်ပစ္စည်း ၂၄ မျိုး ပြန်လည် သိမ်းဆည်းနိုင်ခဲ့ပြီး ကျန်ပစ္စည်းများရရှိနိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# လမ်းဘေးချုံထဲတွင် သစ်ရွက်များဖြင့် ဖုံးအုပ်ထားသော အထောက်အထားမဲ့ ယာဉ်တစ်စီးတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်၍ စစ်ဆေးဆောင်ရွက်ခဲ့ရာ အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၁၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃၂၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၅ သန်းခန့် စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅၃၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သည့် စွပ်ပွန်းကျေးရွာအနီး ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ လမ်းဘေးချုံထဲတွင် သစ်ရွက်များဖြင့် ဖုံးအုပ်ရပ်တန့်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် TOYOTA WISH WAGON မော်တော်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထော်လာဂျီယာဉ် တိမ်းမှောက်သဖြင့် ၁၆ ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် သာရိုးကုန်းကျေးရွာအနီး မုံရွာ-ရေဦးကားလမ်း မိုင်တိုင်အမှတ် ၁၀၂/၃-၄ ကြားတွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။

သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဘုတလင်မြို့နယ် ညောင်ပင်ကန်ကျေးရွာနေ ကျော်စွာဝင်း(၂၈ နှစ်) မောင်းနှင်လာသော ၉၄/----- ထော်လာဂျီယာဉ်သည် ရှေ့ဘီးပေါက်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း ကျော်စွာဝင်းနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကံသစ်ကျေးရွာနေ မစန္ဒာလင်း(၂၅နှစ်)ပါ ၁၅ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်စွာဝင်းအား ဘုတလင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန် -မန္တလေး အမြန်လမ်း၌ ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရ

**သီးကုန်း ဖေဖော်ဝါရီ ၁၈**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းအပိုင်နယ်မြေ၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဝင်ရောက်တိုက်မိ**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၈၆/၇ နှင့် ၂၈၇/၀ အကြား မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ မဟာဆွေလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့နေသူ မျိုးမြင့်ဦး (၂၂ နှစ်)မောင်းနှင်လာသော ယာဉ်အမှတ် YGN 2H/---- MITSUBISHI RVR ယာဉ်သည် ရှေ့လားရာတူ ကုန်စည်ဒိုင်လမ်းတောင်ရပ်ကွက် မုံရွာမြို့နေသူ ယာဉ်မောင်း ကိုဝင်းနိုင်(၄၁ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် SGG 8J/---- HIAGE ခရီးသည်တင် မှန်လုံယာဉ်ငယ်အား ဝင်ရောက်တိုက်မိသဖြင့် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှစ်ဦးတွင် ဒဏ်ရာရရှိခြင်းမရှိသော်လည်း ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ ခရီးသည် ၁၇ ဦးအနက် ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းနေသူ မမြသက်ဝေဝင်း(၂၃ နှစ်)မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။ ကျန်ခရီးသည်များအနက် စုစုပေါင်း ၁၄ ဦး (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မျိုးမြင့်ဦးအား သီးကုန်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ဆားတောင်မြို့၌ ယာဉ်တိမ်းမှောက်၍ ကိုးဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ ကျားမင်းကြီးကျေးရွာနှင့် ချိုင်းကြီးကျေးရွာကြားတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

သတင်းအရ ဆားတောင်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ စစ်ကိုင်းဘက်မှ ရွှေဘိုဘက်သို့ ချမ်းမြသာစည်မြို့နယ်နေ ထွန်းလင်းကျော်(၂၉ နှစ်) မောင်းနှင်လာသည့် 6B/----လိုက်ထရပ်ယာဉ်သည် ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ထွန်းလင်းကျော်နှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ချမ်းမြသာစည်မြို့နယ်နေ အောင်မျိုးကျော်(၂၃ နှစ်)ပါ ရှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း ထွန်းလင်းကျော်အား ဆားတောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သပိတ်ကျင်းမြို့နယ်၌ မြေကျင်းတူးစဉ် ယမ်းပေါက်ကွဲမှုကြောင့် နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ငါးပြားပေးကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က ယမ်းပေါက်ကွဲမှုဖြစ်ပွား၍ လူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ငါးပြားပေးကျေးရွာနေ အောင်ခိုင်စိုး(၂၉နှစ်)ပါ နှစ်ဦးသည် ရွှေတူးဖော်ရန်အတွက် သပိတ်ကျင်းမြို့နယ် ကမ်းပါးနီကျေးရွာနေ ဒေါ်ပြုံး(စိစစ်ဆဲ)၏ နေအိမ်ခြံဝင်းအတွင်း မြေအောက် အတောင် ၃၀ ခန့်အနက်ရှိ အင်းဟောင်း၌ မြေတူးဖော်နေစဉ် လွန်ခဲ့သော ၁၇ နှစ်ခန့်က တူးဖော်ထားသည့် ယမ်းဟောင်းများ ကျန်ရှိနေသော တွင်းဟောင်းကို တူးမိရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အောင်ခိုင်စိုး ပါနှစ်ဦးတွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မန္တလေးဆေးရုံ၌ ဆေးကုသလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**




# ရိုးရာလက်ဝှေ့ပြိုင်ပွဲအတွက် မြန်မာအဖွဲ့ ဂျပန်သို့ ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ဂျပန်နိုင်ငံ၌ ကျင်းပမည့် သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလက်ဝှေ့အဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် ညက ANA လေကြောင်းလိုင်းဖြင့် တိုကျိုမြို့သို့ ထွက်ခွာသွားသည်။

မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့တွင် မြန်မာမီဒီယာဂရု(ပ်)မှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ၇၀ ကီလိုတန်းတွင် စိုးလင်းဦးက ဂျပန်မှ ဟာရေယူရာနှင့် လည်းကောင်း၊ ၆၃ ကီလိုတန်းတွင် ထွန်းလွင်စိုးက ရှူနီချီရှိမိဇူနှင့် လည်းကောင်း၊ ကြယ်စင်ဖြိုးက ဟိကာရူ ဟာစုမိနှင့် လည်းကောင်း၊ ၇၃ ကီလိုတန်းတွင် မင်းထက်အောင်က ခိုဟီတိုခဲရှိနှင့် လည်းကောင်း ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။




ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီ (ဂျပန်စံတော်ချိန် ညနေ ၆ နာရီခွဲ)၌ တိုကျိုမြို့ ခိုလကုအန်ခန်းမတွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး နိုင်ငံခြားသားများချည်း ထိုးသတ်မည့် တွဲဆိုင်းနှစ်ဆိုင်းလည်း ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။


အဆိုပါပွဲကို MNTV မှ မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲ၌ ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် မူလတန်းကျောင်းသင် ဆရာအရေအတွက်




## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အလယ်တန်းကျောင်းသင် ဆရာအရေအတွက်




# သံလွင်တံတား(တာတမော့)အမြန်ဆုံး တည်ဆောက်ပေါ်ထွန်းလာရန် ဒေသခံများမျှော်လင့်

**ရှားတော ဖေဖော်ဝါရီ ၁၈**


ကယားပြည်နယ် ရှားတောမြို့နယ်အတွင်း သံလွင်မြစ်အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းဒေသများ ကူးသန်းသွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် နိုင်ငံတော်အစိုးရက တည်ဆောက်ရန် လျာထားသတ်မှတ်ထားသည့် သံလွင်မြစ်ကူးတံတား (တာတမော့)အမြန်ဆုံး တည်ဆောက်ပေါ်ထွန်းလာရန် ဒေသခံများက မျှော်လင့်တောင့်တလျက်ရှိကြကြောင်း သိရသည်။

ကယားပြည်နယ်အတွင်း အရှည် ၄၇ မိုင် သုံးဖာလုံရှိ လွိုင်ကော်-ပွန်ချောင်း-ရှားတော-တာတမော့လမ်းကို အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး သံလွင်မြစ်ကူးတံတား(တာတမော့)ကို တည်ဆောက်ပြီးစီးခဲ့ပါက သံလွင်မြစ်ကမ်းရှိ တာတမော့ဒေသမှ ထိုင်းနိုင်ငံနယ်စပ် နယ်ခြားမှတ်တိုင်အမှတ်(၉) (ဘီပီ-၉) အထိ ၂၇ မိုင်ရှိလမ်းကို ဆက်လက်ဖောက်လုပ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။ အလျားပေ ၁၃၀၀၊ အကျယ် ၂၄ ပေရှိ သံလွင်မြစ်ကူးတံတား (တာတမော့)ကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀၀ အကုန်အကျခံလျက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး သုံးနှစ်အတွင်း အပြီးတည်ဆောက်ရန် လျာထားသတ်မှတ်စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ကန့်ကွက်သူ အချို့ရှိသောကြောင့် အဆိုပါ သံလွင်မြစ်ကူးတံတား(တာတမော့) တည်ဆောက်ရေးစီမံကိန်းကို ကာလသတ်မှတ်ချက်မရှိ ဆိုင်းငံ့ရွှေ့ဆိုင်းထားကြောင်း သိရသည်။

"သံလွင်မြစ်ကူးတံတား (တာတမော့)တည်ဆောက်ခဲ့ရင် ထိုင်းနိုင်ငံနယ်စပ်အထိ လမ်းပေါက်သွားမှာမို့လို့ ဒီလမ်းမှာ ခရီးသည် ဖြတ်သန်းသွားလာမှုများပြီး ရှားတောမြို့နယ်က ဒီထက် ဖွံ့ဖြိုးတိုးတက်စည်ကားလာမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ရှားတောမြို့နယ် ဒေသခံတွေအနေနဲ့ ဒီတံတားကြီးအမြန်ဆုံးတည်ဆောက်ပေါ်ထွန်းလာရေး သိပ်မျှော်လင့်နေမိကြပါတယ်" ဟု ရှားတောမြို့နေသူ တစ်ဦးက ပြောသည်။

ယခုအခါ အဆိုပါလမ်းကြောင်းအတိုင်း ထိုင်းနိုင်ငံသို့ ကူးသန်းသွားလာရန် တရားဝင်ခွင့်ပြုထားခြင်း မရှိသေးသော်လည်း ကူးသန်းသွားလာသူ အချို့ရှိကြောင်း သိရသည်။ ကယားပြည်နယ်ကိုဖြတ်သန်း၍ ထိုင်းနိုင်ငံသို့သွားလာရန် လွိုင်ကော်-မယ်စဲ့-ဘီပီ ၁၃/၁၄ လမ်းနှင့် လွိုင်ကော်-ရှားတော-တာတမော့- ဘီပီ ၉ လမ်းများဖြင့် သွားလာနိုင်ကြပြီး လွိုင်ကော်-ရှားတော- တာတမော့- ဘီပီ ၉ လမ်းသည် လွိုင်ကော်-မယ်စဲ့-ဘီပီ ၁၃/၁၄ လမ်းထက် ခရီးတိုကြောင်း လေ့လာသိရှိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**




## ပြုံချမ်း ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဆုရရှိမှုအခြေအနေ ၁၈-၂-၂၀၁၈

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | နော်ဝေ | ၉ | ၉ | ၈ | ၂၆ |
| ၂ | ဂျာမနီ | ၉ | ၅ | ၄ | ၁၈ |
| ၃ | နယ်သာလန် | ၆ | ၅ | ၂ | ၁၃ |
| ၄ | ကနေဒါ | ၅ | ၅ | ၆ | ၁၆ |
| ၅ | အမေရိကန် | ၅ | ၃ | ၂ | ၁၀ |
| ၆ | ဆွီဒင် | ၄ | ၃ | ၀ | ၇ |
| ၇ | ပြင်သစ် | ၄ | ၂ | ၄ | ၁၀ |
| ၈ | သြစတြီးယား | ၄ | ၂ | ၄ | ၁၀ |
| ၉ | တောင်ကိုရီးယား | ၃ | ၁ | ၂ | ၆ |
| ၁၀ | ဂျပန် | ၂ | ၅ | ၃ | ၁၀ |
| ၁၁ | ဆွစ်ဇာလန် | ၂ | ၄ | ၁ | ၇ |
| ၁၂ | အီတလီ | ၂ | ၁ | ၃ | ၆ |
| ၁၃ | ချက် | ၁ | ၂ | ၃ | ၆ |
| ၁၄ | စလိုဗက်ကီးယား | ၁ | ၂ | ၀ | ၃ |
| ၁၅ | ဘီလာရုစ် | ၁ | ၁ | ၀ | ၂ |
| ၁၆ | ဖြိတိန် | ၁ | ၀ | ၃ | ၄ |
| ၁၇ | ယူကရိန်း | ၁ | ၀ | ၀ | ၁ |
| ၁၈ | ပိုလန် | ၁ | ၀ | ၀ | ၁ |
| ၁၉ | တရုတ် | ၀ | ၅ | ၁ | ၆ |
| ၂၀ | ရုရှား | ၀ | ၃ | ၈ | ၁၁ |


## အများပြည်သူသိရှိစေရန် ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် သီလဝါအထူးစီးပွားရေးဇုန်၊ ဇုန်-ဘီ ၏ ယခင်ဧရိယာ(၂-၂) တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဧရိယာ (၂-၁) ၏ အပြင်ဘက်တွင် တည်ရှိသည့် ဧရိယာ (၂-၁)၏ တိုးချဲ့ဧရိယာကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲလျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဧရိယာ (၂-၁) တိုးချဲ့ဧရိယာ၏ ဖြည့်စွက်ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ပြင်ဆင်ခဲ့သည်။ ဤကြေညာစာသည် စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ပြုလုပ်ခဲ့သောညှိနှိုင်းဆွေးနွေးပွဲများ၊ အများပြည်သူများ၏ မှတ်ချက်အပေါ် အခြေခံကာ အချောသတ်ရေးဆွဲထားသော ဧရိယာ (၂-၁) ၏တိုးချဲ့ဧရိယာအတွက် ဖြည့်စွက်ပြန်လည်နေရာချထားရေးလုပ်ငန်း စီမံချက်ထုတ်ပြန်ခြင်းကို ကြေညာခြင်းဖြစ်ပြီး၊ အများပြည်သူများ ကြည့်ရှုနိုင်ရန် အောက်ဖော်ပြပါ နေရာများနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ဝက်ဘ်ဆိုဒ်(အင်တာနက်)ဖြစ်သော www.myanmarthilawa.gov.mm/ တို့၌ ထုတ်ပြန်ပေးထားပါသည်။

### ထုတ်ပြန်ကြေညာမည့်နေရာများ

- **သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး(ယာယီ)** လိပ်စာ-မြေယာရုံးခွဲ(၂)၊ အိုးအိမ်ရုံး၊ သန်လျင်-ကျောက်တန်းလမ်းမနှင့်ဒဂုံသီလဝါလမ်းထောင့်၊ သန်လျင်နည်းပညာတက္ကသိုလ်အနီး။
- **သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး** လိပ်စာ-သီလဝါ ဖွံ့ဖြိုးရေးလမ်းထောင့်နှင့် ဒဂုံ-သီလဝါလမ်းထောင့်၊ သီလဝါအထူးစီးပွားရေးဇုန်၊ သန်လျင်မြို့နယ်။
- **တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး**
- **ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး**
- **သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး**
- **အေးမြသီတာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး**
- **ရွှေပြည်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး**
- **အေးမြသီတာ ဓမ္မာရုံ**
- **ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၏ နေအိမ်များ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ သပြေချောင်ရွာနေ မမိုးမိုးအောင် ၉/မတရ(နိုင်) ၁၇၈၆၉၅၏ဖခင် ဦးခင်မောင်ဝင့် ၉/မတရ(နိုင်) ၀၆၅၈၂၈နှင့် ဦးခင်မောင်ဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဝင့်(ခ)ဦးခင်မောင်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄)၊ မြေကွက်အမှတ်(၄၁၂/ခ)၊ မြေကွက်လိပ်စာ(၄၁၂/ခ)၊ မြို့မ(ဖ)လမ်း၊ ၄/တောင်၊ သာကေတ (မြေဧရိယာ၂၀၀စတုရန်းပေ) ဦးတင်ဦး ၁၂/သကတ(နိုင်)၀၇၄၉၉၄၊ ဒေါ်သန်းသန်း ၁၂/သကတ(နိုင်)၀၇၈၄၉၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင်နှင့်ပတ်သက်၍ အထက်အမည်ပါ မြေနှင့်အဆောက်အအုံပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်ထရေဇီးနာ ၁၃/ကတန(နိုင်) ၀၀၀၈၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့်(LL.B)** တရားလွှတ်တော်ရှေ့နေ
**ဦးနိုင်ထွဋ်လင်း(LL.B)** အထက်တန်းရှေ့နေ

**ဖူးပွင့်ဝေစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်စီးပွားရေးဆိုင်ရာဥပဒေအကြံပေး**
**အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၃၁၁၁၆၄၄၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/1717 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/6991 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(ပဲခူး)**

# ဂါဇာဒေသကို အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ပါလက်စတိုင်းနိုင်ငံသားနှစ်ဦး ထိခိုက်



**ဂါဇာ ဖေဖော်ဝါရီ ၁၈**

ဂါဇာကမ်းမြောင်ဒေသအတွင်းရှိ ဟားမားစ်အဖွဲ့နှင့် အစ္စလာမ့်စ်ဂျီဟတ်စစ်သွေးကြွများ ပိုင်ဆိုင်သည့် ပစ်မှတ်နေရာများကို စနေနေ့တွင် အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများစွာ လုပ်ဆောင်ခဲ့ရာ ပါလက်စတိုင်းနိုင်ငံသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

**ထိခိုက်ဒဏ်ရာရ**

ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့အရှေ့ပိုင်းတွင် အစ္စရေးတင့်ကားဖြင့် အမြောက်ပစ်ခတ်ခဲ့မှုကြောင့် ပါလက်စတိုင်းနိုင်ငံသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ရှရက်ဖ် အယ်ကွီဒရာက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**နေအိမ်များပျက်စီး**

ဆေးအဖွဲ့၏ ပြောကြားချက်အရ အခြားထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ သို့သော် ဂါဇာအရှေ့ပိုင်းရှိ ဒေသခံတို့၏ နေအိမ်များ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ကြောင်းသိရသည်။ အယ်လ်ကွာဆမ်တပ်မဟာအဖွဲ့မှ စစ်သွေးကြွများက ၎င်းတို့သည် အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာမှ ထွက်ခွာသွားစေရန်အတွက် အစ္စရေးတပ်မတော် ဂျက်လေယာဉ်များကို လေယာဉ်ပစ်အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**ဆက်လက်ခုခံ**

ဟားမားစ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟောဇန်ကွာဆမ်က ဂါဇာဒေသတွင် တင်းမာမှုများ ဖြစ်ပွားစေခဲ့သည့်အတွက် အစ္စရေးကို အပြစ်တင်ခဲ့သည်။ ဟားမားစ်အဖွဲ့အနေဖြင့် ဆက်လက်ခုခံသွားမည်ဖြစ်ပြီး အစ္စရေး၏ တိုက်ခိုက်မှုသည် ၎င်းတို့အဖွဲ့၏ဆုံးဖြတ်ချက်များကို ယိမ်းယိုင်သွားစေလိမ့်မည်မဟုတ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ညနေခင်းတွင် အစ္စရေးတင့်ကားတစ်စီးက ဂါဇာရှိ ဟားမားစ်အဖွဲ့၏ စစ်စခန်းတစ်ခုကို လက်တုံ့ပြန်သည့်အနေဖြင့် အမြောက်ပစ်ခတ်မှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မက္ကဆီကိုတပ်မတော်ရဟတ်ယာဉ် အိုဆာကာ၌ ပျက်ကျရာ ၁၃ ဦးသေဆုံး



**မက္ကဆီကို ဖေဖော်ဝါရီ ၁၈**

သောကြာနေ့ကဖြစ်ပွားခဲ့သည့် မြေငလျင်လှုပ်ခတ်မှုတွင် ထိခိုက်ပျက်စီးမှုများကို စစ်တမ်းကောက်ယူလျက်ရှိသည့် အာဏာပိုင်များ သယ်ဆောင်လာခဲ့သည့် မက္ကဆီကိုတပ်မတော်ရဟတ်ယာဉ် တစ်စင်းသည် မြေငလျင်အတွင်း နေအိမ်များကို စွန့်ခွာကာ ထွက်ပြေးလာကြသည့် လူများရှိရာနေရာသို့ ပျက်ကျခဲ့ရာ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၆ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် သောကြာနေ့ညပိုင်းတွင် အိုဆာကာ၌ ဆင်းသက်ရန် ပြင်ဆင်နေချိန်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ ငလျင်ဒဏ် ထိခိုက်ခံစားရသူများသည် ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိ မြေငလျင် အဆိုပါ ဧရိယာကို လှုပ်ခတ်သွားခဲ့ပြီးနောက် မြေပြင်ပေါ်တွင် တစ်ညတာ ကုန်ဆုံးခဲ့ရသည်။ ကလေးငယ်များလည်း ပါဝင်ကြောင်း သိရသည်။

ပြည်ထဲရေးအတွင်းဝန် အယ်လ်ဖွန်ဆို နာဗာရက်တီနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့မှာလည်း ပျက်ကျရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာခဲ့သည့် အာဏာပိုင်များ ပါဝင်သည်။ နာဗာရက်တီက မြေပြင်ပေါ်ဆင်းသက်ရန် ကြိုးစားနေချိန်တွင် ရဟတ်ယာဉ်မှူးသည် အထိန်းအချုပ်ကင်းမဲ့သွားခဲ့ကြောင်း ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။

ရဟတ်ယာဉ် ပျက်ကျမှုအတွင်း ပါဝင်ခဲ့သူများ၏ ဆွေမျိုးတစ်ဦးက ရဟတ်ယာဉ်ပျက်ကျမှုနှင့်စပ်လျဉ်း၍ ဒေါသထွက်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နှင့် အာရှနိုင်ငံများ ထိုင်းနိုင်ငံ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်ပြည်ထောင်စုနှင့် အာရှနိုင်ငံများသည် ထိုင်းနိုင်ငံအရှေ့ပိုင်း၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုကြီးတစ်ခုကို ပြုလုပ်လျက်ရှိကြောင်းသိရသည်။ Cobra Gold ဟု အမည်ပေးထားသည့် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော စစ်ရေးလေ့ကျင့်မှုကို ထိုင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့က ကမကထပြုခဲ့သည်။

ယခုနှစ် စစ်ရေးလေ့ကျင့်မှုအတွင်း ဂျပန်နိုင်ငံနှင့် အခြားသောနိုင်ငံ ၂၈ ခုတို့မှ စစ်သည်တစ်သောင်းခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ စနေနေ့တွင် ထိုင်းရေတပ်အခြေစိုက်စခန်း၌ ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်းရှိ နိုင်ငံတစ်ခု၌ ပဋိပက္ခဖြစ်ပွားမှုပုံစံအပေါ် အခြေခံလျက် လှုပ်ရှားခဲ့သည်။

စစ်ရေးလေ့ကျင့်မှုအတွင်း ထိုင်းတပ်ဖွဲ့ဝင်များသည် ဦးစွာအဆိုပါဧရိယာကို ကင်းထောက်လှမ်းရန်အတွက် ပဋိပက္ခဖြစ်ပွားမှုဇုန်အတွင်းသို့ ဦးစွာဆိုက်ကပ်ခဲ့သည်။ အမေရိကန်နှင့် တောင်ကိုရီးယား အင်အားစုများက ဆိုက်ကပ်ရပ်နားလာသည့် သင်္ဘောများနှင့် ယာဉ်များနောက်မှ လိုက်လာခဲ့သည်။

ထို့နောက်တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးအင်အားစုများသည် ပဋိပက္ခဇုန်အတွင်း သောင်တင်လျက်ရှိသည့် ဂျပန်နိုင်ငံသားများကို နိုင်ငံအပြင်ဘက်သို့ ကယ်ထုတ်ရန် သယ်ယူပို့ဆောင်ရေးလေယာဉ်ပေါ်သို့ ကယ်ဆယ်သည့် လေ့ကျင့်မှုကို ဆောင်ရွက်ခဲ့သည်။

ကာကွယ်ရေးအင်အားစုများသည် ပြေးလွှားလှုပ်ရှားနေကြသော လူများဖြင့် ပြည့်ကျပ်နေသည့် လေဆိပ်အတွင်းရှိ ဂျပန်နိုင်ငံသားများကို နိုင်ငံအတွင်းမှ ထွက်ခွာရန် လမ်းညွှန်လေ့ကျင့်မှုကိုလည်း လုပ်ဆောင်ခဲ့သည်။ အချို့ကို အမေရိကန်တပ်မတော် ရဟတ်ယာဉ်များဆီသို့ ပြန်လည်ဦးဆောင်သွားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအပေါ်တွင် တစ်ကမ္ဘာလုံးက ဖိအားပေးမှုများ ပိုမိုပြင်းထန်လာနေချိန်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် အမေရိကန်တပ်မတော် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စစ်ရေးလေ့ကျင့်မှုသည် မည်သည့်နိုင်ငံကိုမျှ ဆန့်ကျင်လိုသော ရည်ရွယ်ချက်မျိုးမရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီရန်အလယ်ပိုင်း၌ လေယာဉ်ပျက်ကျမှုဖြစ် ခရီးသည် ၆၆ ဦးသေဆုံး

**တီဟီရန် ဖေဖော်ဝါရီ ၁၈**

အီရန်ခရီးသည်တင် လေယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့နံနက်ပိုင်းတွင် အီရန်နိုင်ငံ အလယ်ပိုင်းရှိ ဒီနာတောင်တန်းပေါ်သို့ ပျက်ကျသွားခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာကြသည့် ခရီးသည် ၆၆ ဦးလုံး သေဆုံးသွားခဲ့ကြောင်း အီရန်ပြည်တွင်းလေကြောင်းအဖွဲ့အစည်းမှ အကြီးအကဲ အာဘက်ဇာဒက်က အတည်ပြုပြောကြားခဲ့သည်။

အီရန်နိုင်ငံ Aseman လေကြောင်းလိုင်းက ပိုင်ဆိုင်သည့် ATR-72 လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မြို့တော်တီဟီရန်မှ ပျံသန်းထွက်ခွာခဲ့သည်။ သို့သော် ပျံသန်းထွက်ခွာလာပြီး မကြာမီတွင် ဆီမီရွန်မြို့အလယ်ပိုင်း ဘီဒက်ကျေးရွာအနီးတွင် ပျက်ကျသွားခဲ့သည်။

အီရန် အရေးပေါ်ဆေးဝန်ဆောင်မှုအဖွဲ့အကြီးအကဲ ပါဟိုစိန်ကူလီဗန်က လေယာဉ်သည် ရာဆွတ်ဂျ်သို့ မရောက်ရှိမီ ၁၅ ဒသမ ၂ ကီလိုမီတာ (၁၁၃ မိုင်) အကွာတွင် ပျက်ကျသွားခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြခဲ့သည်။

ခရီးသည်တင်လေယာဉ် အမှတ် ၃၇၀၄ သည် တီဟီရန်မှ ပျံသန်းလာပြီးနောက် မိနစ် ၅၀ အကြာတွင် ရေဒါမြင်ကွင်းပေါ်မှ ပျောက်ကွယ်သွားခဲ့သည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၆၀ နှင့် လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါလာခဲ့သဖြင့် လေယာဉ်ပျက်ကျရာတွင် ၎င်းတို့ အားလုံး သေဆုံးသွားခဲ့ကြောင်း သိရသည်။

အစ်ဖာဟန်ပြည်နယ် လခြမ်းနီအဖွဲ့ ဒုတိယအကြီးအကဲ ကာရီမီက ရာသီဥတုဆိုးရွားမှုနှင့် အဆိုပါဒေသ၏ ပထဝီသွင်ပြင် အနေအထားကြောင့် လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရန် ကြာမြင့်စေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လူ ၁၅ ဦးထက်မနည်းသေဆုံး

**လာဂို့စ် ဖေဖော်ဝါရီ ၁၈**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်ရှိ ဈေးတစ်ခု၌ ယမန်နေ့တွင် အသေခံဗုံးခွဲသမားသုံးဦးက အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၁၅ ဦး ထက်မနည်းသေဆုံးခဲ့ပြီး ၁၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

ဘော်နိုပြည်နယ်၌ ဖြစ်ပွားခဲ့သော အဆိုပါတိုက်ခိုက်မှုကို ယမန်နေ့ညနေပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသော်လည်း မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်ကြောင်း မသိရသေးချေ။

ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့သည် မိန်းကလေးများကို အသုံးချကာ အသေခံဗုံးခွဲတိုက်ခိုက်မှုများကို နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုလအစောပိုင်းကလည်း နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး ၃၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၏မြို့တော် မာဒါဂါလီ၌လည်း နှစ်သစ်ကူးနေ့တွင် ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့၏ အကြမ်းဖက်နှိမ်နင်းရေးစစ်ဆင်မှု၌ အကြမ်းဖက်သမားများ ရှင်းလင်းနိုင်ခဲ့

**ထရင်ကော့တ် ဖေဖော်ဝါရီ ၁၈**

အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့၏ အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်မှုအတွင်း လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူဦးရေ အနည်းဆုံး ၇၀ ခန့် သုတ်သင်နိုင်ခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း အာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောခဲ့သည်။

အူရက်ဂန်ပြည်နယ်အတွင်းရှိ ဆူညံဆူညံဖြစ်နေသောဒေသများ၌ ဖေဖော်ဝါရီ ၁၅ ရက်ကတည်းက ပြုလုပ်ခဲ့သော အကြမ်းဖက်နှိမ်နင်းရေးစစ်ဆင်မှုများအတွင်း အနည်းဆုံး စစ်သွေးကြွ ၇၀ ခန့်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ ကြောင်း၊ အခြား ၁၅ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ခေါ်ဂျာယာဟ်ယာ အလာဗီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်မှုအတွင်း အကြမ်းဖက်သမားတို့၏ ခိုလှုံရာစခန်း ၁၂ ခုကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း တာလီဘန် အကြမ်းဖက်သမားများက အဆိုပါကိစ္စအပေါ် မှတ်ချက်ပြု ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# သဘောထားကွဲလွဲမှုတွေကနေ ပြေလည်မှုရရှိအောင်ကြိုးပမ်းသွားကြမယ့် အမေရိကန်နဲ့တူရကီ

*ကလျာမိုးမြင့်*



**“တူရကီဟာ ဝိုင်ပီဂျီကို တားမြစ်ထားတဲ့ ကာ့ဒ်အလုပ်သမားပါတီ (PKK) ရဲ့ အစွယ်အပွားတစ်ခုလို့ မှတ်ယူထားတာဖြစ်ပြီး ယင်းအဖွဲ့ဟာ တူရကီ အရှေ့တောင်ပိုင်းမှာရှိတဲ့ ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ခိုက်နေတာ ဆယ်စုနှစ်သုံးခုလောက်အထိ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်”**

ဆီးရီးယားမြောက်ပိုင်းမှာ နှစ်ဖက်တပ်တွေအကြား သဘောထားကွဲလွဲမှုဖြစ်ပွားနေတဲ့ အမေရိကန်နဲ့တူရကီတို့ဟာ ပဋိပက္ခဖြစ်ပွားမှုအခြေအနေတွေတင်းမာနေတာကို ထိန်းသိမ်းရေးကြိုးပမ်းကြဖို့ သဘောတူညီလိုက်ကြပါတယ်။ ပူးတွဲအဖွဲ့ဝင်တွေဟာ မန်ဘစ်ဂျ်မြို့နဲ့ ပတ်သက်ပြီးဖြစ်ပွားတဲ့ အငြင်းပွားမှုအပါအဝင် သံတမန်ရေးရာ မတူကွဲပြားမှုတွေကနေ တစ်ဆင့် ပဋိပက္ခတွေလျော့ကျအောင် မြန်မြန် ဆန်ဆန်ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တွေ့ဆုံသွားကြမှာဖြစ်တယ်လို့ နေတိုးမဟာမိတ်အဖွဲ့တွေက ပြောကြားခဲ့ပါတယ်။

တူရကီဟာ ၎င်းကအကြမ်းဖက်အုပ်စုဝင်တွေလို့ သတ်မှတ်ထားတဲ့ မန်ဘစ်ဂျ်မှာရှိနေတဲ့ အမေရိကန်မဟာမိတ်ပြုထားတဲ့ ကာ့ဒ်တိုက်ခိုက်ရေးအင်အားစုတွေကို တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ တူရကီကိုထောက်ခံတဲ့ အင်အားစုတွေဟာ တူရကီတောင်ပိုင်း ဆီးရီးယားနယ်စပ်တစ်လျှောက် အာဖရင်ဒေသအနီးမှာ စစ်သွေးကြွတွေနဲ့တိုက်ပွဲတွေဖြစ်ပွားနေပါတယ်။

အမေရိကန်ပြည်ထောင်စုဟာလည်း မန်ဘစ်ဂျ်မှာ တပ်ဖွဲ့ဝင်တွေရှိနေပြီး မန်ဘစ်ဂျ်မြို့ဟာ ၂၀၁၇ ခုနှစ်မှာ ကာ့ဒ်ပြည်သူ့ကာကွယ်ရေးယူနစ် (ဝိုင်ပီဂျီ) အဖွဲ့ ဦးဆောင်တဲ့အင်အားစုတွေက အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွတွေဆီကနေ ပြန်လည်ရယူထားတဲ့မြို့ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်က အမေရိကန်ထိပ်တန်းဗိုလ်ချုပ်တစ်ဦးက ၎င်းရဲ့တပ်ဖွဲ့ဝင်အင်အားစုတွေဟာ မန်ဘစ်ဂျ်ကို တိုက်ခိုက်လာတဲ့ တူရကီကျောထောက်နောက်ခံပေးထားတဲ့ ဘယ်တိုက်ခိုက်မှုမျိုးကိုမဆို ပြင်းပြင်းထန်ထန်တုံ့ပြန်တိုက်ခိုက်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။

ဒီတော့ ဒါကိုတုံ့ပြန်တဲ့အနေနဲ့ တူရကီသမ္မတ ယီဆက်တေယစ်အာဒိုဂန်က အော်တိုမန်ကျဆုံးခြင်းလိုမျိုး သမိုင်းကြောင်းဆိုင်ရာ အကိုးအကားတွေနဲ့ ခြိမ်းခြောက်ခဲ့ပါတယ်။ တူရကီမြို့တော်အန်ကာရာမှာ ပြုလုပ်တဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲအတွင်း မိန့်ခွန်းပြောဆိုခဲ့စဉ်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်နဲ့ ဆွေးနွေးဖက် မက်ဗလပ်ကာဗူဆိုဂလူက လက်ရှိလုပ်ရှားဆောင်ရွက်နေတဲ့ အဖွဲ့တွေဟာ အင်အားကြီးနှစ်နိုင်ငံအကြားမှာ တင်းမာမှုတွေမြင့်တက်လာစေတဲ့ အငြင်းပွားမှုတွေကို ကိုင်တွယ်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

သတင်းစာရှင်းလင်းပွဲမှာ တေလာဆန်က မန်ဘစ်ဂျ်ဟာ နှစ်နိုင်ငံပူးတွဲအင်အားစိုက်ထုတ်ဆောင်ရွက်မှုအတွင်းမှာဦးစားပေးရတော့မယ့် အစိတ်အပိုင်းတစ်ခုဖြစ်လာတော့မယ်လို့ ပြောကြားခဲ့ပါတယ်။ အန်ကာရာမှာရှိတဲ့ ဘီဘီစီသတင်းဌာနမှ မာ့ခ်လိုဝင်က ဒီဆွေးနွေးပွဲတွေမှာ ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့ ပုံစံမပေါ်ဘူး။ ဒါပေမယ့် အမေရိကန်နဲ့တူရကီ ဆက်ဆံရေးမှာ မစ္စတာတေလာဆန်ပြောသွားတဲ့ အခက်အခဲဆုံးအခြေအနေတစ်ခုကနေ တဖြည်းဖြည်းချင်းသတိနဲ့ ရွေ့လျားသွားတဲ့ အနေအထားတစ်ခုတော့ ရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

**တူရကီရဲ့တောင်းဆိုမှု**

တူရကီဟာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်ရဲ့ ခရီးစဉ်လာရောက်မှုမတိုင်ခင်မှာ ဆီးရီးယားမှာ ၎င်းတို့တိုက်ခိုက်နေတဲ့ ကာ့ဒ်စစ်သွေးကြွတွေကို အမေရိကန်ကအကူအညီပေးနေတာတွေကို ဖြတ်တောက်ပစ်ဖို့ တောင်းဆိုထားပါတယ်။ တူရကီသမ္မတ ယီဆက်တေယစ်အာဒိုဂန်ဟာ ပြီးခဲ့တဲ့လက ဆီးရီးယားကာ့ဒ်မျိုးနွယ်စုတွေနေရာယူထားတဲ့ အာဖရင်နယ်စပ်မှာ Operation Olive Branch လို့ခေါ်တဲ့ လေကြောင်းနဲ့ မြေပြင်ထိုးစစ်တစ်ရပ်ဆင်နွှဲခဲ့ပြီး သွေးထွက်သံယိုများလှတဲ့ ဆီးရီးယားပဋိပက္ခအတွင်းမှာ စစ်မျက်နှာသစ်တစ်ခုဖွင့်လှစ်ခဲ့ကာ ဒီစစ်ပွဲကြောင့် နှစ်ဖက်စလုံးမှာရှိတဲ့ အရပ်သားတွေနဲ့ တိုက်ခိုက်ရေးအင်အားစုအမြောက်အမြားကို သေကျေပျက်စီးစေခဲ့ပါတယ်။

**ခါးသီးတဲ့ဆက်ဆံရေးအဖြစ်ပြောင်းလဲလာ**

ဇန်နဝါရီလမှာ အမေရိကန်ဟာ ဂျီဟတ်စစ်သွေးကြွတွေ ပြန်လည်ပုန်ကန်ထကြွမယ့်လှုပ်ရှားမှုတွေထပ်မဖြစ်လာစေဖို့သေချာအောင် ဝိုင်ပီဂျီနဲ့ SDF အင်အားစုတွေကို ဆက်လက်အကူအညီပေးအပ်သွားဖို့ အလေးအနက်ကတိကဝတ်ပြုလိုက်ပြီး ဒီလိုလုပ်ဆောင်လိုက်ခြင်းက ဖြစ်စဉ်အတွင်းမှာ တူရကီကို နောက်ထပ် ဒေါသထွက်စေခဲ့တဲ့ ဗျူဟာတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး နေတိုးမဟာမိတ်နှစ်နိုင်ငံရဲ့ ယိုယွင်းလာတဲ့ ဆက်ဆံရေးအခြေအနေတွေဟာ ပိုမိုခါးသီးလာခဲ့ရပါတယ်။

**စစ်ဆင်ရေးကို ထိန်းချုပ်ဆောင်ရွက်ကြောင်းပြသဖို့လို**

တူရကီက ၎င်းရဲ့နယ်စပ်ကို ခိုင်မာလုံခြုံအောင်ဆောင်ရွက်ခွင့်ကို အမေရိကန်က အသိအမှတ်ပြုပေးနေချိန်မှာ တူရကီအနေနဲ့ အရပ်သားတွေသေကျေပျက်စီးရတာမျိုးတွေကို အတတ်နိုင်ဆုံးနည်းပါးစေအောင် အာဖရင်မှာဆောင်ရွက်နေတဲ့ စစ်ဆင်ရေးတွေကို စည်းကမ်းရှိရှိနဲ့ထိန်းချုပ်ဆောင်ရွက်နေတယ်ဆိုတာ ပြသဖို့လိုအပ်တယ်လို့ ပြောကြားလိုက်ပါတယ်။ မစ္စတာတေလာဆန်က ၎င်းနဲ့မစ္စတာကာဗူဆိုဂလူတို့က ဆီးရီးယားနဲ့ ပတ်သက်ပြီး ၎င်းတို့နှစ်နိုင်ငံလုံးရဲ့ ရည်မှန်းချက်ဟာ အတူတူပဲဆိုတာ သေချာကြောင်းကို သဘောတူညီခဲ့ပြီးဖြစ်တယ်လို့ ဆိုထားပါတယ်။ မစ္စတာကာဗူဆိုဂလူကတော့ ၎င်းတို့သဘောတူညီထားတဲ့ ယန္တရားဟာ တစ်ယောက်ရဲ့အချိန်ကို တစ်ယောက်က ဖြုန်းတီးနေတာမဟုတ်ဘဲ စစ်မှန်တဲ့ရလဒ်တွေကို ရှာဖွေအဖြေထုတ်နိုင်ဖို့ ရည်ရွယ်ခြင်းပဲဖြစ်တယ်လို့ ပြောပါတယ်။

**တည်ငြိမ်အေးချမ်းမှုပျောက်ကွယ်နိုင်**

စိတ်သဘောထားကွဲလွဲရတာတွေနဲ့ ပတ်သက်ပြီး ဖော်ပြချက်တစ်ခုမှာ တူရကီနိုင်ငံခြားရေးဝန်ကြီးက အမေရိကန်ဟာ ယူဖရေးတီးစ်မြစ်အရှေ့ဘက်တစ်လျှောက် ကာ့ဒ်အင်အားစုတွေ ဆုတ်ခွာသွားစေဖို့သေချာအောင်ဆိုပြီး ယခင်ကပေးအပ်ခဲ့တဲ့ကတိကဝတ်တွေကို မထိလေးစားလုပ်ခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။ ဒါ့အပြင် ၎င်းက အကယ်၍ ဝိုင်ပီဂျီဟာ မြစ်ရဲ့အနောက်ပိုင်း ဧရိယာတွေကို သိမ်းပိုက်ရယူခဲ့မယ်ဆိုရင် ဒီဧရိယာမှာ ဘယ်သောအခါမှ တည်ငြိမ်အေးချမ်းမှုဆိုတာ ရှိလာတော့မှာမဟုတ်ဘူး။ ဒီတော့ ဒီလိုအဖြစ်မျိုးဘယ်တော့မှ ဖြစ်မလာစေဖို့သေချာအောင် ကြိုးပမ်းသွားရမယ်လို့ အခိုင်အမာပြောဆိုခဲ့ပါတယ်။


**အာဖရင်ကိုတိုက်ခိုက်ကြောင်းကြေညာ**

တူရကီဟာ ဝိုင်ပီဂျီကို တားမြစ်ထားတဲ့ ကာ့ဒ်အလုပ်သမားပါတီ (PKK) ရဲ့ အစွယ်အပွားတစ်ခုလို့ မှတ်ယူထားတာဖြစ်ပြီး ယင်းအဖွဲ့ဟာ တူရကီအရှေ့တောင်ပိုင်းမှာရှိတဲ့ ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ခိုက်နေတာ ဆယ်စုနှစ်သုံးခုလောက်အထိ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့လက တူရကီထောက်ခံတဲ့ ဆီးရီးယားသူပုန်တွေက ကျောထောက်နောက်ခံပေးထားတဲ့ တူရကီအင်အားစုတွေဟာ ဝိုင်ပီဂျီတွေကို တိုက်ထုတ်ဖို့ဆိုပြီး အာဖရင်ဒေသကို တိုက်ခိုက်ကြောင်း ကြေညာခဲ့ပါတယ်။

မန်ဘစ်ဂျ်ဟာ ဝိုင်ပီဂျီ ထိန်းချုပ်ထားတဲ့ ပိုင်နက်အတွင်းမှာရှိတဲ့ အာဖရင်ဒေသအရှေ့ဘက်ကနေ ၁၀၀ ကီလိုမီတာ (မိုင် ၆၀) ကွာဝေးပါတယ်။

အချက်အချာကျတဲ့ အာရပ်မြို့ဟာ ၂၀၁၆ ခုနှစ်က တူရကီဦးဆောင်တဲ့ စစ်ဆင်ရေးအတွင်းမှာ တူရကီထောက်ခံတဲ့သူပုန်တွေက အိုင်အက်စ်အစွန်းရောက်အုပ်စုတွေလက်ထဲကနေ ရယူခဲ့တဲ့ နယ်မြေတစ်ခုနဲ့ ပိုင်းခြားထားပါတယ်။ ။



**ကိုးကား- အင်ဒီပန်းဒင့်၊ ဘီဘီစီ**

# တောင်သူများအနေဖြင့် ပိုးသတ်ဆေးများ ကိုင်တွယ်အသုံးပြုရာတွင် လိုက်နာရမည့် နည်းလမ်းများ

ဇူလိုင်မိုး (မြန်မာ့အလင်း)

နည်းပညာများ တိုးတက်ပြောင်းလဲလာသည့်အမျှ လူတို့စားသုံးသော သီးနှံစိုက်ခင်းများတွင် အထွက်အနှုန်းကောင်းမွန်စေရန်၊ အရည်အသွေးကောင်းမွန်စေရန် တောင်သူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လာကြသည်ကို တွေ့မြင်နေရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သီးပင်၊ စားပင်များကို ဓာတုပိုးသတ်ဆေးများ အသုံးပြုမှုများကို ပို၍ တွေ့မြင်နေရသည်။ ယခုလို ပိုးသတ်ဆေးများကို သုံးစွဲရာတွင် တောင်သူများအနေဖြင့် ပိုးသတ်ဆေးများ ပက်ဖျန်းရာတွင် နည်းစနစ်တကျ လိုက်နာဆောင်ရွက်မှုများ နည်းပါးမှုကြောင့် မလိုလားအပ်သည့် ပြဿနာများ ကြုံတွေ့လာနိုင်သောကြောင့် ပိုးသတ်ဆေးများ ကိုင်တွယ်အသုံးပြုရာတွင် သတိပြုလိုက်နာရမည့် အချက်များကို ဖော်ပြလိုက်ပါသည်။

**အညွှန်းများကို သေချာစွာဖတ်ရှုရပါမည်**

စိုက်ခင်းအတွက် အသုံးပြုမည့် ပိုးသတ်ဆေးပုလင်း၌ ပါရှိသည့် အညွှန်းများကို သေချာစွာဖတ်ရှုရပါမည်။ ပိုးသတ်ဆေးများကို ဆေးပုံးအတွင်း ဖျော်စပ်ရာတွင် ဆေးများကို လက်ဖြင့်ယူ၍ ဖျော်စပ်ခြင်းမပြုဘဲ ပိုးသတ်ဆေးများကို ချင်ခွက်များအသုံးပြု၍ တုတ်ဖြင့်မွှေကာ ဖျော်စပ်ရပါမည်။ ပိုးသတ်ဆေးများ ဖျော်စပ်ရာတွင် ဖိတ်စဉ်ခြင်းမရှိစေဘဲ ပိုးသတ်ဆေးများကို မရှူမိစေရန်လည်း သတိပြုရမည်ဖြစ်သည်။

ယခုအခါ တောင်သူအများစုမှာ ဆေးဖျန်းရာတွင် မျက်နှာဖုံးမစွပ်၊ လက်အိတ်မစွပ်၊ အဝတ်အစားကို ဖြစ်သလိုဝတ်စားပြီး ပက်ဖျန်းနေကြသည်ကို တွေ့မြင်နေရသည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် လူ၏ အရေပြားပေါ်ကို ဆေးများဖိတ်စဉ်ခြင်း၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဆေးနံ့များ ရှူရှိုက်မိခြင်းကြောင့် မလိုလားအပ်သည့် ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ သို့အတွက်ကြောင့် ဆေးပက်ဖျန်းမည်ဆိုလျှင် အဝတ်အစားများ၊ လက်အိတ်၊ မျက်နှာအကာ၊ နှာခေါင်းစည်းများ စုတ်ပြဲနေခြင်း ရှိ မရှိ ပုံမှန် စစ်ဆေးရမည်ဖြစ်ပါသည်။

**လုံခြုံမှုရှိစေရန် အထူးဂရုပြုဆောင်ရွက်**

ပိုးသတ်ဆေး ပက်ဖျန်းသူ၏ ခန္ဓာကိုယ်၌ ရှပ်အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်၊ နှာခေါင်းစည်း၊ ဦးထုပ်များ ဝတ်ဆင်သည့်အခါ လုံခြုံမှုရှိစေရန် အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် တောင်သူတချို့သည် ဆေးဖျန်းနေစဉ် ဆေးဖျန်းပုံး ပိုက်ခေါင်းပိတ်ဆို့ခဲ့လျှင် အလွယ်တကူ ပါးစပ်ဖြင့် မှုတ်ခြင်းများကို ပြုလုပ်တတ်ကြသည်။ ထိုသို့ ပြုလုပ်သောကြောင့် ပါးစပ်မှတစ်ဆင့် ဆေးရည်များ ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိလျှင်လည်း လူကို ဥပဒ်ဖြစ်စေသည်။ ထို့ကြောင့် ဆေးဖျန်းပုံး၏ ပိုက်ခေါင်းပိတ်ဆို့နေပါက ပိုက်ခေါင်းကို ပါးစပ်ဖြင့် လေမှုတ်ဖယ်ရှားခြင်း မပြုလုပ်ရန်၊ အနီးရှိမြက်ပင် (သို့မဟုတ်) အခြားပစ္စည်းများ အသုံးပြု၍သာ ရှင်းလင်းရမည် ဖြစ်သည်။

**ဆေးဖျန်းခေါင်းကို လေအောက်ဘက်၌ ထားရှိရမည်**

တောင်သူများအနေဖြင့် မိမိ စိုက်ခင်းအတွင်း ဆေးဖျန်းမည်ဆိုပါက ဆေးဖျန်းရာတွင် ဆေးဖျန်းခေါင်းကို လေအောက်ဘက်၌ထားပြီး ဖျန်းရမည်ဖြစ်ပြီး လေတင်တွင် ဆေးဖျန်းခေါင်းကို ထား၍ ပက်ဖျန်းခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ဆေးဖျန်းခေါင်းကို လေတင်တွင် မထားဘဲ လေအောက်တွင် ထားရှိပါက မိမိဖျန်းလိုက်သော ဆေးရည်များသည် မိမိကိုယ်ပေါ်သို့ ပြန်လည်ကျရောက်နိုင်သည်။ ဆေးဖျန်းသူသည် ဆေးဖျန်းခေါင်းနှင့် တစ်တန်းခြားပြီး ဆေးဖျန်းခြင်းအားဖြင့် ပိုးသတ်ဆေးနှင့် ထိတွေ့မှုအန္တရာယ်မှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ ဆေးဖျန်းနေစဉ်အတွင်း၌လည်း အစာစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ရေသောက်ခြင်း၊ ကွမ်းစားခြင်းများ စားသုံးခြင်း မပြုလုပ်ရပါ။ ဆေးဖျန်းနေစဉ် အစာစားသုံးခြင်းကြောင့် ပါးစပ်မှတစ်ဆင့် ကိုယ်ခန္ဓာအတွင်းရောက်ရှိကာ မလိုလားအပ်သည့် ရောဂါများ ဖြစ်ပေါ်စေနိုင်သောကြောင့် တောင်သူများ အထူးရှောင်ရှားသင့်သည်။

ဆေးဖျန်းပြီးသည်နှင့် ဆေးဘူးများ၊ ဆေးအိတ်ခွံများကို အလွယ်တကူ လွှင့်ပစ်နေသည်ကိုလည်း မြင်တွေ့နေရသည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုကို ဖြစ်ပေါ်စေနိုင်သည်။ မိမိစွန့်ပစ်လိုက်သည့် ဆေးအိတ်ခွံများမှ မြေဆီလွှာပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အတွက်ကြောင့် ပိုသည့် ဆေးရည်များကို မြေတွင်းတူး၍ စနစ်တကျ စွန့်ပစ်ရမည်ဖြစ်ပြီး ပိုးသတ်ဆေး ထုပ်ပိုးသည့် စာရွက်၊ စက္ကူပုံးနှင့် ပလတ်စတစ်ဘူးများကို မီးရှို့ဖျက်ဆီးပစ်ရမည်။ ဘူးခွံ၊ ပုံးခွံများကို ပြန်လည်အသုံးမပြုနိုင်စေရန် ဖျက်ဆီးပြီး မြေမြှုပ်ပစ်ရမည် ဖြစ်ပါသည်။

တောင်သူအများစုသည် ဆေးဖျန်းပြန်လာရာမှ ကိုယ်လက်သန့်စင်ခြင်းကို အရင်မပြုလုပ်ဘဲ အစားအသောက်စားခြင်း၊ တခြားအလုပ်များကို လုပ်နေခြင်းများလည်း ရှိနေသည်။ ဆေးဖျန်းပြီးသည်နှင့် မိမိကိုယ်တိုင်လည်း ဆပ်ပြာနှင့် သေချာစွာ ရေချိုးပစ်ရမည်ဖြစ်ပြီး ရေချိုးရာတွင် ဆံပင်နှင့် လက်သည်းများကြားကို သေချာစွာ ဆေးကြောပေးခြင်းဖြင့် ကျန်းမာရေးအတွက် အထူးကောင်းမွန်မည်ဖြစ်သည်။ ပိုးသတ်ဆေးဖျန်းရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် ဝတ်ဆင်ခဲ့သည့် အဝတ်အစားများကိုလည်း သေချာစွာ ဆေးကြော လျှော်ဖွပ်ပေးရန်လည်း လိုအပ်ကြောင်း သိရသည်။

**ဆေးဖျန်းမည်ဆိုပါက**

တောင်သူများမှာ စိုက်ပျိုးရေးချိန်၌ အချိန်လု၍ လုပ်ကိုင်နေရသောကြောင့် လိုအပ်လို့ စိုက်ခင်းများအား ဆေးပက်မည်ဆိုပါက အားလပ်ချိန်ကိုသာရွေး၍ ပက်ဖျန်းလေ့ရှိကြသည်။ ထိုအချက်မှာ မှားယွင်းနေပါသည်။ ပိုးမွှားများသည် နေအလွန်ပူသောအချိန်တွင် အပြင်သို့ မထွက်ဘဲ အရွက်များအောက်၊ ကိုင်းများအောက်တွင် ပုန်းလျှိုးနေထိုင်တတ်ကြသည်။ အကယ်၍ တောင်သူများသည် နေ့ခင်းမှသာ အချိန်အား၍ ဆေးဖျန်းမည်ဆိုပါက မိမိဖျန်းလိုက်သော ဆေးရည်သည် ပိုးမွှားများပေါ်သို့ တိုက်ရိုက်မကျရောက်ဘဲ ထိရောက်မှုမရှိပါ။ ထို့အတွက်ကြောင့် ဆေးဖျန်းမည်ဆိုပါက ပူ၍စွတ်စိုသောအချိန်၊ လေပြင်းထန်စွာ တိုက်ခတ်နေချိန်များတွင် ပက်ဖျန်းခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး နေ့တစ်နေ့၏ အအေးဆုံးအချိန်တွင်သာ ပက်ဖျန်းမည်ဆိုပါက ပို၍ ထိရောက်မည် ဖြစ်သည်။ (ဥပမာ- နံနက်ခင်း အစောပိုင်းနှင့် ညနေခင်း နေကျချိန်)

ယခုအခါ သက်ဆိုင်ရာဌာနများ၊ စိုက်ပျိုးရေးနှင့် ပတ်သက်ဆက်နွှယ်သည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများကလည်း တောင်သူများ စိုက်ပျိုးရေးတွင် အသုံးပြုလျက်ရှိသော ဆေးအမျိုးမျိုးကိုင်တွယ်သုံးစွဲနည်းများ၊ ဆေးဖျန်းရာတွင် လိုက်နာရမည့်နည်းများကို သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်၍ အသိပညာများ ဖြန့်ဝေပေးလျက်ရှိသည်ကို တွေ့မြင်နေရသည်။ သို့ရာတွင် တောင်သူများကလည်း အဆိုပါ အချက်အလက်များကို သေချာလိုက်နာဆောင်ရွက်ကြမည်ဆိုပါက ပိုးသတ်ဆေးဖျန်းခြင်းကြောင့် ရရှိလာမည့် ဆိုးကျိုးများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ တောင်သူလယ်သမားများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ရှောင်ရန်၊ ဆောင်ရန်အချက်တို့ကို အမြဲမပြတ် လေ့လာသင့်ပေသည်။ ။



ဝတ်စုံအပြည့်ဖြင့် ဆေးဖျန်းနေမှုကို တွေ့ရစဉ်။



အကာအကွယ်မဲ့ ဆေးဖျန်းနေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ- မေမိုးသဲ)

## တောင်သူစိတ်ကြိုက် ကုလားပဲမျိုးများ ရွေးချယ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ ပြဿနာအသီးသီးကို သုတေသနပြုဖော်ထုတ်ကာ ရရှိလာသည့် ရလဒ်ကောင်းများကို တောင်သူများထံ အရောက်ပို့ဆောင်ပေးနိုင်ရေးသည်လည်း လွန်စွာအရေးကြီးကြောင်း ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြစ်သားစိုက်ပျိုးရေးသုတေသနခြံ၌ တောင်သူစိတ်ကြိုက် ကုလားပဲမျိုးရွေးချယ်ပွဲ အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးစပ်ကူးကာ ရရှိလာသည့် ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံလက္ခဏာများပါရှိသည့် ကုလားပဲအဖြူမျိုး လေးမျိုးအား တောင်သူများ ကိုယ်တိုင် ရွေးချယ်နိုင်ရေးအတွက် ပြသခြင်းဖြစ်ကြောင်း၊ တောင်သူများရွေးချယ်သည့် မျိုးများအား စီးပွားဖြစ်စိုက်ပျိုးနိုင်သည့်အဆင့်သို့ ရောက်အောင် ဆက်လက်ပွားများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ မျိုးရွေးချယ်ပွဲတွင် အလားအလာကောင်းသည့် ကုလားပဲဖြူမျိုး လေးမျိုးကို ပြသခဲ့ရာ ယင်းမျိုးလေးမျိုးအနက်မှ အမှတ်စဉ် ၄ မျိုးကို ဒေသခံတောင်သူများက အကြိုက်နှစ်သက်ဆုံးအဖြစ် ရွေးချယ်ခဲ့ကြပြီး အဆိုပါ ကုလားပဲအဖြူမျိုးသည် အသက် ရက် (၈၇-၉၂)ရက်ရှိကာ တစ်ဧကအထွက်နှုန်း (၃၀-၃၂) တင်းအထိ ထွက်ရှိကြောင်း၊ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကာ ရိတ်သိမ်းချိန်အထိ ရွက်ကြွေမှုနည်းပါးသောကြောင့် တိရစ္ဆာန်အစာအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ကြောင်း၊ သီးလုံးဖောက်ပိုးဒဏ်နှင့် ညှိုးသေရောဂါဒဏ်ကိုလည်း ခံနိုင်ရည်အသင့်အတင့်ရှိကာ မြစ်သားဒေသနှင့် အထူးသင့်လျော်ကြောင်း သိရသည်။

**ကျော်လှိုင်သင်း**

## လယ်ကြွက်များသားပေါက်ချိန် စပါးခင်းများကိုက်ဖြတ်မှုကို တောင်သူများ နည်းမျိုးစုံဖြင့် နှိမ်နင်းနေရ

**ရေတာရှည် ဖေဖေါ်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံရေသောက်စနစ်ဖြင့် နွေစပါးများစိုက်ပျိုးလျက်ရှိရာ တစ်လကျော်သက်တမ်းရှိသည့် စိုက်ခင်းများ၌ လယ်ကြွက်များ သားပေါက်ချိန်ဖြစ်၍ နေရာဒေသအနှံ့အပြားတွင် စပါးပင်များကိုက်ဖြတ်မှုရှိနေရာ တောင်သူများအနေဖြင့် နည်းလမ်းမျိုးစုံသုံးကာ နှိမ်နင်းနေကြရသည်ကို တွေ့ရသည်။ စပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် လယ်ကွက်ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများနှင့် လယ်ကန်သင်းမြက်များ ရှင်းလင်းမှုနည်းပါးသည့် နေရာများ၌ လယ်ကြွက်များ ခိုအောင်းမှုများပြီး စပါးစိုက်ခင်းများ၊ ပဲစိုက်ခင်းများကို ကိုက်ဖြတ်မှုများ ကြုံတွေ့ကြရခြင်းဖြစ်သည်။

"ကြွက်ကိုက်တဲ့နေရာတွေက ရေအရောက်နည်းတဲ့နေရာတွေမှာ ဖြစ်တာများတယ်၊ ကြွက်တွင်းရှိတဲ့ ကန်သင်းတွေကို ပေါက်တူးနဲ့ ခွဲထုတ်ပစ်တာ၊ ကြွက်သတ်ဆေးကို အစာနဲ့ထည့်ပြီး ကြွက်လမ်းတွေမှာ ချတာတွေတော့ လုပ်နေရတယ်၊ အချို့နေရာတွေဆို ကြွက်မုဆိုးတွေကို ခေါ်ပြီး ထောင်ချောက်နဲ့ ဖမ်းခိုင်းရတာတွေလည်း ရှိပါတယ်" ဟု နွေစပါးစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောကြားသည်။

စပါးပင်များ ကိုက်ဖြတ်ထားသည့် နေရာတစ်ဝိုက်ရှိ ကြွက်တွင်းများကို တူးကြည့်ပါက ကြွက်သားပေါက်များထားရန် စပါးပင်များကို ဆွဲသွင်းထားသည်ကို တွေ့ရှိရပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိပါက တောင်သူများအတွက် ကြွက်တွင်းများမှတစ်ဆင့် ရေထူးပေါက်ကြီးများဖြစ်ကာ မြေဩဇာကြဲပြီးသား ရေများလေလွင့်ကုန်ခြင်းကြောင့် မိမိလယ်စပါးခင်းအတွက် အပင်မြေဆီဩဇာလျော့နည်းသွားခြင်းအပြင် လယ်ကဏန်းများ ကျင်းဖောက်ခြင်းကြောင့်လည်း ထူးပေါက်များ



ဖြစ်ပေါ်ခြင်း မရှိစေရန် နေ့စဉ် စောင့်ကြည့်နေကြရကြောင်း အထက်ပါတောင်သူကပင် ဆက်လက်ပြောကြားသည်။ "ကြွက်ကို ဆေးနဲ့ချရင် အစားကို နှစ်ရက်တစ်ခါလောက် ပြောင်းပေးမှရတယ်၊ မဟုတ်ရင် ကြွက်တွေက မစားတော့ဘူး၊ မှတ်ထားတာ ဒါကြောင့် အစားကို ပြောင်းပြောင်းပေးရတယ်" မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က ရှင်းလင်းပြောကြားသည်။

**ကိုလွင် (ဆွာ)**

# မြန်မာနိုင်ငံအထက်ပိုင်း၌ ကန်ထရိုက်စနစ်ဖြင့် ဆီထွက်သီးနှံစိုက်ပျိုးမည်

ဆီထွက်သီးနှံစိုက်ပျိုးရေးအတွက် တိုင်းဒေသကြီးသုံးခုတွင် ကွင်းဆင်းလေ့လာ၍ ကန်ထရိုက်စနစ်ဖော်ဆောင်ကာ အထူးပြုကုမ္ပဏီ တည်ထောင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံလုပ်ငန်းရှင်များ အစုအဖွဲ့မှ သိရသည်။

ယင်းအစုအဖွဲ့အနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို စိုက်ဧက စာရင်း၊ ဦးစားပေး အလိုက်စိုက်ပျိုးသည့် ဆီထွက်သီးနှံ အမျိုးအစားများ၊ သွင်းအားစု ကုန်ကျစရိတ်များ၊ အကျိုးတူပူးပေါင်းစိုက်ပျိုးချင်သည့် တောင်သူဦးရေစာရင်း၊ နှစ်အလိုက်ထွက်ရှိနှုန်းများ၊ စိုက်ပျိုးသည့် မျိုးစေ့များ စသည်တို့ကို မကြာခင် စာရင်းကောက်ယူမည်ဟု ယင်းအစုအဖွဲ့စီမံကိန်းမန်နေဂျာ ဦးကျော်ကျော်မင်းက ပြောသည်။

ထိုသို့ စာရင်းများကောက်ယူမှုကို မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လေ့လာ ဆောင်ရွက်မည်ဖြစ်ပြီး ရရှိလာသည့်အချက်အလက်များအပေါ်မူတည်၍ တောင်သူများနှင့် သွင်းအားစုများ ကူညီကာ Contract Farming စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်တိုးအောင် ဆောင်ရွက်သွားမည်ဟု ဆိုသည်။

စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံများကို ဆီစက်လုပ်ငန်းရှင်များနှင့်ပေါင်းစပ်၍ ညှိနှိုင်းကြိတ်ခွဲကာ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင် ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချခြင်းအပြင် ကုန်ချောတင်ပို့ခြင်းကို ဈေးကွက်ဝင် အရည်အသွေးမီ တင်ပို့ရောင်းချသွားရန်၊ မြေပဲဆီ၊ နှမ်းဆီများ ဈေးကွက်သို့ရောင်းချရာတွင် စားအုန်းဆီ ရောနှောပါဝင်ပါက ပါဝင်မှုအချိုးများဖော်ပြပြီး ဈေးနှုန်းသတ်မှတ်ရောင်းချရန် စသည်တို့ကို ဆောင်ရွက်သွားမည်ဟု ဆိုသည်။



မန္တလေးတိုင်းဒေသကြီး မြင်းခြံရှိ ဆီထွက်သီးနှံစိုက်တောင်သူ ဦးအောင်ကျော်စိုးက "ဒီဘက်နယ်မှာက မြေပဲ၊ နှမ်း အများဆုံး စိုက်တော့ ကန်ထရိုက်စနစ်နဲ့သာစိုက်နိုင်ရင် တောင်သူတွေအတွက် ကုန်ကျစရိတ် သက်သာမှာပေါ့၊ နောက် ဈေးကျခဲ့ရင်လည်း လုပ်ငန်းရှင်တွေဘက်က သတ်မှတ်ဈေးနဲ့ ဝယ်ပေးတော့ ဒီစနစ်ကို တောင်သူတွေကိုယ်တိုင် လိုလိုလားလား စိုက်ချင်ကြပေမယ့် အတွေ့အကြုံမရှိကြလို့ စိုက်ဖို့ဝန်လေးနေကြတယ်"ဟု ပြောသည်။

ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးစေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်(Cost of Production) လျှော့ချနိုင်ရေးအတွက် တောင်သူများထံသို့ မျိုး၊ သွင်းအားစု၊ နည်းပညာများနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများပေးရန် လိုအပ်ကြောင်း သိရသည်။

မြန်မာ့ဆီထွက်သီးနှံထုတ်ကုန် တင်ပို့နိုင်ရေးအတွက် အားနည်းချက်များမှာ ဆီအုန်းကဲ့သို့ ထုတ်လုပ်မှုပမာဏ များပြားသော သီးနှံမဟုတ်ခြင်း၊ စိုက်ပျိုးစနစ်နှင့် နည်းပညာသွင်းအားစုများ လိုအပ်ခြင်းနှင့် မြင့်မားသော ရင်းနှီးမြှုပ်နှံမှု မထည့်သွင်းနိုင်ခြင်းကြောင့် အထွက်နှုန်းနည်းခြင်း၊ ထွက်ရှိသော သီးနှံများကို လေလွင့်မှုမရှိအောင် ထိန်းသိမ်းနိုင်မည့် နည်းစနစ်၊ သိုလှောင်ရုံများ မရှိခြင်း၊ ထွက်ရှိလာသော သီးနှံများကို ဈေးကောင်းရရှိစေရန်နှင့် အစားအစာ အန္တရာယ်ကင်းစေသည့် နည်းစနစ်များကို ကျင့်သုံးမှုအားနည်းခြင်း၊ ကုန်ချောထုတ်လုပ်တင်ပို့ခြင်းထက် ကုန်ကြမ်းတင်ပို့မှုသာ များပြားနေခြင်း စသည့်အချက်များ ရှိနေသည်။

မြန်မာနိုင်ငံတွင် ပျမ်းမျှလူတစ်ဦး တစ်နှစ်လျှင် ဆီခြောက်ပိဿာခန့် စားသုံးနေကြရာ လူဦးရေ ၅၆ သန်းအတွက် တစ်နှစ်လျှင် စားသုံးဆီ တန်ချိန် ၅ ဒသမ ၆ သိန်းလိုအပ်ကြောင်း၊ သို့သော်ပြည်တွင်း၌ တစ်နှစ်လျှင် စားဆီကို တန်ချိန် သုံးသိန်းဝန်းကျင်သာ ထုတ်လုပ်နိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

**ဇာလင်းသူ**(AMIA)

# ရှမ်းမြောက်ဒေသထွက် ကြက်သွန်ဖြူကို ထိုင်းနိုင်ငံကဈေးကောင်းပေးဝယ်နေ

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများဖြစ်သည့် မိုင်းပန်၊ လဲချားမှ ထွက်ရှိသော ခရမ်းစွဲကြက်သွန်ဖြူမှာ အရည်အသွေးကောင်းမွန်၍ ထိုင်းနိုင်ငံက ကြိုက်ဈေးပေးဝယ်နေခြင်းကြောင့် ဈေးနှုန်းမြင့်တက်နေကြောင်း ကြက်သွန်ဖြူစိုက်ပျိုးသူများအစုအဖွဲ့မှ သိရသည်။

"ထိုင်းနိုင်ငံက ဝယ်ရင်တော့ ထူး-၁၊ ထူး-၂ ကို အဝယ်များတယ်၊ ဈေးနှုန်းက ကျပ် ၃၀၀၀-၃၅၀၀ ခန့်ရှိပါတယ်၊ တရုတ်ကြက်သွန်ဖြူထက် အရသာကတော့ ရှမ်းကြက်သွန်ဖြူက ပိုမို ကောင်းမွန်ပါတယ်၊ ထူး-၃ နဲ့ ထူး-၄ တို့ကို မျိုးအဖြစ် သုံးစွဲကြပါတယ်၊ ကျောင်းဖွင့်ချိန်မှာ ဈေးကျလေ့ ရှိပါတယ်၊ တာချီလိတ်အထိသာ အရောင်း အဝယ်ဖြစ်ပါတယ်၊ အရင်က မုံရွာလမ်းက အိန္ဒိယကိုပို့တာအခုတော့ မပို့နိုင်တော့ဘူး"ဟု ကြက်သွန်ဖြူအစုအဖွဲ့မှလုပ်ငန်းရှင် ဦးသန်းမောင်က ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကြက်သွန်ဖြူစိုက်ဧက ၃၀၀၀၀ နီးပါး စိုက်ပျိုးကြပြီး တန်ချိန် ၉၀၀၀၀ ကျော် ပိုလျှံကြောင်း၊ ကြက်သွန်ဖြူ အဓိကစိုက်ပျိုးသည့်မြို့နယ်များမှာတောင်ကြီး၊ ပင်လောင်း၊ ဟိုပုံးမြို့နယ်တို့ဖြစ်ကြပြီး ကျန်မြို့နယ်များမှာလည်း အနည်းငယ်စီ စိုက်ပျိုးကြကြောင်း သိရသည်။

"အထွက်နှုန်းအနေနဲ့မျိုးထည့်သွင်းတဲ့ ပိဿာချိန်အပေါ် အခြေခံပြီး တွက်ချက်ကြပါတယ်၊ ကြက်သွန်ဖြူ ပိဿာ ၁၀၀ စိုက်ရင် ခုနစ်ဆ၊ ရှစ်ဆခန့် ထွက်ရှိပြီး လွန်ခဲ့တဲ့ငါးနှစ်ခန့်က ပိဿာချိန် ၁၀၀၀(၁၀ဆ)အထိ ထွက်ရှိခဲ့ဖူးပါတယ်၊ တောင်သူတစ်ဦးနဲ့ တစ်ဦးလည်း ထွက်ရှိမှုနှုန်းထားများ မတူညီကြသလို စိုက်ပျိုးတဲ့မြေ၊ ရာသီဥတု၊ သွင်းအားစုထည့်သွင်းမှုတို့အပေါ် မူတည်ပြီး အထွက်နှုန်းကွာခြားပါတယ်၊ ဒီဒေသထွက်တွေကို ထိုင်းဘက်ကို အများဆုံးပို့တယ်၊ လဲချားကြက်သွန်ဖြူနဲ့ ပင်လောင်းကြက်သွန်ဖြူယှဉ်ရင် ဈေးကွက်မှာ လဲချားနဲ့ မိုင်ပန်ကြက်သွန်ဖြူက ဈေးနှုန်း ပိုမိုရရှိပါတယ်၊ မိုင်းပန်နဲ့ လဲချားကြက်သွန်ဖြူဟာ အမြီးတိုပြီး၊ အရွယ်အစားကွာဟမှုနည်းပါးလို့ ဖြစ်ပါတယ်"ဟု မိုင်းပန်မြို့နယ်မှ ကြက်သွန်ဖြူစိုက်တောင်သူ ဦးမြတ်ဇော်က ပြောသည်။

လက်ရှိ ရှမ်းပြည်နယ်ထွက် ကြက်သွန်ဖြူ ဈေးနှုန်းများမှာ မျိုးခြား ကျပ် ၁၉၀၀၊ ထူး-၁ ကျပ် ၂၀၀၀၊ ထူး-၂ ကျပ် ၂၂၀၀၊ ထူး-၃ ကျပ် ၂၅၀၀၊ ထူး-၄ ကျပ် ၂၈၀၀၊ ထူး-၅ ကျပ် ၃၀၀၀ တို့ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ထွက် ကြက်သွန်ဖြူများကို ရန်ကုန်ပွဲရုံများသို့လည်း တင်ပို့ကြောင်း၊ တာချီလိတ်မှတစ်ဆင့်လည်း ဟိုင်းလပ်ကားများဖြင့် ထိုင်းနိုင်ငံသို့ စီးပွားရေးအဖွဲ့အစည်းများက တင်ပို့ရောင်းချနေကြောင်း သိရသည်။



**ဇာလင်းသူ**(AMIA)

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်း

**(ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ)**

ဒီတစ်ပတ်မှာ အရောင်းအဝယ်ကောင်းတဲ့အတွက် ဆန်ချောရော ဆန်ကြမ်းပါ ဈေးတက်လာခဲ့ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံနီကတော့ ဈေးတက်နေတာ နှစ်ပတ်ဆက်တိုက်ရှိနေပါပြီ။

**ဆန်**

ပြီးခဲ့တဲ့အပတ်က ပုသိမ်ဈေးကွက်မှာ ဆန်ကြမ်းရော ဆန်ချောပါ ဈေးတွေ တက်လာခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပုသိမ်ဈေးကွက်မှာ ဈေးငြိမ်နေပါတယ်။ ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှာတော့ ဆန်ပုံမှန် ဝင်နေပြီး အရောင်းအဝယ်ကောင်းတဲ့အတွက် ဈေးတက်လာပါတယ်။ ရွှေဘိုပေါ်ဆန်းသစ်က တစ်အိတ်မှာ ကျပ် ၆၀၀၀ အထိ အမြင့်ဆုံးဈေးတက်ခဲ့ပြီး အနိမ့်ဆုံးဈေးက တစ်အိတ်ကို ကျပ် ၅၀၀၀၀ ကနေ ၅၂၀၀၀ အထိ ပေါက်ဈေးရှိပါတယ်။ ပေါ်ဆန်းမွှေးသစ်ကတော့ တစ်အိတ်မှာ ကျပ် ၂၀၀၀ လောက်ဈေးတက်သွားပြီး တစ်အိတ်ကို ၃၁၀၀၀ ကနေ ၃၄၀၀၀ အထိ ပေါက်ဈေးရှိပါတယ်။

ဆန်ကြမ်းအမျိုးအစားတွေ ဖြစ်တဲ့ မြီးတုံး၊ နွေသီးထပ်ဆန်၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်း၊ ကြမ်းသစ်ရှယ်နဲ့ရက် ၉၀ သစ်ရှယ်တို့ကလည်း တစ်အိတ်ကို ကျပ် ၂၀၅၀၀ ကနေ ၃၄၀၀၀ အထိ ပေါက်ဈေးရှိနေပြီး တစ်အိတ်မှာ အနိမ့်ဆုံး ကျပ် ၅၀၀ ကနေ အမြင့်ဆုံး ကျပ် ၂၀၀၀ အထိ ဈေးတက်လာပါတယ်။

ပုသိမ်ဈေးကွက်မှာတော့ ရေဝတီပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ကျပ် ၈၇၆၀၀၀ ကျော်၊ ပေါ်ဆန်းရင်က ၇၈၈၀၀၀ ကျော်၊ ဖျာပုံပေါ်ဆန်းက ၈၁၃၀၀၀ ကျော်၊ မနောသုခက ၅၃၃၀၀၀ ကျော်၊ မီးကောက်က ၅၉၈၀၀၀ နဲ့ သီးထပ်ရင်က ၅၈၀၀၀၀ နီးပါးရှိပြီး ပြီးခဲ့တဲ့ အပတ်ကအတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။

**မတ်ပဲ** (FAQ/RC)

ပြီးခဲ့တဲ့အပတ်က အတက်အကျအနည်းငယ်ဖြစ်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ ဈေးတက်လာခဲ့ပါတယ်။ လက်ရှိမှာ အဟောင်းထက် အသစ်တွေက အမြင့်ဈေးရရှိနေပါတယ်။ တောင်သူတွေလက်ထဲမှာတော့ မတ်ပဲအဟောင်းရော အသစ်ပါ မရှိတော့တဲ့ အနေအထားလည်း ဖြစ်နေပါတယ်။

ရန်ကုန်ဝယ်လက်တွေက အဝယ်များတဲ့အတွက် နယ်ကုန်စည်ဒိုင်အချို့မှာလည်း အတက်ဈေးနဲ့ ရှိနေပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ မြန်မာမတ်ပဲ FAQ ရောင်းဈေးက ၄၆၅ ဒေါ်လာရှိပြီး ပြီးခဲ့တဲ့အပတ်ထက် ဒေါ်လာ ၁၅၀ လောက် ဈေးတက်ခဲ့ပါတယ်။ လက်ရှိအချိန်အထိ မြန်မာမတ်ပဲဈေးကွက်အတွင်း ဈေးနှုန်းနည်းနေတဲ့အတွက် အိန္ဒိယကုန်သည်တွေက မြန်မာမတ်ပဲကိုသာ အဝယ်လိုက်နေကြပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲတစ်တန်ကို ကျပ် ၅၆၀၀၀၀ ရှိပြီး တစ်တန်မှာ ကျပ် ၁၅၀၀၀ လောက် ဈေးတက်လာခဲ့ပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ကျပ် ၁၇၂၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀ ဈေးတက်လာပါတယ်။ ပြည်ဈေးကွက်မှာတော့ တစ်တင်းကို ကျပ် ၁၈၃၀၀ နဲ့ ဈေးအပြောင်းအလဲမရှိပေမယ့် နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၅၃၀၀ ရှိပြီး ကျပ် ၇၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ်နဲ့ဆို ဈေးတက်လာတာ သုံးပတ်မြောက် ရှိလာပါပြီ။ ပြည်တွင်းထက် ပြည်ပက အဝယ်လိုက်တဲ့အတွက်ကြောင့် ဈေးတက်လာတာဖြစ်ပါတယ်။ အိန္ဒိယအစိုးရက ပဲစင်းငုံနီတွေကို လက်ရှိ အချိန်အထိ ဝယ်ယူပေးနေတဲ့အတွက် ပဲစင်းငုံကတော့ လက်ရှိပေါက်ဈေးထက် ထပ်ပြီးကျဆင်းနိုင်ဖွယ်နည်းတယ်လို့ Agriwatch က သုံးသပ်ပေးထားပါတယ်။ အိန္ဒိယမှာ မြန်မာပဲစင်းငုံပေါက်ဈေးက ပြီးခဲ့တဲ့အပတ်နဲ့ ဈေးကွာခြားမှု မရှိပေမယ့် အိန္ဒိယပေါက်ဈေးထက် လျော့နည်းနေလို့ အဝယ်တွေကတော့ များနေဆဲအခြေအနေမှာ ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံပေါက်ဈေးက တစ်တန်ကို ကျပ် ၄၇၀၀၀၀ အထိ အမြင့်ဆုံးဈေး ရရှိနေပြီး တစ်ပတ်အတွင်း တစ်တန်မှာ ကျပ် ၃၀၀၀၀ နီးပါး ဈေးတက်လာခဲ့ပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ကျပ် ၁၄၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀ ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၄၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၁၃၀၀ ဈေးတက်လာပါတယ်။ ကျန်ကုန်စည်ဒိုင်တွေမှာတော့ တစ်တန်ကို ကျပ် ၁၂၅၀၀ ကျော်ရှိပြီး ဈေးအပြောင်းအလဲ မရှိပါဘူး။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ လက်ရှိမှာ ဈေးကျဆင်းနေတာ နှစ်ပတ်ဆက်တိုက်ရှိနေပါတယ်။ အဝင်ကလည်း ပုံမှန်ရှိပြီး အရောင်းအဝယ်ကလည်း ပုံမှန်အနေအထားမှာ ရှိနေပေမယ့် ဈေးကျဆင်းနေခဲ့တာလည်း ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ ပဲတီစိမ်းခွဲခြမ်းတွေ အဝယ်များလာပြီး ပြီးခဲ့တဲ့အပတ်ထက်လည်း မြန်မာပဲတီစိမ်းတွေ ဈေးတက်လာခဲ့ပါတယ်။ အိန္ဒိယဆိပ်ကမ်းအရောက် ပဲတီစိမ်းက ဒေါ်လာ ၇၀၀ ကျော် ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်ထက် ဒေါ်လာ ၁၀၀ လောက် ဈေးတက်လာခဲ့ပါတယ်။ ပြည်ပမှာ အတက်ဈေးနဲ့ရှိနေပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ အကျဈေးနဲ့ ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ပခုက္ကူ၊ ပဲခူး၊ ခရမ်းရွှေဝါ)တို့က တစ်ပိဿာကို ကျပ် ၁၂၀၀ ကနေ ၁၇၀၀ ပတ်လည် ဈေးရရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၁၀၀၀ ကနေ ၂၁၇၅၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၅၀ လောက် ကျဆင်းသွားပါတယ်။ ပြည်၊ မြင်းခြံနဲ့ နေပြည်တော် ကုန်စည်ဒိုင်တို့မှာတော့ ကျပ် ၂၄၀၀၀ နဲ့ ဈေးအပြောင်းအလဲ မရှိပါဘူး။

**ကုလားပဲ**

ကုလားပဲကတော့ ပြီးခဲ့တဲ့အပတ်ကလည်း ဈေးကျဆင်းခဲ့ပြီး ဒီတစ်ပတ်မှာလည်း ဈေးကျဆင်းနေဆဲ အခြေအနေပါ။ ကုလားပဲ အသစ်တွေလည်း ဝင်နေတဲ့အတွက် အရောင်းအဝယ်ကတော့ ရက်ခြားသာ ရှိနေခဲ့ပါတယ်။ အိန္ဒိယနိုင်ငံကလည်း ထပ်ပြီး ပြည်ပသွင်းကုန်ခွန်ကို ၄၀ ရာခိုင်နှုန်း ထပ်တိုးလိုက်တဲ့အတွက် အကျဈေးကလည်း ပြန်ပြီးဆွဲမထူနိုင်လောက်အောင် ဖြစ်နေပါတယ်။ ဈေးက ထပ်ပြီးလည်း ကျဆင်းနိုင်တယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

ပြီးခဲ့တဲ့အပတ်က မုံရွာကုန်စည်ဒိုင်မှာ ဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲလုံးဝါက ကျပ် ၁၀၀၀ ခန့် ဈေးကျဆင်းသွားခဲ့သလို ကုလားပဲလုံးဖြူကလည်း ကျပ် ၁၀၀၀ လောက် ဈေးကျသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ပဲလုံးဝါ တစ်တင်းကို ကျပ် ၂၉၀၀၀ ရှိပြီး ကျပ် ၅၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**စားအုန်းဆီ**

အကျဈေးနဲ့ရှိနေတဲ့ စားအုန်းဆီက ဒီ တစ်ပတ်မှာတော့ မုံရွာကုန်စည်ဒိုင်မှာ ဈေးတက်လာခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်ပိဿာကို ငါးကျပ်နှုန်းလောက် ဈေးတက်ခဲ့ပြီး တစ်ပိဿာကို ကျပ် ၁၇၀၀ ရှိပါတယ်။ မန္တလေး ပွဲစားကုန်သည်စက်ပိုင်အသင်းမှာလည်း တစ်ပိဿာကို ကျပ် ၁၇၀၀ လောက်ရှိပြီး တစ်ပိဿာမှာ ကျပ် ၂၀ ခန့် ဈေးတက်လာခဲ့ပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ ၁၇၃၅ ကျပ်၊ နေပြည်တော် ကုန်စည်ဒိုင်မှာ ၁၈၀၀ ကျပ်၊ ပခုက္ကူကုန်စည်ဒိုင်မှာ ၁၇၃၀ ကျပ်နဲ့ ပြည်ကုန်စည်ဒိုင်မှာတော့ ၁၆၆၀ ရှိပြီး တစ်ပိဿာမှာ ၁၀ ကျပ်လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။



**ဝတ်ရည်မွန်** (AMIA)

# နွေစပါး လျာထားကေအားလုံးကို ငလိုက်ရေလှောင်တမံမှ ရေပေးဝေထားပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ငလိုက်ရေလှောင်တမံမှ ယခုနှစ် နွေစပါးစိုက်ပျိုးရေကို ဇန်နဝါရီ ဒုတိယပတ်မှ စတင်ပေးဝေခဲ့ရာ ယခုအချိန်တွင် လျာထားချက် ကေအာလုံးကို ရေပေးဝေထားပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



ငလိုက်ရေလွှဲဆည်မှ လက်ယာတူးမြောင်းမှ ပျဉ်းမနားမြို့အလျင်လိုကွင်းသို့ နွေစပါးစိုက်ပျိုးရေပေးဝေမှုကို တွေ့ရစဉ်။

"ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ ငလိုက်ရေလှောင်တမံမှာ နွေစပါးအတွက် ကေ ၃၀၀၀ ကျော်ကိုသာ စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ တမံအတွင်း ကန်ရေပြည့်ရေလှောင်ပမာဏအထိ ရောက်လာခဲ့ပြီး ၄၀၃၆ ကေအထိအောင် စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပါတယ်၊ ရေပေးရာမှာလည်း တောင်သူတွေကို အခါတိုင်းနှစ်တွေကလို ဖေဖော်ဝါရီလထိအောင် မနေဘဲ ဒီနှစ်မှာ ဇန်နဝါရီ ၁၅ ရက်ကတည်းက စတင်ပေးခဲ့တာဆိုတော့ နွေစပါးစိုက်ပျိုးရေကို ယခင်နှစ်တွေကထက်ပိုစောပြီး ပေးဝေနိုင်ခဲ့ပါတယ်၊ အခုချိန်မှာ လျာထားချက် ကွင်းအားလုံးအထိ ရေရောက်ရှိသွားပါပြီ"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ငလိုက်ဆည်တာဝန်ခံ ဦးစီးအရာရှိ ဦးခင်မောင်အေးက ပြောသည်။

စိုက်ပျိုးရေပေးဝေရာတွင် ငလိုက်ရေလှောင်တမံမှရေကို ငလိုက်ရာဘာရေလွှဲဆည်မှတစ်ဆင့် လက်ဝဲမြောင်း၊ လက်ယာမြောင်းများမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ် စုစုပေါင်းငါးမြို့နယ်ရှိ သက်ဆိုင်ရာ ကွင်းများအလိုက် ရေပေးဝေခြင်းဖြစ်ကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးမှုအခြေအနေနှင့် ပတ်သက်ပြီး "ကျွန်တော်တို့အနေနဲ့ နှစ်စဉ် အောက်တိုဘာလမှာ ဆည်၊ ကန်၊ ရေလှောင်တမံတွေအတွင်းမှာရှိတဲ့ ရေသိုလှောင်နိုင်မှုပမာဏအပေါ် မူတည်ကာ မိုးစပါးအောင်ရေအတွက် ရေပေးဝေမှုပမာဏ၊ မြို့ပြသုံးရေအတွက် ပေးဝေရမှုပမာဏနဲ့ သိုလှောင်လက်ကျန်ရေပမာဏကို တွက်ချက်ပြီး နွေစပါးအတွက် ရေပေးဝေတာဖြစ်ပါတယ်၊ ဒါကြောင့် ဒီ ၂၀၁၇-၂၀၁၈ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အတည်ပြုချက်နဲ့ စိုက်ပျိုးရေပေးဝေခဲ့တာဖြစ်ပါတယ်၊ လက်ရှိရေပေးဝေမှုအခြေအနေကိုလည်း Farmer Friend လို့ခေါ်တဲ့ တောင်သူ့မိတ်ဆွေအဖွဲ့တွေနဲ့ ဆည်မြောင်းဝန်ထမ်းတွေက နေ့စဉ်ကွင်းဆင်းပြီး တောင်သူတွေရဲ့ ရေလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝမ်းက ပြောသည်။

"ဒီနှစ်မှာ နွေစပါးစိုက်ပျိုးမှုကတော့ တော်တော်လေး အခြေအနေကောင်းပါပြီ၊ စိုက်ပြီးတဲ့သူလည်း တချို့စိုက်ပြီးကြပြီ၊ တချို့လည်း စိုက်ပျိုးနေကြတယ်၊ ဆည်ရေဝင်ရောက်မှုလည်းများတော့ အကုန်လုံး အဆင်ပြေပါတယ်၊ ခါတိုင်းဆို ဆည်မြောင်းက နွေစပါးအတွက် ဖေဖော်ဝါရီလောက်မှ ပေးတာ၊ ဒီနှစ်တော့ စောစောပေးတယ်၊ စောစောရေရလို့ ဝမ်းသာပါတယ်၊ အဆင်ပြေတဲ့အတွက် ဒီနှစ်မှာစိုက်ပျိုးရတာ အားရကျေနပ်မှု ရှိပါတယ်"ဟု အဆင့်မြင့်လယ်ယာမြေ စနစ်ဖြင့် နွေစပါး ၁၀ ကေ စိုက်ပျိုးထားသူ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာမှ တောင်သူဦးကျော်မြင့်ဦးက လက်ရှိစိုက်ပျိုးရေးလုပ်ငန်း အခြေအနေကို ရှင်းပြသည်။

ယခုနှစ်တွင် ရေဝင်ရောက်မှုစောပြီး စိုက်ပျိုးရေဖူလုံစွာ ရရှိသဖြင့် နွေစပါးကို အဆင်ပြေစွာ စိုက်ပျိုးရသောကြောင့် ဒေသခံတောင်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ ။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

# အမေရိကန်အပါအဝင် နိုင်ငံဆယ်နိုင်ငံသို့ မြန်မာ့ပုစွန်တင်ပို့မည်



အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ကြပ်မတ်သည့် အမေရိကန်အပါအဝင် ဩစတြေးလျနှင့် တရုတ်(တိုင်ပေ)တို့သို့ မြန်မာ့ပုစွန်များ ပြည်ပတင်ပို့နေရပြီး အခြားနိုင်ငံများကလည်း ဝယ်လိုအားကောင်းလာကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ဂျပန်အပါအဝင်၊ ဥရောပနဲ့ တရုတ်ဘက်က ဝယ်လိုအား ကောင်းလာတယ်၊ ရေထွက်ပစ္စည်း အများဆုံးတင်သွင်းတဲ့ နိုင်ငံတွေဖြစ်လို့ တန်ဖိုးမြှင့်ထုတ်ပြီး ပို့နိုင်ဖို့ ရေရှည်နည်းလမ်းပေါ့၊ မြန်မာနိုင်ငံထုတ်တံဆိပ်တွေ (Made in Myanmar) ကပ်နိုင်ဖို့လည်း ဆောင်ရွက်နေတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝင်းမြင့်က ပြောသည်။ မြန်မာ့ပုစွန်ကို ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်၍ တင်ပို့မှုတိုးတက်လာကြောင်း၊ ပြည်တွင်းမှာလည်း စားသုံးမှုတိုးတက်လာကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် တောင်ပေါ်ဒေသများသို့ ၄၈ နာရီအတွင်း ဖြန့်ဖြူးပေးလာနိုင်ကြောင်း သိရသည်။

"အမေရိကန်လိုနိုင်ငံကို ရေထွက်ပစ္စည်းတွေ ပို့မယ်ဆိုရင် သန့်ရှင်းလတ်ဆတ်မှု၊ ထုပ်ပိုးစနစ်ကအစ ဂရုပြုရတယ်၊ ပိုးသတ်ဆေး ဓာတ်ကြွင်းကျန်ရှိမှုတွေ၊ ထုပ်ပိုးမှုနည်းစနစ် မမှန်ကန်တာတွေ၊ ခေတ်မီတဲ့ ထုပ်ပိုးမှုနည်းစနစ်နဲ့ ထုပ်ပိုးခြင်းမပြုတာတွေ၊ အဲဒါတွေနဲ့ ပတ်သက်ပြီး စံချိန်စံညွှန်းမမီလို့ ရေထွက်ပို့ကုန်အချို့ ကိုယ့်နိုင်ငံကို ပြန်ပို့ခံရတာတွေလည်း ရှိနေတယ်၊ ဒါပေမယ့် ဈေးနှုန်းရရှိမှုကပိုတော့ ကိုယ့်ဘက်ကလည်း ဂရုပြုရတာပေါ့၊ အမေရိကန်ကို ပို့တဲ့ ရေထွက်ကုန်တွေထဲမှာ ငါးနဲ့ ပုစွန်က အများဆုံးဖြစ်တယ်၊ ပုစွန်တင်ပို့မှုကနေ တစ်နှစ်ကို ကန်ဒေါ်လာ နှစ်သန်းနီးပါးအထိ ရလာတယ်"ဟု ရေထွက်ပို့ကုန်လုပ်ငန်းရှင် ဒေါက်တာသောင်းမြတ်က ပြောသည်။

မြန်မာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ဆန်၊ ပဲအမျိုးမျိုး၊ အခြားသစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများဖြစ်သည့် ငါးအမျိုးမျိုး၊ ပုစွန်၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက် ရှိရာ ပုစွန်တင်ပို့ရာတွင် ပင်လယ်လိပ်များကို ထိခိုက်စေသည့် နည်းလမ်းများဖြင့် ဖမ်းယူထားသော ပုစွန်ရိုင်းများ တင်သွင်းခြင်းကို တားမြစ်ထားကြောင်း၊ ပုစွန်ဖမ်းဆီးသည့် နည်းလမ်းနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်စစ်ဆေးသည့်အဖွဲ့၏ စစ်ဆေးမှုရလဒ်များအပေါ် အခြေခံ ပြီးမှ ပုစွန်တင်သွင်းခွင့် လက်မှတ်ကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း အမေရိကန်နိုင်ငံသို့ တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ၏ ရေထွက်ကုန်စည်များအပေါ် အမေရိကန်နိုင်ငံမှ ငြင်းပယ်ခဲ့မှုများလည်း ရှိခဲ့ကာ ကုမ္ပဏီ ၁၃ ခု၏ တင်ပို့မှုအကြိမ်အရေအတွက် ၂၇ ကြိမ်မှာ ငြင်းပယ်ခံခဲ့ရကြောင်း သိရသည်။ **မြတ်သူ**(AMIA)

# သီး၊ ဆိတ် မွေးမြူတင်ပို့မှုဇုန် တည်ထောင်ရန် စီစဉ်သွားမည်

သိုးနှင့် ဆိတ်ကို အများဆုံးမွေးမြူသည့် ပခုက္ကူမြို့နယ် နတ်တောင်စင်ကျေးရွာတွင် မြန်မာနိုင်ငံကိုယ်စားပြု သိုး၊ ဆိတ် မွေးမြူတင်ပို့မှု တိုးတက်ပေါင်းစပ်ညှိနှိုင်းရေးအသင်းကို ဖွဲ့စည်းလိုက်ပြီးနောက် ထိုအသင်းက တောင်စင်ရွာတွင် ဇုန်တစ်ခုဖွံ့ဖြိုးလာသည်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ထိုအသင်းအနေဖြင့် သိုး၊ ဆိတ် မွေးမြူရေးဇုန် ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရန်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းရန်၊ ရောင်းဝယ်ရေးကဏ္ဍတွင် ဈေးကွက်ရှာရန်၊ ဈေးနှိမ်မခံရအောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် စသည့်အချက်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အသင်းတွင် သိုး၊ ဆိတ် မွေးမြူသူ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဆက်စပ်ကဏ္ဍ ဆောင်ရွက်နေသူများ ပါဝင်ကြောင်း သိရသည်။

စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက "ဖွဲ့စည်းရတဲ့အဓိက ရည်ရွယ်ချက်က ဒေသတွင်း အလုပ်အကိုင် ဖွံ့ဖြိုးလာစေဖို့နဲ့ ကြုံတွေ့ရမယ့် အခက်အခဲတွေ စိန်ခေါ်မှုတွေကို ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ပါ၊ ပါဝင်တဲ့ ကိုယ်စားလှယ်တွေကနေ ကဏ္ဍတစ်ခုလုံး ချိတ်ဆက်မှုတွေကို ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့နဲ့ ပြည်ထောင်စုအဆင့်အထိ အဆင့်ဆင့် တင်ပြဆောင်ရွက်နိုင်ဖို့ပါ"ဟု ပြောသည်။

လက်ရှိတွင် ဆိတ်အရှင် လိုင်စင်ထုတ်ပေးမှု၊ အမှန်တင်ပို့မှု၊ တိုင်းဒေသကြီးပြည်နယ်အလိုက် မွေးမြူထုတ်လုပ်မှု၊ ဖြစ်ပေါ်နိုင်သည့် တိရစ္ဆာန်ကျန်းမာရေး ရောဂါများ၊ အသေးစိတ် စီမံကိန်း မူကြမ်းများ၊ ခန့်မှန်းကုန်ကျစရိတ်များ၊ ဘတ်ဂျက်ရရှိရေး၊ အသင်းအဖွဲ့ဖွဲ့စည်းခြင်း မူကြမ်းများကို ဆွေးနွေးပွဲများတွင် ဆက်စပ်ဝန်ကြီး ဌာနများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ပူးပေါင်းဆွေးနွေးကာ ထုတ်လုပ်မှုတိုးတက်ရေး၊ နည်းပညာအသုံးပြု မွေးမြူနိုင်ရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးတို့ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီးသည် ဆိတ်မွေးမြူမှုအများဆုံး တိုင်းဒေသကြီးဖြစ်ပြီး သီးနှံစိုက်ပျိုး၍မရသော ကျောက်စရစ်ကုန်းမြေရေိယာ ပေါ်များသည့် ရေစကြိုမြို့တွင် မွေးမြူမှုက အများဆုံးဖြစ်ကြောင်း၊ ဆိတ်ကို တရုတ်နိုင်ငံဘက်မှ ဝယ်လက်ရှိနေပြီး ဆိတ်သားဈေးနှုန်းမှာလည်း ယခင်နှစ်များထက် မြင့်တက်လာသောကြောင့် မွေးမြူသူ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။ **မြတ်သူ**(AMIA)

# ဇီးကုန်းမြို့နယ်အတွင်းမှ ကျေးရွာများ၌ ဘော်ဘင်ဆည်ရေဖြင့် နွေစပါးတိုးတက်စိုက်ပျိုး

**ဇီးကုန်း ဖေဖော်ဝါရီ ၁၈**

ဘော်ဘင်ရေလှောင်တမံ (၂)ကို ၁၉၉၉ ခုနှစ် မတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် မတ်လတွင် ပြီးစီးခဲ့သည်။ ဆည်၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၂၆၆၀၀ ကေပေရှိပြီး ယခုနှစ်တွင် ကန်ရေပြည့် သိုလှောင်ထားနိုင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်မှ စပါးစိုက်ပျိုးတောင်သူများအနေဖြင့် ဆည်ရေသောက်စနစ်ဖြင့် နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ဘော်ဘင်ရေလှောင်တမံ(၂)မှ ဆည်ရေကို ဒီဇင်ဘာ ၁၅ ရက်မှစ၍ ရေစတင်ပေးဝေခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက ဇီးကုန်းမြို့နယ် ဘော်ဘင်ကျေးရွာအနီး မြောင်းမကြီးပေါင်ပေါ်တွင် ရေစတင်ပေးဝေမည့်ရက်စွဲ၊ ရေပေးဝေမည့် တူးမြောင်းများ၊ ရေယူသုံးစွဲရာတွင် အခက်အခဲရှိပါက ဆက်သွယ်အကူအညီတောင်းခံရန် တာဝန်ခံဝန်ထမ်းများ၏ တယ်လီဖုန်းနံပါတ်များ ပါရှိသော အသိပေးဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများသို့ နိုဝင်ဘာလအတွင်းက ကွင်းဆင်း၍ နွေစပါးစိုက်ပျိုးရေ ပေးဝေမည့်အချိန်ကို ကြိုတင်အသိပေးခဲ့ပြီး လိုအပ်သည့် တူးမြောင်းပြုပြင်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကံကြီးကျေးရွာ (ကြိုးဝိုင်းကွင်း)၊ ဘုရားပျိုကျေးရွာအုပ်စု ကျွဲကွင်းကျေးရွာနှင့် မီးကောက်ပင်ကျေးရွာအုပ်စု ဒိုးနွယ်ရွာသစ်ကျေးရွာများမှာ ဆည်ရေဖြင့်နွေစပါးစိုက်ပျိုးလျက်ရှိကြောင်း၊ ဇီးကုန်းမြို့နယ် ရွာဝိုင်းကြီးကျေးရွာနှင့် သင်ကန်းကျေးရွာတို့တွင် ဆောင်းသီးနှံမတ်ပဲများ စိုက်ပျိုးထားရှိရာ ရိတ်သိမ်းပြီးပါက ဘော်ဘင်ရေလှောင်တမံ (၂)မှ ဆည်ရေဖြင့် နွေစပါး ၃၄၇ ကေကို သီးထပ်အဖြစ် ဆက်လက်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ထားရှိကြောင်းလည်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဘော်ဘင်ရေလှောင်တမံ(၂)မှ ဆည်ရေဖြင့် ဇီးကုန်းမြို့နယ်တွင် နွေစပါးစိုက်ကေ စုစုပေါင်း ၉၅၈ ကေ စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်တွင် နွေစပါးတိုးချဲ့စိုက်ပျိုးသော ကျေးရွာများမှာ ကံကြီးကျေးရွာအုပ်စု(ကြိုးဝိုင်းကွင်း)နှင့် ဘုရားပျိုကျေးရွာအုပ်စုမှ ကျွဲကွင်း ကျေးရွာတို့ဖြစ်ကြောင်း၊ ဆည်ရေရရှိပါက နွေစပါးစိုက်ပျိုးမည်ဖြစ်ကြောင်း တောင်သူများက တင်ပြလာသဖြင့် အချိန်မီ တူးမြောင်းများပြုပြင်၍ ရေပေးဝေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ဘော်ဘင်ရေလှောင်တမံ(၂)၌ ရေပိုမိုသိုလှောင်ထားနိုင်ခဲ့ခြင်း၊ ယခင်နှစ်က မတ်ပဲကို အားထားစိုက်ပျိုးခဲ့ကြသော ဒေသခံတောင်သူများက ယခုနှစ်တွင် နွေစပါးပြောင်းလဲစိုက်ပျိုးရန် အဆိုပြုတင်ပြခြင်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ရေပေးတူးမြောင်းကို အချိန်မီ ပြုပြင်ပြင်ဆင်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် ဇီးကုန်းမြို့နယ်အတွင်း နွေစပါး ၁၂၅၈ ကေ စိုက်ပျိုးရန်လျာထားနိုင်ခဲ့ပြီး ယခင်နှစ်ကထက် ကေ ၃၀၀ တိုးတက်၍ စိုက်ပျိုးလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**



# ကျွန်တော်နဲ့ အောင်မြင်မှု



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

လူတိုင်း အောင်မြင်လိုကြတယ်။ ဒါကြောင့်လည်း အောင်မြင်မှုနဲ့ ပတ်သက်တဲ့ ဟောပြောပွဲတွေ လုပ်ကြတယ်။ စာအုပ်တွေ၊ စာတမ်းတွေ ရေးကြတယ်။ နိုင်ငံတကာမှာ ဒီအလုပ်ဟာ စီးပွား ဖြစ်တယ်။ လူကြိုက်များတယ်။ အင်္ဂလိပ်စာနဲ့ ရေးသားထားတဲ့ စာအုပ်တွေကို မြန်မာလို ဘာသာပြန်ကြတယ်။ မြန်မာပြည်မှာ လည်း ခေတ်စားလာတာ တွေ့ရတယ်။ အောင်မြင်မှုနည်းလမ်း တွေကို ရေးကြတယ်။ အင်္ဂလိပ်က ဘာသာပြန်ထားတာကို မဖော်ပြဘဲ ကိုယ်ကိုယ်တိုင်ရေးသားတဲ့ပုံစံနဲ့ ပုံမှားရိုက်ကြ တယ်။

### မှားတာကို မှန်တယ်လို့ ပြောလို့မရ

အောင်မြင်မှုနဲ့ ပတ်သက်ပြီး ဟောကြတဲ့သူတွေကို ကြည့်ပြန်တော့ သူတို့ကိုယ်တိုင် ဘယ်လောက်အောင်မြင် နေသလဲဆိုတာတော့ မေးခွန်းထုတ်စရာပဲ။ ဒါတွေပြောမိတာ ပုဂ္ဂိုလ်ရေးအရ ထိခိုက်လိုတဲ့စိတ်နဲ့ မဟုတ်ပါဘူး။ အရှိကို အရှိတိုင်း သိစေချင်လို့ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အတု အပတွေက တဖြည်းဖြည်းများလာတယ်။ ဝမရှိဘဲ ဝိလုပ်ချင်တဲ့ သူတွေက အပြည့်။ ဟန်ဆောင်ကောင်းလိုက်ကြတာ။ ကိုယ့်ရဲ့ လိပ်ပြာကို သန့်အောင် ဘယ်လိုလုပ်ကြသလဲ မသိဘူး။ သိချင် လိုက်တာ။ ကျွန်တော်ကလည်း ခပ်ပြတ်ပြတ်ပဲ ။ မဟုတ်တာကို ဘယ်တော့မှ လက်မခံဘူး။ ကိုယ်နဲ့မှ မဆိုင်တာ အနေသာကြီးပဲ လို့ ပြောကြမှာ။ ဒါပေမယ့် မှန်တာသိရက်နဲ့ နှုတ်ပိတ်နေရင် မှားတဲ့သူတွေ ကြီးစိုးသွားမှာ။ ဒါကိုတော့ အဖြစ်မခံနိုင်ဘူး။ လူမိုက်လုပ်တာ မဟုတ်ပေမယ့် မှားတာက မှားသလို၊ မှန်တာ ကလည်း မှန်တာ ပဲ။ မှားတာကို မှန်တယ်လို့ ပြောလို့မရဘူး။

### လမ်းမှားမရောက်စေချင်

ကျွန်တော်က လူငယ်တွေကို အားကိုးတယ်။ လူငယ်တွေ က အပြစ်ကင်းတယ်၊ သန့်ရှင်းတယ်၊ ရိုးသားတယ်။ ဒါကြောင့် သူတို့ လမ်းမှားမရောက်စေချင်ဘူး။ အောင်မြင်မှုကို သုံးသပ် ရင် ပင်လယ်ထဲမှာရှိတဲ့ ရေခဲတောင်အဖြစ် မြင်နိုင်တယ်။ ရေပြင်ပေါ်မှာပေါ်နေတဲ့ အစိတ်အပိုင်းက ခပ်သေးသေး၊ ရေအောက်မှာရှိတဲ့ အစိုင်အခဲကအကြီးကြီး၊ ဒါပေမယ့် လူတွေ က မမြင်ကြဘူး။ မသိကြဘူး။ အောင်မြင်မှုနဲ့ပတ်သက်လာရင် မြင်သာတာတွေက ဂုဏ်၊ ရာထူး၊ ကြွယ်ဝချမ်းသာမှု၊ နာမည် ကြီးမှု၊ ဒါတွေကိုပဲမြင်ကြတော့ ဒါတွေကိုပဲ အာရုံပြုကြတယ်။ ဒါပေမယ့် ဒါတွေရဖို့ မမြင်နိုင်တာတွေ၊ မမြင်သာတာတွေက ကြိုးစားအားထုတ်မှု၊ ဇွဲလုံ့လ အခက်အခဲတွေကို ရင်ဆိုင်နိုင်စိတ်၊ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်သိက္ခာမြင့်မားမှု ဒါတွေကို မမြင်ကြဘူး။ မစဉ်းစားမိကြဘူး။ မဆွေးနွေးကြဘူး။

### ဖြတ်လမ်းမရှိ

တချို့က နေ့ချင်းညချင်း အောင်မြင်မှုရနိုင်တယ်လို့ ပြောကြတယ်။ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အောင်မြင်မှုနဲ့ ပတ်သက်လာရင် ဖြတ်လမ်းမရှိဘူး။ ခရီးကအရှည်ကြီး။ အောင်မြင်မှုနဲ့ပတ်သက်လာရင် ရောက်တာမရှိဘဲ လျှောက်တာ သာရှိတာကို သဘောပေါက်ဖို့လိုတယ်။ တစ်ခုအောင်မြင်ပြီးရင် နောက်တစ်ခုကို ရင်ဆိုင်ပြီးလုပ်ရမှာ။ အောင်မြင်မှုနဲ့ပတ်သက်ပြီး တစ်နေ့က ကွယ်လွန်သွားတဲ့ ကျွန်တော့်ရဲ့ညီ ဦးတင်ထွန်းသက် အကြောင်း စဉ်းစားမိတယ်။ ရေဝေးမှာ အသုဘက အားရ ကျေနပ်စရာပဲ။ နာရေးအတွက် လာရောက်အားပေးကြသူတွေ ကို လျှံနေတာ။ ပန်းစည်းတွေ၊ ပန်းခြင်းတွေကလည်း များလွန်းလို့ ထားစရာ အခက်အခဲဖြစ်ခဲ့တယ်။ လာရောက်လှူဒါန်းတဲ့ သက်န်းတွေက ရာကျော်၊ ဝမ်းနည်းကြောင်း သတင်းစာထဲမှာ လည်း အပြည့်၊ သူ့ဘဝအကြောင်းစဉ်းစားရင် သုညကစရတယ်။ ဘူမိဗေဒဘွဲ့ရပြီး ဘရေမှာ အလုပ်ဝင်တယ်။ မှန်တာလုပ်တော့ လူကြီးတွေက မကြိုက်ဘူး။ မျက်နှာသာမပေးဘူး။ နောက်ဆုံး ရွှေကျွန်းကို လွှတ်လိုက်တော့ အလုပ်က ထွက်လိုက်တယ်။ ကိုယ်ပိုင် Workshop ထောင်ပြီး ကားပြင်တယ်၊ အပင်ပန်း ခံတယ်။ အခုလို ပင်ပင်ပန်းပန်းလုပ်ရင်း စီးပွားရေးလုပ်ငန်း တစ်ခု ထောင်ခဲ့တယ်။ ဆောက်လုပ်ရေးလောကထဲ ဝင်ရောက် ခဲ့ပြီး ရန်ကုန်မြို့မှာရော၊ နေပြည်တော်မှာပါ အလုပ်တွေ လုပ်ခဲ့တယ်။ ထူးခြားတာတစ်ခုက အလုပ်ကို ရိုးရိုးသားသားလုပ်တယ်။ ပေးတာကမ်းတာကို ရှောင်ခဲ့တယ်။ သူ့ရဲ့ ဇနီးကလည်း တစ်ဖက်တစ်လမ်းက ကူတယ်။ သားသုံးယောက်စလုံးက သူ့နယ်ပယ်နဲ့သူ အောင်မြင်တယ်။ ထူးချွန်တယ်။ သူက စိတ်ဆတ်တယ်။ မဟုတ်မခံ စိတ်ထဲရှိတာ ပွင့်ပွင့်လင်းလင်း ပြောတယ်။

> “အောင်မြင်မှုနဲ့ပတ်သက်လာရင် မြင်သာတာတွေက ဂုဏ်၊ ရာထူး၊ ကြွယ်ဝချမ်းသာမှု၊ နာမည်ကြီးမှု၊ ဒါတွေကိုပဲ မြင်ကြတော့ ဒါတွေကိုပဲ အာရုံပြုကြတယ်၊ ဒါပေမယ့် ဒါတွေရဖို့ မမြင်နိုင်တာတွေ၊ မမြင်သာတာတွေက ကြိုးစားအားထုတ်မှု၊ ဇွဲလုံ့လ အခက်အခဲတွေကို ရင်ဆိုင်နိုင်စိတ်၊ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်သိက္ခာမြင့်မားမှု ဒါတွေကို မမြင်ကြဘူး”

### ကိုယ်ကျင့်တရားဟာ အရေးကြီးဆုံးဖြစ်

သူက အမျိုးကို စောင့်ရှောက်တယ်။ အဖေ့ဘက်က၊ အမေ့ဘက်က အားလုံး သူ့ကျေးဇူးနဲ့ ကင်းတဲ့လူရှားတယ်။ အလုပ်ပေးတယ်။ ငွေထောက်ပံ့တယ်။ အပေါက်ဆိုးတယ်လို့ မြင်ရပေမယ့် ပွင့်လင်းတယ်။ သားတွေကို ချစ်တာကတော့ နမူနာယူထိုက်တယ်။ သားတွေလက်ထပ်တဲ့ ချွေးမတွေဟာ သူ့အတွက်တော့ သမီးအရင်းတွေ။ မြေးသုံးယောက်ကိုလည်း တုန်နေအောင်ချစ်တယ်။ တူ၊ တူမတွေကို အလိုလိုက်တယ်။ ကျွန်တော့်သမီးလိုချင်လွန်းလို့ ခွေးတစ်ကောင် လက်ဆောင် ပေးတယ်။ အခုချိန်အထိ အိမ်မှာ ရှိသေးတယ်။ ကျွန်တော့်ရဲ့ သမီးကို အထူးဂရုစိုက်တယ်။ ကျွန်တော့်ရဲ့ဇနီးကိုလည်း ညီမ အရင်းလို။ အခုလို အစစအရာရာ လိုက်နာခဲ့လို့ သူ့မှာ လူချစ် လူခင်များတယ်။ သူ့ကျေးဇူးကင်းတဲ့သူ ဆွေမျိုးထဲမှာ ရှားတယ်။ ဒါတွေကြောင့် သူ့ရဲ့နောက်ဆုံးအချိန်မှာ အစစအရာရာ အဆင် ပြေတယ်။ သူ့ရဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေ ရောက်လာ ကြတယ်။ အခုလိုဖြစ်တာဟာ အာဏာရှိလို့ မဟုတ်ဘူး။ ရာထူး ရှိလို့လည်း မဟုတ်ဘူး။ ငွေနဲ့ လည်း မဆိုင်ဘူး။ ဇနီး၊ သားသမီး ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း တပည့်တွေရဲ့ မေတ္တာ ကြောင့် ဖြစ်တယ်။ သူ့ရဲ့ ဖြူစင်တဲ့ စေတနာကို တုံ့ပြန်ကြတာ။ ကျွန်တော့်ကို ညီတော်မောင်ထက် လူတွေသိကြတယ်။ ဒါပေမယ့် တကယ်အောင်မြင်မှုရသူက သူသာဖြစ်တယ်။ လူ့ဘဝရဲ့နောက်ဆုံးအချိန်မှာ ဘဝတစ်ခုလုံးကို ချိန်ခွင်လျှာနဲ့ တိုင်းကြတယ်။ သူ့ဘဝဟာ အေးချမ်းသွားပြီ။ လုပ်စရာရှိတာတွေ လုပ်နိုင်သလို၊ မိသားစုအပေါ် တာဝန်ကျေပွန်ခဲ့သူ၊ နောက်ဆံ တင်းစရာမလိုအောင် သူ့ဘဝကို သူစီမံနိုင်ခဲ့တယ်။ ဒါကြောင့် လည်း အောင်မြင်မှုကို စဉ်းစားတဲ့နေရာမှာ ရုပ်ပိုင်းဆိုင်ရာတွေ ထက် သိမ်မွေ့တဲ့၊ နူးညံ့တဲ့ မေတ္တာတရား သံယောဇဉ် စေတနာတွေက အဓိကဖြစ်တယ်။ အထူးသဖြင့် အကျင့်သီလ ကိုယ်ကျင့်တရားဟာ အရေးကြီးဆုံးဖြစ်တယ်။ မှန်တာကို တွေးရဲရမယ်။ မှန်တာကို ပြောရဲရမယ်။ မှန်တာကို လုပ်ရဲရမယ်။ မှန်သုံးမှန်ကို လက်ဆုပ်ထားရင် အောင်မြင်မှာသာဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံမှာမှန်ကန်တဲ့ အောင်မြင်မှုကို ကြိုးစားတဲ့ လူငယ်တွေဖြစ်ကြပါစေလို့သာ ဆန္ဒပြုမိပါတယ်။ ။

# အလွန်ရှားပါးငှက်မျိုးစိတ်များ မိုးယွန်းကြီးအင်း ဘေးမဲ့တောအတွင်း ထပ်မံတွေ့ရှိ

**ပဲခူး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါ မြို့နယ်တို့ အတွင်းရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း သို့ ယခုနှစ်၌ လာရောက်ကျက်စားသည့် ငှက်မျိုးစိတ်များကို စာရင်းကောက်ယူ ခြင်းလုပ်ငန်း ဆောင်ရွက်စဉ် ပြီးခဲ့သည့် ဇန်နဝါရီလလယ်၌ ၂၀၀၈ ခုနှစ် နောက်ပိုင်းကာလတွင် တွေ့ရှိမှတ်တမ်း တင်နိုင်ခြင်းမရှိသည့် မြန်မာနိုင်ငံတွင် အလွန်ရှားပါးသော ငှက်မျိုးစိတ်တစ်မျိုး ဖြစ်သည့် မောက်တင်ငှက်မျိုးစိတ် (COMB DUCK) စုစုပေါင်း ခြောက်ကောင်နှင့် ကမ္ဘာ့ရှားပါးငှက်မျိုး စိတ်တစ်မျိုးဖြစ်သော ကြိုးကြာခေါင်းနီ ငှက်မျိုးစိတ် (SARUS CRANE) စုစုပေါင်း သုံးကောင်ကို ပြန်လည်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သစ်တော ဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရ သည်။

“မောက်တင်ငှက်ဟာ ဒီအင်းထဲမှာ မှတ်တမ်းအရ ၂၀၀၈ ခုနှစ်အထိ ကျရောက်ကျက်စားခဲ့တယ်၊ အဲ့ဒီ နောက်ပိုင်း မတွေ့ရတော့ဘူး၊ ဒီနှစ် ပြီးခဲ့တဲ့ ဇန်နဝါရီလလယ်မှာ ပြန်လည် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တာ၊ ဒီမိုးယွန်း ကြီးအင်းမှာ ဌာနေရေပျော်ငှက်တွေ ကုန်းတွင်းပိုင်းငှက်များနဲ့ ဆောင်းခိုငှက် မျိုးစိတ်တွေဟာ တစ်နှစ်ထက်တစ်နှစ် လာရောက်ကျက်စားတာ များလာတယ်၊ ဒီလို ကျက်စားတာကလည်း အင်းရဲ့ စားကျက်အနေအထား ကောင်းမွန် တာရယ်၊ ငှက်တွေ အနှောင့်အယှက် ကင်းရှင်းတာရယ်ကြောင့် ဖြစ်တယ်၊ ဒီလို မျိုးစိတ်တွေကို အများအပြားတွေ့ရတဲ့ အတွက် ငှက်တွေအတွက် မိုးယွန်းကြီး အင်းက ဟင်းအိုးကြီးဖြစ်တယ်” ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်



မောက်တင်ငှက်



ကြိုးကြာခေါင်းနီငှက်

ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တောအုပ် ဦးစိုင်းဝဏ္ဏကြည်က ပြောပြသည်။

သိပ္ပံအမည် (Sarkidiornis melanotos) ဟုခေါ်သော မောက်တင် ငှက်မျိုးစိတ်သည် ကမ္ဘာပေါ်တွင် မျိုးသုဉ်း ရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်အဆင့်သို့ ရောက်နိုင်ဖွယ်ဖြစ်ပေါ် နေကြောင်း၊ မြန်မာနိုင်ငံတွင် အလွန် ရှားပါးသော ငှက်မျိုးစိတ်တစ်မျိုးဖြစ် ကြောင်း WCS (Wildlife Conservation Society) မှ ဦးသက်ဇော်နိုင် ၏ ပြောပြချက်အရ သိရသည်။ နောက်ထပ် ရှားပါးငှက်မျိုးစိတ်တစ်မျိုး မှာ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်ပင် ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ကြိုးကြာငှက် မျိုးစိတ်များစွာရှိသည့်အနက် မြန်မာ နိုင်ငံရှိ ကြိုးကြာခေါင်းနီငှက်မျိုးစိတ် သည် ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော ငှက်မျိုးစိတ်ဖြစ်နေပြီး မြန်မာနိုင်ငံတွင် လည်း အလွန်ရှားပါးလာသော မျိုးစိတ် ဖြစ်နေကြောင်း သိရသည်။ ဧရာဝတီတိုင်း ဒေသကြီးတွင် အကောင်ရေ ၅၀၀ ခန့်လောက်သာ ကျန်တော့မည်ဟု ခန့်မှန်းရပြီး အချိန်မီ ထိန်းသိမ်းကာကွယ် ခြင်းမပြုပါက မျိုးသုဉ်းပျောက်ကွယ် သွားနိုင်သော မျိုးစိတ်စာရင်းထဲတွင် ပါဝင်နေကြောင်း WCS ၏ ထုတ်ပြန် ချက်တွင် ဖော်ပြထားသည်။ အဆိုပါ ငှက်မျိုးစိတ်များကို ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံ၏ နေရာအချို့၊ အရှေ့တောင် အာရှနိုင်ငံများနှင့် သြစတြေးလျနိုင်ငံ တို့တွင် တွေ့ရှိရပြီး မြန်မာနိုင်ငံတွင်မူ တောင်တန်းဒေသများနှင့် မြန်မာနိုင်ငံ အလယ်ပိုင်း ပူပြင်းခြောက်သွေ့သော ဒေသများမှလွဲ၍ ကျန်ဒေသများတွင် တွေ့ရှိနိုင်ကာ အထူးသဖြင့် မြစ်ဝကျွန်းပေါ် ဒေသရှိ ရေကြည်၊ ဟင်္သာတ၊ ဝါးခယ်မ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ မြောင်းမြနှင့် အိမ်မဲမြို့နယ်များတွင် အများဆုံးတွေ့ရှိနိုင်ကြောင်း လေ့လာ သိရှိရသည်။

မိုးယွန်းကြီးအင်းအတွင်းသို့ နှစ်စဉ် နိုဝင်ဘာလဆန်းပိုင်းမှစတင်ကာ ဆောင်းခို ငှက်များ ဝင်ရောက်လျက်ရှိရာ ယခုနှစ် ပြီးခဲ့သည့် ဇန်နဝါရီလကုန်အထိ ဆောင်းခို ငှက်မျိုး ၄၄ မျိုး၊ ဌာနေငှက် ၆၇ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၁၁၁ ကောင်မှ ငှက်ကောင်ရေ ၂၀၈၄၄ ကောင်အထိ ကျရောက်ကျက်စားလျက်ရှိကြောင်း သိရ သည်။ **သိန်းညွန့်-ပိန်းဇလုပ်**



## လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်ပုံစံ ဝတ်ဆင်ခြင်းမပြုရန် ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ပုံစံဖြင့် ယူနီဖောင်းများ ဝတ်ဆင်ခြင်းမပြုရန် ချပြရှင်းလင်းခြင်းနှင့် လုံခြုံရေး၊ မှုခင်းပိုင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်အောင်က တက်ရောက် လာသော ဟိုတယ်လုပ်ငန်းရှင်များနှင့် ကုမ္ပဏီပိုင်ရှင်များ၊ CTTY SQUARE နှင့် စူပါမားကက်ပိုင်ရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ရွှေလုပ်ငန်းရှင်များ၊ ရပ်မိ ရပ်ဖ များအား လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ပုံစံတူများ တုပဝတ်ဆင် အသုံးပြုခြင်း မပြုလုပ်ရန်၊ ဆောင်ရန် ရှောင်ရန်များ ဥပဒေဆိုင်ရာများကိုလည်းကောင်း၊ မှုခင်းကြိုတင်ကာကွယ်ရေးပိုင်း ဆိုင်ရာများတွင် ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေးဆွေးနွေးခဲ့ ကြကြောင်း သိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

## မြို့နယ်သတင်းထောက်များသို့

မြန်မာနိုင်ငံအရပ်ရပ်ရှိ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ အားလုံး သတင်းထောက် အသိအမှတ်ပြုကတ်များ ပြန်လည်စိစစ်ရန်နှင့် အသစ် ထုတ်ပေးရန်အတွက် လည်းကောင်း၊ သတင်းစာမူခကိစ္စများအတွက်လည်း ကောင်း ဦးကြည်ဝင်း (သုတေသနစာတည်း) ဖုန်းနံပါတ် ၀၉-၄၂၀၁၄၅၆၀၉၊ ၀၆၇-၃၆၁၄၅ တို့သို့ ဆက်သွယ်ကြပါရန်။

**မြန်မာ့အလင်းသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**



# မြန်မာသဒ္ဒါသင်ကြားရေး (၄၁)

**မောင်ခင်မင် (ဓနုဖြူ)**

"ကဲ...ဝါစင်္ဂအကြောင်းပြီးတော့ ဝါကျအကြောင်း ဆက်ရအောင်"

"ဟုတ်ကဲ့ဆရာ"

"ဝါကျအကြောင်းမှာ ဝါကျရိုးဖွဲ့နည်းအမျိုးမျိုးဆိုပြီး ပြထားတာ ညည်းတို့သင်နေတဲ့ သဒ္ဒါစာအုပ်မှာ တွေ့တယ် မဟုတ်လား"

"ဩော်...သတိရလို့ပါဆရာ၊ အဲဒီဝါကျရိုးဖွဲ့နည်းတွေထဲမှာ ရှေးရှုရာပြပုဒ်နဲ့ ဆိုက်ရောက်ရာပြပုဒ် ဘယ်လိုကွဲပြားသလဲလို့ ကျောင်းသားတွေက မကြာခဏ မေးတတ်ကြပါတယ်၊ ကျွန်မတို့လည်း ရှင်းတော့ပြပါတယ်၊ ဒါပေမယ့် ကျွန်မ ကိုယ်တိုင် သိပ်မသဲကွဲလို့ပါဆရာ"

"ဟေ...ဟုတ်လား၊ ဘယ်လိုမသဲကွဲတာပါလိမ့်"

" 'မောင်မောင်အိမ်သို့ပြန်လာသည်' ဆိုတဲ့ ဝါကျမှာ 'အိမ်သို့' ဆိုတဲ့ပုဒ်ဟာ မောင်မောင်ရှေးရှုဦးတည်ပြီးသွားတဲ့ နေရာမို့ ရှေးရှုရာပြပုဒ်လို့ ခေါ်တယ်မဟုတ်လား ဆရာ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

" 'မောင်မောင်အိမ်သို့ ရောက်လာသည်' လို့ဆိုရင်တော့ ဆိုက်ရောက်ရာပြပုဒ် ဖြစ်သွားပြန်ရော"

"ဒီတော့..."

"ဒီတော့ ကျွန်မ မရှင်းတာက သုံးတဲ့ကြိယာကိုလိုက်ပြီး ရှေးရှုရာပြပုဒ်ဖြစ်လိုက်၊ ဆိုက်ရောက်ရာပြပုဒ်ဖြစ်လိုက် ဖြစ်နေသလိုပဲဆရာ၊ တကယ်တော့ 'အိမ်သို့' ဆိုတဲ့ ပုဒ်တစ်ခုတည်းပဲဟာ၊ သတ်သတ်မှတ်မှတ် တစ်မျိုးပဲဖြစ်သင့်တာပေါ့၊ ရှေးရှုရာပြဆိုရင်လည်း ရှေးရှုရာပြ၊ ဆိုက်ရောက်ရာပြဆိုရင်လည်း ဆိုက်ရောက်ရာပြပေါ့၊ အဲဒီလို ဟိုဟာဖြစ်လိုက် ဒီဟာဖြစ်လိုက် ဖြစ်နေတာကို သိပ်နားမလည်ပါဘူးဆရာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ညည်းဆိုလိုတာ နားလည်ပြီ၊ ပုဒ်တစ်ခုဟာ ကြိယာနဲ့တွဲတွဲ အဲဒီပုဒ်ပဲဖြစ်သင့်တာပေါ့၊ 'စာအုပ်ကို' ဆိုတဲ့ ကံပုဒ်ကို သာဓကပြရအောင်၊ 'စာအုပ်ကိုဖတ်သည်၊ စာအုပ်ကိုဝယ်သည်၊ စာအုပ်ကိုကြည့်သည်၊ စာအုပ်ကို ပေးသည်' ဆိုပြီး ဘာကြိယာနဲ့ပဲ တွဲတွဲ 'စာအုပ်ကို' ဆိုတဲ့ပုဒ်က ကံပုဒ်ကလွဲပြီး တခြားပုဒ်ဖြစ်မသွားဘူးလေ၊ အဲဒီသဘော ပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ ဟုတ်ပါတယ်၊ အဲဒီသဘော ပြောတာပါ၊ ကျွန်မကရေလည်အောင် မရှင်းပြတတ်လို့ပါ"

"တကယ်တော့ အဲဒီအခေါ်အဝေါ်တွေက ဆရာကြီး ဦးဖေမောင်တင်စသုံးခဲ့တဲ့ အခေါ်အဝေါ်တွေပါ၊ ဆရာကြီးရဲ့ သဒ္ဒါစာအုပ်တွေမှာ အခြေခံဝါကျဖွဲ့နည်း ၁၁ နည်းဆိုပြီး ပြထားတယ်၊ ဆရာကြီးက လက်ခံပုဒ်ကို မူလတုန်းက ဆိုက်ရောက်ရာပုဒ်လို့ သုံးဖူးတယ်၊ 'မြန်မာသဒ္ဒါ' စာအုပ်မှာ 'ဆရာသည် စာအုပ်ကို မောင်မောင်အားပေး၏' ဆိုတဲ့ ဝါကျမျိုးကို သာဓကပြတယ်၊ အဲဒီဝါကျမှာ 'မောင်မောင်အား' ဆိုတဲ့ ပုဒ်ဟာ ကြိယာဆောင်ရွက်မှု ဆိုက်ရောက်ရာကိုပြတဲ့ပုဒ်မို့ ဆိုက်ရောက်ရာပုဒ်လို့ခေါ်တယ်-တဲ့၊ ကြိယာဆောင်ရွက်မှုကို လက်ခံသောပုဒ်လို့လည်း ခေါ်နိုင်တယ်-တဲ့၊ အဲဒီလိုရှင်းပြထားတယ်"

"ဒါဆိုရင် ဆရာကြီးက ဆိုက်ရောက်ရာပုဒ်နဲ့ လက်ခံပုဒ် အတူတူပဲလို့ ဆိုလိုတာပေါ့နော်"

"ဟုတ်တယ်၊ မြန်မာဝါကျဖွဲ့ထုံးကျမ်းမှာတော့ 'ဆိုက်ရောက်ရာပုဒ်' ဆိုတဲ့အခေါ်အဝေါ်ကို မသုံးတော့ဘူး၊ လက်ခံပုဒ်လို့ပဲ သုံးတော့တယ်၊ ဒီအခေါ်အဝေါ်က အခုတွင်ကျယ်နေပါပြီ"

"ဒီလိုဆိုရင် ကျွန်မတို့သင်နေတဲ့ မြန်မာသဒ္ဒါစာအုပ်မှာ ဆိုက်ရောက်ရာပုဒ်လို့ သုံးတာဟာ ဆရာကြီးဦးဖေမောင်တင် သုံးပုံနဲ့ မတူဘူးပေါ့နော်"

"ဟုတ်တယ်၊ တကယ်တော့ 'မောင်မောင် ကျောင်းသို့ သွားသည်' လို့ပဲ သုံးသုံး၊ 'မောင်မောင် ကျောင်းသို့ ရောက်သည်' လို့ပဲသုံးသုံး၊ 'မောင်မောင် ကျောင်းအထိ သွားသည်' လို့ပဲသုံးသုံး၊ ကျောင်းဟာ မောင်မောင်ရှေးရှုတဲ့ နေရာဖြစ်တဲ့အတွက်၊ တစ်နည်းပြောရရင်အဲဒီ 'သွား' တို့၊ 'ရောက်' တို့ဆိုတဲ့ကြိယာတွင် ရှေးရှုတဲ့နေရာဖြစ်တဲ့အတွက် ရှေးရှုရာပုဒ်လို့ တစ်မျိုးတည်းသုံးလို့ရပါတယ်"

"နားလည်ပါပြီဆရာ၊ ဒါထက် သဒ္ဒါစာအုပ်မှာ ဝါကျရိုးဖွဲ့နည်း ၂၀ တောင်ပြထားတယ်နော်"

"အင်း...အရင်းခံကတော့ ဆရာကြီးဦးဖေမောင်တင်ပြတဲ့ အခြေခံဝါကျဖွဲ့နည်း ၁၁ နည်းပါပဲ၊ အဲဒီအထဲက ပုဒ်တွေကို အမျိုးမျိုး ထပ်တွဲပြီးပြတော့ ဝါကျဖွဲ့နည်း ၂၀ ဖြစ်သွားတာပေါ့၊ တကယ်တော့ ၂၀ ထက်မက ပြချင်ရင် ပြလို့ရပါသေးတယ်၊ ၁၁ နည်းကိုသိရင် လုံလောက်ပါပြီ၊ အဲဒီ ၁၁ နည်းကို အခြေခံပြီး လိုအပ်သလိုပုဒ်တွေတွဲပြီး ဝါကျကိုချဲ့ယူတဲ့ သဘောပါပဲ"

"ဟုတ်ကဲ့ပါ၊ နားလည်ပါပြီဆရာ"

"ညည်းတို့သင်နေတဲ့ သဒ္ဒါစာအုပ်မှာ အခေါ်အဝေါ်တွေကို ဆရာကြီးဦးဖေမောင်တင်ဆီက ယူထားပေမယ့် မတူအောင် ကွန့်တာလားတော့ မသိဘူး၊ ဆရာကြီးက 'အဖြည့်ကတ္တား'၊ 'အဖြည့်ကံ' လို့ သုံးတာ အသားကျနေတာကို သဒ္ဒါ စာအုပ်မှာ 'ကတ္တားအဖြည့်ပုဒ်'၊ 'ကံအဖြည့်ပုဒ်' လို့ သုံးလိုက်တော့ နားရှုပ်စရာဖြစ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အဖြည့်ကတ္တားဆိုတာ မူလကတ္တားအပြင် ထပ်ဖြည့်တဲ့ ကတ္တား၊ အဖြည့်ကံဆိုတာ မူလကံအပြင် ထပ်ဖြည့်တဲ့ကံပဲလေ၊ သူ့ဟာသူ အဓိပ္ပာယ်ရှင်းနေပြီးသားပါကွယ်၊ ကဲ... ထားပါတော့"

"ဝါကျအမျိုးအစားခွဲပုံနဲ့ ပတ်သက်လို့ ကျွန်တော်တစ်ခု မေးချင်ပါတယ်ဆရာ"

"မေးလေ"

"မြန်မာဝါကျတွေကို အမျိုးအစားခွဲရင် ဝါကျရိုးနဲ့ ဝါကျရောဆိုပြီး နှစ်မျိုးရှိတယ်လို့ ဆိုတယ်မဟုတ်လားဆရာ၊ အင်္ဂလိပ်စကားမှာတော့ ဝါကျပေါင်းလည်းရှိတော့ ဝါကျသုံးမျိုးလို့ ပြပါတယ်၊ မြန်မာစကားမှာ ဘာဖြစ်လို့ နှစ်မျိုးတည်းဖြစ်နေတာလဲဆရာ၊ ဝါကျပေါင်းဘာဖြစ်လို့ မပါတာလဲ"

"ဟုတ်ပါပြီ၊ ဒါလည်း ရှင်းရှင်းလင်းလင်း ရှိဖို့လိုတာပေါ့၊ အင်္ဂလိပ်သဒ္ဒါသင်ရတော့ အခုမင်းပြောသလိုပဲ Simple Sentence ဆိုတဲ့ ဝါကျရိုး၊ Complex Sentence ဆိုတဲ့ ဝါကျရော၊ Compound Sentence ဆိုတဲ့ ဝါကျပေါင်းဆိုပြီး သုံးမျိုးရှိတယ်လို့ သင်ရတယ် မဟုတ်လား"

**"အင်္ဂလိပ်ဝါကျဖွဲ့ပုံအရ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ ဝါကျနှစ်ခုကို but တို့၊ and တို့ တစ်ခုခုနဲ့ ဆက်လိုက်ရင် ဝါကျပေါင်းတစ်ခုဖြစ်တယ်၊ မြန်မာဝါကျကတော့ ဝါကျတစ်ခုတည်း ပေါင်းမသွားဘူး၊ သီးခြားဝါကျနှစ်ခုကို 'ဒါပေမယ့်' နဲ့ ဆက်ထားတာမို့ ဝါကျနှစ်ခုဟာ နှစ်ခုပဲ၊ ရှေ့က အစိတ်အပိုင်းကို 'ကော်ဖီကြိုက်ပေမယ့်' လို့ ဆုံးလိုက်ရင် လည်း 'ပေမယ့်' နဲ့ ဝါကျကို အဆုံးသတ်လို့ မရလို့ အဲဒီဝါကျခွဲဟာ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တဲ့ အစိတ်အပိုင်းပဲဖြစ်မှာပဲ"**

"ဟုတ်ပါတယ်ဆရာ"

"အဲဒီဝါကျတွေ ဘယ်လိုသဘောလက္ခဏာရှိတယ်ဆိုတာ အချုပ်ပြောပြပါဦး"

"ဝါကျရိုးဆိုတာ ကြိယာပုဒ်တစ်ခုပဲ ပါတဲ့ ဝါကျပါဆရာ၊ အဲဒီဝါကျဟာ သူ့ဟာသူ ရပ်တည်နိုင်ပါတယ်၊ အဓိပ္ပာယ်ပြည့်စုံပါတယ်၊ 'ဆရာက တပည့်တွေကို စာသင်ပေးတယ်' ဆိုတဲ့ ဝါကျမျိုးပါ၊ 'စာသင်ပေး' ဆိုတဲ့ ကြိယာပုဒ်တစ်ခုပဲပါတယ်၊ 'ကလေးငိုတယ်'၊ 'ခွေးက ကြောင်ကိုကိုက်တယ်'၊ 'မနေ့က ဈေးထဲမှာ အမေက သူ့မိတ်ဆွေကို ပန်းဝယ်ပေးတယ်' ဆိုတဲ့ ဝါကျမျိုးတွေဟာလည်း ဝါကျရိုးတွေပါဆရာ"

"ဟုတ်ပါပြီ၊ ဝါကျရောကကော"

"ဝါကျရောဆိုတာ အနည်းဆုံး ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တဲ့ ဝါကျခွဲတစ်ခုနဲ့ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ ဝါကျခွဲ တစ်ခုပါဝင်တဲ့ ဝါကျပါ ဆရာ"

"သာဓက ပေးပါဦး"

" 'မိုးရွာရင် ရေချိုးတယ်၊ ဆရာလာတော့ ကျွန်တော် အိမ်မှာ မရှိဘူး၊ နေပူတဲ့အတွက်ကြောင့် ပန်းတွေ နွမ်းကုန်ပြီ' ဆိုတဲ့ ဝါကျမျိုးတွေပါ"

"ဟုတ်ပါပြီ၊ 'မိုးရွာရင်၊ ဆရာလာတော့၊ နေပူတဲ့အတွက်ကြောင့်' ဆိုတဲ့ ဝါကျခွဲတွေက ကိုယ့်ဟာကိုယ် မရပ်တည်နိုင်ဘူး၊ 'ရေချိုးမယ်'၊ 'ကျွန်တော်အိမ်မှာ မရှိဘူး'၊ 'ပန်းတွေနွမ်းကုန်ပြီ' ဆိုတဲ့ ဝါကျခွဲတွေက ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တယ်၊ ဝါကျရိုးတွေလည်း ဖြစ်တယ်၊ အဲဒီလို ဝါကျခွဲနှစ်ခု အနည်းဆုံးပါရင် ဝါကျရောပေါ့၊ ကဲ... ဝါကျပေါင်းကရော"

"ဝါကျပေါင်းဆိုတာ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ ဝါကျခွဲနှစ်ခု၊ တစ်နည်းပြောရရင် ဝါကျရိုးနှစ်ခုကို သမ္ဗန္ဓလို့ ခေါ်တဲ့ စကားဆက်ပစ္စည်းတစ်ခုခုနဲ့ ဆက်ထားတဲ့ဝါကျပါ"

"ဟုတ်ပါပြီ၊ အခုပြောနေတဲ့ အကြောင်းက မြန်မာမှာ ဝါကျပေါင်းဘာဖြစ်လို့ မရှိတာလဲဆိုတဲ့ အကြောင်းပဲ၊ အင်္ဂလိပ်စကားမှာတော့ ရှိတယ်၊ ဒီတော့ အင်္ဂလိပ် Compound Sentence တစ်ခုလောက် ပြောကြည့်ပါလား"

" ' I like coffee but he likes tea ' ပါ ဆရာ"

"ဟုတ်ပြီ၊ I like coffee ဆိုတဲ့ ဝါကျရိုးနဲ့ he likes tea ဆိုတဲ့ ဝါကျရိုးကို အလယ်က but နဲ့ ဆက်ထားတော့ ဝါကျပေါင်းဖြစ်သွားတာပေါ့နော်"

"ဟုတ်ပါတယ် ဆရာ"

"ကဲ... အဲဒီအဓိပ္ပာယ်အတိုင်း မြန်မာဝါကျတစ်ခု ပြောကြည့်ပါ"

"ကျွန်တော်က ကော်ဖီကြိုက်တယ်၊ ဒါပေမယ့် သူက လက်ဖက်ရည်ကြိုက်တယ်"

"ဟုတ်ပြီ၊ အခုမင်းပြောလိုက်တာ ဝါကျတစ်ခုလား နှစ်ခုလား"

"ဟာ... ဝါကျနှစ်ခုဖြစ်နေပြီ ဆရာ"

"ဝါကျပေါင်းဆိုတာ ဝါကျနှစ်ခုကို တစ်ခုတည်းဖြစ်အောင် ပေါင်းရမှာလား၊ ပေါင်းကြည့်စမ်းပါဦး"

"ကျွန်တော်က ကော်ဖီကြိုက်ပေမယ့် သူက လက်ဖက်ရည် ကြိုက်တယ်"

"ဟုတ်ပြီ၊ 'ကျွန်တော်က ကော်ဖီကြိုက်ပေမယ့်' ဆိုတာ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ ဝါကျခွဲလား"

"ဟာ... မဟုတ်ပါဘူး ဆရာ၊ ဝါကျ မဆုံးသေးပါဘူး၊ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်ပါဘူး"

"အဲဒီလိုဆိုရင် အဲဒီဝါကျက ဝါကျရောလား၊ ဝါကျပေါင်းလား"

"ဝါကျရောပဲ ဖြစ်နေပါတယ် ဆရာ"

"ပြဿနာရဲ့ အဖြေက အဲဒါပါပဲ၊ အင်္ဂလိပ်ဝါကျဖွဲ့ပုံအရ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ ဝါကျနှစ်ခုကို but တို့၊ and တို့ တစ်ခုခုနဲ့ ဆက်လိုက်ရင် ဝါကျပေါင်းတစ်ခုဖြစ်တယ်၊ မြန်မာဝါကျကတော့ ဝါကျတစ်ခုတည်း ပေါင်းမသွားဘူး၊ သီးခြားဝါကျနှစ်ခုကို 'ဒါပေမယ့်' နဲ့ ဆက်ထားတာမို့ ဝါကျနှစ်ခုဟာ နှစ်ခုပဲ၊ ရှေ့က အစိတ်အပိုင်းကို 'ကော်ဖီကြိုက်ပေမယ့်' လို့ ဆုံးလိုက်ရင်လည်း 'ပေမယ့်' နဲ့ ဝါကျကို အဆုံးသတ်လို့ မရလို့ အဲဒီဝါကျခွဲဟာ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တဲ့ အစိတ်အပိုင်းပဲဖြစ်မှာပဲ၊ ဒါကြောင့် ရပ်တည်နိုင်တဲ့ နောက်ကအစိတ်အပိုင်းနဲ့ ဆက်လိုက်ရင် ဝါကျရောပဲဖြစ်တယ်၊ ဝါကျပေါင်း မဖြစ်ဘူး"

"တစ်မျိုးကတော့ မြန်မာမှာ ဝါကျပေါင်းရှိတယ်လို့ ယူဆတယ်၊ 'သူသေပြီလို့ ကျွန်တော်ကြားခဲ့တယ်' ဆိုတဲ့ ဝါကျမျိုးမှာ သီးခြားဝါကျနှစ်ခုကို အလယ်က 'လို့' နဲ့ ဆက်ထားလို့ ဝါကျပေါင်းပဲလို့ ပြောတယ်"

"ဩော်... ဟုတ်လား ဆရာ"

"စဉ်းစားကြည့်လေ၊ 'လို့' ဆိုတဲ့ပစ္စည်းက အင်္ဂလိပ်စကားက and တို့၊ but တို့လို သီးခြားရပ်တည်နိုင်တာမှ မဟုတ်တာ၊ 'လို့' ကို ရှေ့ကစကားနဲ့ တွဲကိုတွဲရမှာပဲ၊ ဒီတော့ 'သူသေပြီ' မှာ ဖြတ်လို့မရဘူး၊ 'သူသေပြီလို့' ဆိုပြီး သုံးလိုက်တာနဲ့ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တော့ဘူးလေ၊ 'သူသေပြီ ကြားခဲ့တယ်' လို့ သုံးရင်လည်း ဝါကျပေါင်းလို့ ထင်ရပေမယ့် 'လို့' ဆိုတဲ့ ပစ္စည်းကို မြှုပ်ထားတာပါ၊ ကဲ... နားကြရအောင်"။

## မြန်မာတို့၏ ဗိသုကာလက်ရာအဆင့်အတန်းကို ပြသနေသော အင်းဝဖားကရာကျောင်းတော်ကြီး

မြန်မာတို့၏ ဗိသုကာလက်ရာအဆင့်အတန်းများ မြင့်မားခဲ့ကြောင်းကို အင်းဝ ဖားကရာကျောင်းတော်ကြီးက သက်သေပြလျက်ရှိကြောင်း အင်းဝ ဖားကရာကျောင်းတော်ကြီးသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာ ခရီးသွားများက ပြောကြားလျက်ရှိသည်။


မြန်မာနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံတကာခရီးသွားများသည် မန္တလေးမြို့ရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသများသို့ အများဆုံး သွားရောက်လည်ပတ်လျက်ရှိပြီး ၎င်းတို့၏ လေ့လာတွေ့ရှိချက်များအရ အထက်ပါအတိုင်း သုံးသပ်ပြောကြားခဲ့ကြခြင်းဖြစ်သည်။

"အင်းဝမြို့နဲ့ ဖားကရာကျောင်းကြီးကို တွဲဖက်မြင်ရတာ ရှေးက နန်းမြို့တော်တစ်ခုကို ရောက်သွားသလို ခံစားရတယ်၊ ဖားကရာကျောင်းတော်ကြီးမှာ ထည့်သွင်းရေးဆွဲထားတဲ့ နရားရုပ်၊ ဂဠုန်ရုပ် အစရှိတဲ့ ပန်းပုလက်ရာတွေက နိုင်ငံတိုင်းမှာ တွေ့ရခဲတဲ့၊ အလွန်မြင့်မားတဲ့ ဗိသုကာအနုပညာလက်ရာတွေ ဖြစ်တယ်ဆိုတာကို ဒီကျောင်းတော်ကြီးက သက်သေပြနေပါတယ်၊ ပျက်စီးပျောက်ကွယ်မှုမရှိစေဖို့ စနစ်တကျ ထိန်းသိမ်းသင့်ပါတယ်"ဟု ဂျာမနီနိုင်ငံသား ခရီးသွားတစ်ဦးက အင်းဝ ဖားကရာကျောင်းတော်ကြီးသို့ သွားရောက်လေ့လာစဉ် ပြောကြားသည်။

မန္တလေးမြို့ကို ရောက်ရှိလာကြသည့် နိုင်ငံတကာ ခရီးသွားအများစုသည် မင်းကွန်း၊ အင်းဝ၊ ကုသိုလ်တော်၊ မန္တလေးတောင်နှင့် ဦးပိန်တံတားကြီးသို့ အဓိက သွားရောက်လေ့လာကြပြီး လေ့လာတွေ့ရှိချက်များကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





## ပြခန်းယာဉ်ဖြင့် မူခင်းကျဆင်းရေး အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထက်လွင်၏ ညွှန်ကြားမှုဖြင့် ပြည်သူများ မူခင်းအသိပညာတိုးပွားကာ မူခင်းဖြစ်ပွားမှု လျော့နည်းစေရန်အတွက် ရဲတပ်ဖွဲ့၏ အသိပညာပေး ပြခန်းယာဉ်ဖြင့် မူခင်းကျဆင်းရေး ပညာပေးမှုများကို ဖေဖော်ဝါရီ ၁၆ ရက်က ပုဗ္ဗသီရိ မြို့နယ် အေးမြင့်သာယာလမ်းဆုံ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအသိပညာပေးမှုများ ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်း ဌေးအောင်က မြို့နယ်အတွင်း အမှုကြီးဖြစ်ပွားမှု အခြေအနေများနှင့် ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က လုယက်မှု၊ ခိုးမှုများ ဖြစ်ပွားမှုနှင့် မဖြစ်ပွားစေရေး ဆောင်ရွက်ရမည့် အချက်များ၊ ရဲအုပ်စိုင်းနေမျိုးနှင့် ဒုရဲအုပ် အိအိလှိုင်တို့က လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ စသည်တို့ကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# မိတ္ထီလာ၌ သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲ စည်ကားစွာကျင်းပမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၈**

ပုဂံ အနော်ရထာမင်းလက်ထက်က ရှင်အရဟံမထေရ်မြတ် အမှူးပြုသည့် ရဟန္တာမထေရ်များ သိမ်သမုတ်တော်မူခဲ့သည့် မိတ္ထီလာမြို့နယ်မှ သိမ်ဘုရားများအား ဒေသခံပြည်သူ ၇၀၀၀ ကျော်ပါဝင် ဖူးမြော်ပူဇော်ကြမည့် (၁၂) ကြိမ်မြောက် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို တပေါင်းလပြည့်နေ့ (မတ် ၁ ရက်) တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်ကြောင်းသိရသည်။

"တပေါင်းလပြည့်နေ့မှာ (၁၂) ကြိမ်မြောက် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို ယခင်နှစ်များကအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမှာဖြစ်ပါတယ်၊ မနှစ်က သိမ်ကိုးသိမ် လှည့်လည် ပူဇော်ပွဲမှာ ဒေသခံပြည်သူ ဘုရားဖူးဧည့်သည် ၇၀၀၀ ကျော် ပါဝင်ပြီး မော်တော်ယာဉ်အစီးရေ ၁၃၀ ကျော်နဲ့ အခမဲ့ပို့ဆောင်ပေးခဲ့ပြီး နေ့လယ်စာလည်း အလှူရှင်တွေက ကျွေးမွေးလှူဒါန်းပါတယ်၊ ဒီနှစ်လည်း သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲမှာ မြို့ပေါ် ရပ်ကွက်တွေနဲ့ ကျေးရွာတွေက ဘုရားဖူးဧည့်သည် ၇၀၀၀ ကျော် ပါဝင်လိုက်ပါပူဇော်မယ်လို့ ခန့်မှန်းထားပါတယ်၊ သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို ဒေသတာဝန်ရှိသူတွေ၊ ရပ်ကွက်တွေနဲ့ ကျေးရွာတွေမှ စေတနာရှင် အလှူရှင်တွေနဲ့ မြို့မိမြို့ဖတွေ၊ သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကျင်းပရေး ကော်မတီဝင်တွေ ပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပြီး ဒီနှစ်ပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်တွေကို စတင်ပြီး အလှူခံလှည့်လည်နေပါပြီ"ဟု သိမ်ကိုးသိမ်ပူဇော်ပွဲကျင်းပရေး ကော်မတီမှ ဦးကျော်ဇေယျက ပြောသည်။



ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲ

မိတ္ထီလာမြို့၌ နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်းကျင်းပသည့် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲနှင့်အတူ တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၅ ရက်နေ့အထိ အသံမစဲ မဟာပဋ္ဌာန်း ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲများကိုလည်း အဆိုပါ သိမ် ကိုးသိမ်တွင် နေ့ည မပြတ်ဘဲ သံဃာတော်များက ရွတ်ဖတ်ပူဇော်၍ ကျင်းပလေ့ရှိသည်။

အနော်ရထာမင်းလက်ထက်က ရှင်အရဟံမထေရ်မြတ် အမှူးပြုသည့် ရဟန္တာမထေရ်မြတ်များ သိမ်သမုတ်ခဲ့သော အဆိုပါ သိမ်ကိုးသိမ်မှာ ယခုအခါ မိတ္ထီလာမြို့နယ်ထဲတွင် ခုနစ်သိမ်နှင့် သာစည်မြို့နယ်ထဲတွင် နှစ်သိမ် ပါရှိနေသည်။ ယင်း သိမ်ကိုးသိမ် တည်ရှိရာနေရာများမှာ မိတ္ထီလာမြို့နယ်အတွင်းတွင် ဆည်ကုန်းကျေးရွာ ပဲသီတာသိမ်၊ အိုမတွေ့ရွာ ကတ္တူကန်သိမ်၊ ဝက်ကျောက်ရွာ ဝက်ကျောက်သိမ်၊ ရှင်မြို့ရွာ ရှင်ပင်ကူသိမ်၊ သီရိမင်္ဂလာရပ်ကွက် ထီးသုံးဆင့်သိမ်၊ ညောင်ဇောက်ရွာ သဖန်းသိမ်၊ ကျောင်းရွာ ကလိန်ခြေသိမ်၊ သာစည်မြို့နယ် အတွင်း ဘူးရုံရွာမှ ကူဖြူသိမ်နှင့် ကုန်းတောင်းရွာမှ ကုန်းတောင်းသိမ်တို့ ဖြစ်ကြောင်း၊ သိမ်ကိုးသိမ် ပူဇော်ပွဲတွင် အဆိုပါ သိမ်များသို့ အလှူရှင်များက အခမဲ့စီစဉ်ပေးသည့် ကားများဖြင့် လှည့်လည်သွားရောက်၍ ဖူးမြော်ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## စာမေးပွဲကာလ လျှပ်စစ်ဓာတ်အား မပြတ်တောက်ရေး ကြပ်မတ်ဆောင်ရွက်ပေးနေ

**ရမည်းသင်း ဖေဖော်ဝါရီ ၁၈**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မကြာမီ စစ်ဆေးတော့မည်ဖြစ်ရာ ရမည်းသင်းမြို့နယ်၌ ကျောင်းသားကျောင်းသူများ အဆင်ပြေစေရန် စာမေးပွဲကာလအတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးအတွက် ခရိုင်လျှပ်စစ်မန်နေဂျာက ဦးစီး၍ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရန်အတွက် ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်းနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်တို့က ဝန်ထမ်းများအား ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်ရန်များကို ညွှန်ကြားကာ လိုင်းမင်းများအနေဖြင့် အရေးကြီးကာလအတွင်း မိမိတို့၏တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရန် မှာကြားသည်။

ခရိုင်လျှပ်စစ် လက်ထောက်မန်နေဂျာ ဦးတိုးတိုးအောင်(E.E) နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးညွန့်ဝင်း(A.E)တို့က ပင်မလျှပ်စစ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများကို ကြီးကြပ်စစ်ဆေးလျက် လျှပ်စစ်လိုင်းမင်းများအား တာဝန်ချိန်များ အသစ်ပြန်ဖွဲ့ထားပြီး တာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်ထားသလို ယခုအချိန်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ နီးပြီဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရေး အထူးဂရုစိုက်ကြရန် ဝန်ထမ်းများအား အဖွဲ့လိုက် တာဝန်ခွဲဝေပေးပြီး စီမံခန့်ခွဲလျက်ရှိကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



## မြန်မာ-နယ်သာလန် ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

လာမည့်ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန်အတွက် မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့ လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင်၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုတွင် အထောက်အကူပြုစေရန် ပဥ္စမအကြိမ်မြောက် မြန်မာ-နယ်သာလန် ပူးတွဲညှိနှိုင်းကော်မတီ အစည်းအဝေးအပြီးတွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးနှင့် နယ်သာလန်နိုင်ငံ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အီးဘီအီလိန်းတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါလက်မှတ်ရေးထိုးမှုအရ ညောင်တုန်းမြို့ ရေကြီးရေလျှံမှုကာကွယ်ရေး၊ ပန်းလှိုင်မြစ် ရေထိန်းတံခါးဆိုင်ရာ လေ့လာမှုများ ဆောင်ရွက်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ် ဘက်စုံစီမံကိန်းလေ့လာမှုများ ဆောင်ရွက်ရန် အလားအလာများ စသည်တို့ကို အဆင့်မြင့်ပုဂ္ဂိုလ်များက ဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ညှိနှိုင်းရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နယ်သာလန်နိုင်ငံ၏ ၆၀ ရာခိုင်နှုန်းမှာ ရေအောက် လေးမီတာအနက်တွင်ရှိ၍ ရေကို အန်တုနေသည့် နိုင်ငံဖြစ်ကာ ရေအရင်းအမြစ်စီမံခန့်ခွဲမှု ကျွမ်းကျင်မှုတွင် ထိပ်တန်းနိုင်ငံဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံက ၎င်းတို့၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှု နည်းပညာများကို မျှဝေပေးရန် ၂၀၁၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်သာလန်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ရေအရင်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အကြံပေး အစီရင်ခံစာများ ရေးသားပေးခြင်း၊ သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




**မြင့်မောင်စိုး၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

## ကျောင်းပြင်ပရောက်ကလေးများအား ပညာသင်ကြားမှု သင်တန်းဆင်း

**မြင်းခြံ ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့မှ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေသည့် ကလေးများအား စာပေနှင့်သိမှတ်ဖွယ်ရာများ သင်ကြားပေးခြင်းကို မြန်မာရွှေ့လျားပညာရေးစီမံကိန်း (my ME Project)အရ ဆောင်ရွက်ခဲ့ပြီးနောက် ယခုအခါ သင်တန်းပြီးဆုံးသည့်အတွက် သင်တန်းဆင်းပွဲကို မာလာဟောဝန်မြိုင် ပန်းခြံအတွင်း၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိသော အသက် ငါးနှစ်နှင့် ၁၀ နှစ်အကြား ကလေးများအား မြန်မာရွှေ့လျားပညာရေးစီမံကိန်း (my ME Project) အရ အမှတ်(၁၄)ရပ်ကွက်၊ အမှတ်(၁၇)ရပ်ကွက်၊ အမှတ်(၁၈)ရပ်ကွက်နှင့် ဆခမ ကျေးရွာများတွင် သင်တန်းများဖွင့်ကာ အင်္ဂလိပ်စာ ဘာသာရပ်၊ ဘဝတွက်တာ သိမှတ်စရာ ဘာသာရပ်၊ ကျန်းမာရေးဘာသာရပ်များကို သင်ကြားပေးခဲ့ပြီး ယခု သင်တန်းဆင်းပွဲ ကျင်းပခြင်းဖြစ်သည်။




သင်တန်းဆင်းပွဲတွင် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးအောင်ကျော်သန်းက အမှာစကားပြောကြားခဲ့ပြီး my ME မှ တာဝန်ရှိသူတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းပြင်ပရောက်ကလေးများအား သင်တန်းပြီးမြောက်မှု လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး my ME မှလည်း ကလေးများအတွက် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများဖြစ်သော မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ လက်သည်းညှပ်စသည့် ပစ္စည်းများကို ပေးအပ်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြသည်။

အဆိုပါ မြန်မာရွှေ့လျားပညာရေးစီမံကိန်း (my ME Project) ကို ကျောင်းပြင်ပရောက်ကလေးများအတွက် ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ယခု သင်တန်းဆင်းပွဲတွင် ကလေးငယ်ပေါင်း ၁၁၄ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ အကြောင်းအမျိုးမျိုးဖြင့် ကျောင်းပြင်ပ ရောက်ရှိနေသော ကလေးများအား ယခုလို ပညာသင်ကြားပေးမှုကြောင့် ဘဝကို အကျိုးရှိရှိနေထိုင်သွားနိုင်မည့် အခြေခံအချက်များ သိရှိသွားကြမည်ဖြစ်သည့်အပြင် လိမ္မာယဉ်ကျေးမှုရှိစေခြင်း၊ ကျန်းမာရေး ဗဟုသုတများ ရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများလည်းရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အနန်းဘော်ကျေးရွာအုပ်စု ကွမ်းချောင်းဝကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းသူ ၂၆ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းသူများချုပ်လုပ်ထားသော အဝတ်အထည်မျိုးစုံတို့ကို ကြည့်ရှုလေ့လာခဲ့သည်။ အဆိုပါ အဆင့်မြင့်စက်ချုပ်သင်တန်းကို သင်တန်းကာလတစ်လကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## မှုခင်းကျဆင်းရေး ပညာပေး ဟောပြော

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ အမှတ်(၂) မေလာရပ်ကွက်ရှိ အောင်ချမ်းသာဓမ္မာရုံ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူးပြီး ဖေဖော်ဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ဒုတိယရဲမှူး ဒုရဲမှူးခင်လှိုင်က မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေးဆိုင်ရာများ၊ မိတ္ထီလာခရိုင် အမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇေယျာမိုးမြင့်က မှုခင်းဖြစ်ပွားရသော အခြေခံအကြောင်းအရင်းများ စသည်တို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။ အဆိုပါဟောပြောပွဲသို့ ဝမ်းတွင်းမြို့နယ် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ဘိုဘို(မလှိုင်)**

# မြန်မာနိုင်ငံလေ့လာရေး နိုင်ငံတကာကွန်ဖရင့် မန္တလေးတက္ကသိုလ်၌ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတက္ကသိုလ်နှင့် ချင်းမိုင်တက္ကသိုလ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလေ့လာရေး နိုင်ငံတကာ ကွန်ဖရင့် (2nd International Conference Burma Myanmar Studies)ကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင် ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပသည့် အဆိုပါ နိုင်ငံတကာကွန်ဖရင့် ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက် အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ထိုင်းနိုင်ငံသံရုံးမှ ဒုတိယသံအမတ် Mr. Narong Boonsatheanwong က အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက နှုတ်ခွန်းဆက်စကားပြောကြားကာ ကွန်ဖရင့်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကွန်ဖရင့်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက မြန်မာအဆို၊ အကများဖြင့် စုပေါင်းဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ကွန်ဖရင့်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများဖြစ်သော ဒေါက်တာရဲလွင်၊ ဒေါက်တာ စိုးသန်း၊ ဦးဇာနည်အောင်၊ ဦးမျိုးသစ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကမ္ဘာ့နိုင်ငံများရှိ တက္ကသိုလ်အသီးသီးမှ ပညာရှင်များ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြသည်။

ကွန်ဖရင့်တွင် ကမ္ဘာ့တက္ကသိုလ်ပေါင်း ၅၀ နှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ် ၃၂ ကျောင်းတို့မှ ပညာရှင်၊ စာတမ်းရှင်များက တစ်ဦးချင်းခေါင်းဆောင်ဆွေးနွေးမှု Panel Discussion၊ တစ်ဦးချင်း သီးခြားဆွေးနွေးမှု ၆၆ ခု၊ စားပွဲဝိုင်းဆွေးနွေးပွဲ ရှစ်ခုတို့ဖြင့် ဆွေးနွေးတင်ပြကြပြီး ကွန်ဖရင့်တွင် မြန်မာနိုင်ငံအကြောင်း၊ မြန်မာနိုင်ငံစာပေ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ မြန်မာ့လူမှုဘဝဆိုင်ရာများ၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်၍ သုတေသနစာတမ်းပေါင်း ၂၅၀ ခန့်ကို ဖတ်ကြားဆွေးနွေးခဲ့ကာ ကွန်ဖရင့်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းပေါင်း ၁၇ ခုရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရဲတပ်ဖွဲ့ဝင်များအား ရပ်ကွက်နေပြည်သူများက ဂုဏ်ပြု

**မူဆယ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေသော မြို့နယ်ရဲတပ်ဖွဲ့ဝင်များအား မူဆယ်မြို့ခရစ်ယာန်ရပ်ကွက်နေ ပြည်သူများက ဂုဏ်ပြုပွဲကို အဆိုပါရပ်ကွက်ရှိ လူငယ်ဘုံဇရပ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးညွန့်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မိမိတို့ရဲတပ်ဖွဲ့၏ အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေသော မိမိတို့တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ယူဝမ်းမြောက်မိသလို အသိအမှတ်ပြုဂုဏ်ပြုပေးကြသော ရပ်ကွက်နေပြည်သူများကိုလည်း ကျေးဇူးတင်ရှိကြောင်းနှင့် တပ်ဖွဲ့ဝင်များအနေဖြင့် ရှေ့ဆက်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

မူဆယ်မြို့အတွင်း သွားလာနေထိုင်သောပြည်သူများ၏ လုံခြုံရေး၊ အေးချမ်းစွာသွားလာနေထိုင်နိုင်ရေးနှင့် ခိုးဆိုးလုယက်မှုများ ကျဆင်းပပျောက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေသော ပြည်သူ့ရဲများအား မှတ်တမ်းတင် ဂုဏ်ပြုခြင်းဖြစ်ကြောင်းနှင့် ပြည်သူများကလည်း နယ်မြေအေးချမ်းသာယာရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း နယ်မြေတာဝန်မှူး ဦးကျော်မိုးက ပြောကြားသည်။

မူဆယ်မြို့သည် တရုတ်နိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော မြို့ဖြစ်သည်နှင့်အညီ တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်နေထိုင် အလုပ်လုပ်ကြသော မြို့ဖြစ်ရာ ဒုစရိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# လျှပ်စစ်ဓာတ်အားလိုင်း အဆင့်တိုးမြှင့်တည်ဆောက်

**ရိခေါဒါရ် ဖေဖော်ဝါရီ ၁၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့တွင် လျှပ်စစ်မီးကြိုး ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်သွယ်တန်းခြင်းနှင့် ဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်သွယ်တန်းရာတွင် ယခင်အသုံးပြုခဲ့သည့် ဝ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းကို ၁၁ ကေဗွီ ဓာတ်အားလိုင်းများဖြင့် အဆင့်မြှင့်တင် သွယ်တန်းသည့်အပြင် မြို့တွင်း ခြောက်နေရာတွင် ထရန်စဖော်မာ ခြောက်လုံး တိုးချဲ့တပ်ဆင်ခြင်းကိုပါ ဆောင်ရွက်ထားကြောင်း သိရသည်။ “ဓာတ်အားလိုင်းတွေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရန်ပုံငွေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ယခင်အသုံးပြုခဲ့တဲ့ ဝ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းမှ အခုလျှပ်စစ်မီးသုံးစွဲသူ ပိုမိုများပြားလာတာနဲ့အညီ ဓာတ်အားသုံးစွဲမှုလည်း များပြားလာတော့ ဓာတ်အားလိုင်းတွေ ပိုမိုစိတ်ချရအောင် ၁၁ ကေဗွီ ဓာတ်အားလိုင်းနဲ့ အဆင့်မြှင့်တင်ဆောင်ရွက်တာဖြစ်ပါတယ်၊ ဓာတ်အားလိုင်းတွေသာမက ထရန်စဖော်မာတွေ တိုးချဲ့တပ်ဆင်ခြင်းကိုပါ စီမံချက်ကာလအတွင်း အပြီး ဆောင်ရွက်သွားမှာပါ”ဟု ရိခေါဒါရ်မြို့လျှပ်စစ်မှူး ဦးဝင်းနိုင်ဦးက ပြောသည်။

အဆိုပါ ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို တင်ဒါရကုမ္ပဏီသုံးခုတို့က ဆောင်ရွက်လျက်ရှိရာ အမှတ်(၁)ရပ်ကွက်တွင် ဓာတ်အားလိုင်းသွယ်တန်းခြင်းကို မိုးဇလပ်ဝါ ကုမ္ပဏီကလည်းကောင်း၊ အမှတ်(၂)ရပ်ကွက်တွင် သာယာဝင်းကုမ္ပဏီနှင့် ရာဇဝတီ ကုမ္ပဏီတို့ကလည်းကောင်း အသီးသီး ဆောင်ရွက်နေကြပြီး လုပ်ငန်းများကို လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေးမြို့နယ်၌ လယ်ယာမြေနှင့် လူနေအိမ်များ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ဆောင်ရွက်နေ

**ရေး ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကော့ဒွတ်၊ ကော့လှိုင်၊ ခန်သင်း၊ စုံနံ့သာကျေးရွာများမှ လယ်ယာမြေဧက ၈၀၀ ကျော်ခန့်နှင့် လူနေအိမ်များ၊ စာသင်ကျောင်းများတွင် နှစ်စဉ် ကြုံတွေ့နေရသော ရေကြီးနစ်မြုပ်မှုဒဏ်ကို ကာကွယ်နိုင်ရန်အတွက် ယခုနှစ်တွင် ချောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၂ သန်းခန့် အကုန်ကျခံကာ ချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းအပြင် ရေငန်တားတမံ တည်ဆောက်ခြင်းနှင့် ရေထွက်ပေါက်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအပြင် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း၌လည်း ရင်းရယ်ရွာနှင့် ကော့လှိုင်ရွာတို့တွင် ရေငန်တားတမံနှင့် ရေထွက်ပေါက် တည်ဆောက်ခြင်း လုပ်ငန်းများကို ထပ်မံလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းအားလုံး အကောင်အထည်ဖော် ပြီးစီးသည်နှင့်အမျှ ယခု ကြုံတွေ့နေရသော လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ်ကို ကာကွယ်သွားနိုင်မည်ဖြစ်၍ တောင်သူလယ်သမားအများစုအနေဖြင့် လယ်ယာလုပ်ငန်းများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ကြမည်ဖြစ်သလို စာသင်ကျောင်းများသို့ ရေဝင်ခြင်းကိုလည်း ကာကွယ်နိုင်မည်ဖြစ်၍ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ကြမည်ဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**နေမျိုးထွန်း (ရေး)**

# လက်ပံတန်းမြို့မဈေးကြီးအတွင်း တာဝန်ရှိသူများနှင့် ပုံကျဈေးသည်များတွေ့ဆုံ

**လက်ပံတန်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့များသည် ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက မြို့မဈေးကြီးအတွင်းရှိ ဈေးရုံ နှစ်ရုံ၌ ပုံကျဈေးသည် ၁၀၇ ဦးအား နေရာချထားသောနေရာများနှင့် ဈေးရုံဝန်းကျင် ဈေးရောင်းချနေမှုအား သွားရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါနေရာချထားရေးနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးကော်မတီ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ပုံကျဈေးသည်များ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာဦးမြင့်စန်းဦးက သံတိုင်၊ သွပ်မိုး၊ တမံတလင်းခင်းခြင်းကို တာဝန်ယူ ဆောက်လုပ်ပေးပြီး ပုံကျဈေးသည်များက စည်ပင်အဖွဲ့၏ ကြီးကြပ်မှုနှင့်မိမိ၏ အစီအစဉ် ဖြင့် အုတ်ခုံများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

(၀၅၃)

# လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ

# သဘာဝတောတောင်ရှုခင်းအလှကို ခံစားရင်း ဆင်စီးအပန်းဖြေသူတွေများပြားတဲ့ ဒီးဒုတ်ဆင်စခန်း

**မန္တလေး ဖေဖော်ဝါရီ ၁၈**

သဘာဝတောတောင် ရှုခင်းအလှအပများကို ဆင်စီးရင်းခံစားကြည့်ရှုနိုင်ရန် ပြင်ဦးလွင်မြို့နယ် ဝှက်ကားသုံးဆင့် ရေတံခွန်အနီးတွင် အသစ်ဖွင့်လှစ်ထားသည့် ဒီးဒုတ်ဆင်စခန်းသို့ လာရောက်အပန်းဖြေသူ များပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆင်စခန်းကို ပြင်ဦးလွင်မြို့နယ် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကားလမ်းပေါ်ရှိ ဝှက်ကားသုံးဆင့်ရေတံခွန်အနီးတွင် ဇန်နဝါရီ ၂၀ ရက်က စတင်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ပြည်တွင်းမှ လာရောက်အပန်းဖြေသူများအတွက် တစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀ နှင့် ဆင်စီးခ ငွေကျပ် ၃၀၀၀၊ နိုင်ငံခြားသားဧည့်သည်များအတွက် တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၂၀၀၀၀ နှင့် ဆင်စီးခ ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားကြောင်း မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး)မှ မန်နေဂျာ ဦးအောင်မြင့်ဋ္ဌေးက ပြောသည်။

“နိုင်ငံတကာ ခရီးသွားတွေအတွက် လည်ပတ်လေ့လာစရာ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေဖို့နဲ့ ပြည်တွင်းအပန်းဖြေသူတွေအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးတာပါ၊ ဆင်စီးဖို့အတွက် ဆင်ထီးနှစ်ကောင်၊ ဆင်မ လေးကောင်နဲ့ ဝန်ဆောင်မှုပေးနေပါတယ်၊ ဆင်တွေကို အစာကျွေးချင်ရင်လည်း အလွယ်တကူဝယ်လို့ရအောင် စီစဉ်ပေးထားပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ ဆင်စခန်းသို့ ရန်ကုန်မြို့မှ လာရောက်သူ ကိုနေကလည်း “ဒီဆင်စခန်းကို စခန်းဖွင့်လှစ်ထားတဲ့အကြောင်း သတင်းစာနဲ့ အွန်လိုင်းမှာ တွေ့ကတည်းက စိတ်ဝင်စားနေတာပါ၊ အခုပိတ်ရက်မှာ မန္တလေးကို အလုပ်ကိစ္စနဲ့လာရင်း ဒီက သူငယ်ချင်းတွေကို လိုက်ပို့ခိုင်းတာပါ၊ တောရိပ်၊ တောင်ရိပ်တွေနဲ့ သဘာဝအလှအပတွေကို ဆင်စီးပြီး ကြည့်ရတော့ အရသာတစ်မျိုးခံစားရပါတယ်”ဟု ပြောသည်။

“အလုပ်အားတဲ့ရက်တွေမှာ ဗဟုသုတအနေနဲ့ပဲဖြစ်ဖြစ်၊ စိတ်လက်ပေါ့ပါးမှုအနေနဲ့ပဲ ဖြစ်ဖြစ် ဒီလိုအပန်းဖြေလို့ရမယ့်နေရာတွေကို သွားရောက်လည်ပတ်လေ့ရှိတယ်၊



ရှုခင်းတွေက သာယာလို့ စိတ်ကြည်နူးမိပေမယ့် ကျွန်တော့်အတွက် ဆင်စီးရတဲ့ အတွေ့အကြုံက ပထမဆုံးဆိုတော့ ရင်တွေတုန်နေပါတယ်”ဟု မန္တလေးမြို့မှ ကိုမြတ်သစ်ခိုင်က ပြောသည်။

လက်ရှိတွင် ဒီးဒုတ်ဆင်စခန်းသို့ ပြည်တွင်း ပြည်ပမှ လာရောက်လေ့လာသူဦးရေမှာ နေ့စဉ် ၅၀ ကျော်ရှိပြီး ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များတွင် ပိုမိုများပြားစွာ လာရောက်အပန်းဖြေ လေ့လာမှုများရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သန့်လျှင် အထက(၁) အပူဇော်ခံ ဆရာ ဆရာမကြီးများမှ ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူခြင်း

သန့်လျှင် အထက(၁) ကျောင်းသူကျောင်းသားဟောင်းများ၏ (၃၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲတွင် ကံစမ်းမဲနှိုက်၍ အငြိမ်းစားဆရာ ဆရာမကြီး ၃၀ဦးတို့အား ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ မော်လမြိုင်၊ ထားဝယ်ရှင်ကိုးရှင် တန်ခိုးကြီးဘုရားများအား လေးညအိပ် ငါးရက်တာ ဘုရားဖူးခရီးစဉ်ကို ဦးဆောင်စီစဉ်၍ ကိုယ်တိုင်လိုက်ပါပေးခဲ့သော အဖွဲ့နာယက ဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်တိုးနှင့်အဖွဲ့ဝင်များ၊ ဘုရားဖူးခရီးစဉ်အတွက် အလှူငွေများလှူဒါန်းပေးကြသော ဦးစိန်လွင်(ရတနာရှင်းသန့်အများပိုင်ကုမ္ပဏီ)၊ ဦးဇော်ဝင်း(သုခမ္မမဏိဇေတာခရေ၊ CEO ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးသိန်းဇော်ဦး(သရဖူသစ်ဆိုင်)နှင့် ခရီးစဉ် ကျန်းမာရေးစောင့်ရှောက်ပေးသော ကျောင်းသူဟောင်း ဒေါက်တာ ကေသီဝင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ဘုရားဖူးခရီးစဉ်လိုက်ပါခဲ့ကြသော အပူဇော်ခံဆရာ ဆရာမကြီးများ**
**အထက(၁)သန့်လျှင်**

## တေဇ( ၇ )သင်တန်းဆင်းနှစ်ပတ်လည်နေ့အခမ်းအနား ဖိတ်ကြားခြင်း

တေဇ(၇)၏ (၃၈)နှစ်မြောက် သင်တန်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်း/မိသားစုများ စုံညီစွာ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

**၂၃-၂-၂၀၁၈(သောကြာနေ့)**
- ၀၅း၃၀နာရီ- ပေါက်စေတီ၊ မရမ်းကုန်းမြို့နယ်တွင် ကျဆုံး/ကွယ်လွန်သွားသော သူငယ်ချင်းများအားရည်စူး၍တရားနာခြင်း၊အမျှပေးဝေခြင်းနှင့်အရဏ်ဆွမ်းဆက်ကပ်ခြင်း၊
- ၁၈း၃၀နာရီ- Sky Star Hotel (Pool Side)တွင် ဆရာကန်တော့ပွဲနှင့် မိသားစု မိတ်ဆုံ ညစာစားခြင်း၊

**၂၄-၂-၂၀၁၈ရက်(စနေနေ့)**
- ၁၂း၀၀နာရီ- ရန်ကုန်မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)တွင် ဂေါက်သီးရိုက်ခြင်း

**အခမ်းအနားဖြစ်မြောက်ရေးကော်မတီ**

## အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဆင်းအရာရှိများ၏ စတုတ္ထအကြိမ် အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည့် အာစရိယပူဇော်ပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီတွင် GANDAMAR WHOLESALE ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဆင်းအရာရှိများ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက **ဖုန်း-၀၉-၅၀၄၈၀၇၇၀၊ ၀၉-၅၀၂၅၅၈၄၊ ၀၉-၂၀၁၃၃၇၅**

**တပ်မတော်ဆေးတက္ကသိုလ်အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## (၂၅)နှစ်ပြည့် ငွေရတု မွေးနေ့ဆုတောင်း

သမီးကြီး ဒေါက်တာ စောယုနှင်း M.B.,B.S YGN ဆေး(၁) ဦးစီးအရာရှိ F.D.A (အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရန်ကုန်)၏ ၁၉-၂-၂၀၁၈ရက်တွင်(၂၅)နှစ်ပြည့်ကျရောက်သော ငွေရတုမွေးနေ့မှသည် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတုသို့တိုင်အောင် ကျန်းမာချမ်းသာပျော်ရွှင်ချမ်းမြေ့ပြီး လိုအင်ဆန္ဒဟူသမျှ တစ်လုံးတစ်ဝတည်း ပြည့်ဝပါစေလို့ ထာဝရအမြဲတမ်း ဆုတောင်းပေးလျက်

**ဖေကြီး** - **ဦးမြခိုင်(Small Business owner) Restaurant & Su Shi INC.Co.,Ltd B.Royal New York, U.S.A**
**မေကြီး** - **ဒေါ်ဝါဝါငွေ**
**မောင်လေး** - **စောရန်နိုင်(3rd M.B ဆေးတက္ကသိုလ်-၂ ရန်ကုန်)**
**ညီမလေး** - **ချမ်းမြေ့နဒီ(VI(A) အထက(၁) ဒဂုံ)**
**ဘဘ** - **ဦးကြည်ငွေ**
**တီတီ** - **အန်တီမြတ်၊ အန်တီကျော့**

## ကြေညာချက်

ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်-

(၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မူရင်း)
(၂) လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်
(၃) Form-6
(၄) Form-26

**ဒါရိုက်တာဘုတ်အဖွဲ့**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ချောင်းဝကျေးရွာ၊ ချောင်းဝ အထက်တန်းကျောင်း၊ ဒုတိယတန်းမှ မောင်သော်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းသန်းဝင်း ၁/မညန(နိုင်) ၁၅၉၈၃၅ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မဂ္ဂါဆိုင်း ၁/မကန(နိုင်) ၁၆၀၂၅၂ ၏ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၃၉၉၇၅၁၁**

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ မိုင်းနား၊ အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်းမှ မ-မလာဘောက်ထွယ်၏ ဖခင်အမည်မှန်မှာ ဦးမလာတူး ၁/ဝမန(နိုင်)၀၆၆၇၁၂ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မီနာဒေဗီ ၁/မကန(နိုင်)၀၈၁၃၉၅ ၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၅၄၈၉၆၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)**
**မင်္ဂလာဒုံမြို့နယ်တရားမရုံး၌**
**၂၀၁၈ခုနှစ် တရားမကြီးအမှုအမှတ်-၁၄**

| | | |
|---|---|---|
| ဒေါ်အေးအေးစိုး(၄င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်ထူးထူးဆွေ) | **နှင့်** | ဦးငြိမ်း အမှတ်(၅၃၄(အေ)၊ အမှတ်(၃)လမ်း၊သဃ်န်းကျွန်းကြီး ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် |
| **တရားလို** | | **တရားပြိုင်** |

သင့်အပေါ်၌ ဒေါ်အေးအေးစိုး(၄င်း၏ အခွင့်ရကိုယ်စားလှယ်ဒေါ်ထူးထူးဆွေ)က လယ်ယာမြေ(၃/က) လျှောက်ထားရန်နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၃ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**မြို့နယ်တရားသူကြီး**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၆၆၀**

| | | |
|---|---|---|
| ဒေါ်စိန်သန်း | **နှင့်** | ဒေါ်သီ |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၄)လမ်း၊ အမှတ်(၃၃၉/ခ) နေ (ယခုနေရပ်လိပ်စာမသိ)သူ ဒေါ်သီ သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၁၂အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၄ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)**
**မင်္ဂလာဒုံမြို့နယ်တရားမရုံးတော်၌**
**၂၀၁၈ခုနှစ် တရားမကြီးအမှုအမှတ်-၁၃**

| | | |
|---|---|---|
| ဒေါ်ငွေငွေဝင်း(၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ထူးထူးဆွေ) | **နှင့်** | ဒေါ်ဖြူတုတ် အမှတ်၅၃၀(ဘီ)၊ရွှေစေတီလမ်း၊ ကုန်းတလပေါင် စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် |
| **တရားလို** | | **တရားပြိုင်** |

သင့်အပေါ်၌ ဒေါ်ငွေငွေဝင်းက လယ်ယာမြေ(၃/က) လျှောက်ထားရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုကြောင်းနှင့်လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**မြို့နယ်တရားသူကြီး**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ မြင်းမိုရ်ပုဂ္ဂလိကပညာသင်ကျောင်း၊ နဝမတန်း(၃၃၀၃)မှ ကျောင်းဝင်အမှတ် MM 160112 ဖြစ်သူမောင်အောင်ကိုမြတ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်စာရင်းအရ ဦးဦးငယ် ၆/မအရ(နိုင်)၁၂၁၇၂၂ ဖြစ်ပါကြောင်း။ **ဦးဦးငယ်**

## အမည်ပြောင်း

ဦးမင်းပိုင်စိုးနှင့် ဒေါ်နှင်းဝေတို့၏သား အထက(ခွဲ)လ(၁)မြိတ်၊ အဋ္ဌမတန်း (A)မှ မောင်ရှိုင်းခန့်ပိုင်အား ယနေ့မှစ၍ မောင်လင်းခန့်ပိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။
**မောင်လင်းခန့်ပိုင်**

## ပျောက်ဆုံးကြောင်း

Khant & LINN Construction Company Limited ၃၈လမ်း၊ ၇၈×၇၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၏ သွင်းကုန်လိုင်စင်အမှတ် WQ ILV 17 18 11654 08/12/2017 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ဖုန်း-၀၉-၄၄၅၉၅၆၄၈၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)**
**အင်္ဂပူမြို့နယ်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၄/၂၀၁၈**

| | | |
|---|---|---|
| ဦးမြင့်ထွန်း | **နှင့်** | ဒေါ်မျိုးစန္ဒာ |
| **တရားလို** | | **တရားပြိုင်** |

အင်္ဂပူမြို့၊ အမှတ်(၁)ရပ်ကွက်၊ ချယ်ရီတောင်လမ်းနေ တရားပြိုင် ဒေါ်မျိုးစန္ဒာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။ သင့်အပေါ်၌ ဦးမြင့်ထွန်းက ချေးငွေကျပ်သိန်း (၇၀)ရလိုမှုအား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက် (၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ဝင်း)**
**မြို့နယ်တရားသူကြီး**
**အင်္ဂပူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-II) ဦးပိုင်အမှတ်(၉၆-င) မြေယာအမှတ်(30/349) ဧရိယာ ၀ဒသမ၁၄၈ဧကရှိ မြေကွက်အားဂရန်အမှုတွဲအမှတ်(၀၀၅၀/၁၉၉၄-၁၉၉၅)အရ ဒေါက်တာသင်းကြူအေး အမည်ပေါက်ခဲ့ပြီး အဆိုပါအမည်ပေါက်ဂရန်ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရှိ(၁-က) စာရင်းတွင်ရေးသွင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဟန်စိုးဝင်း(စဥ်-၁၃၄၃၂)**
**LL.B, DPS, DIR, DIL, DBL, PGDE(MUFL)**
**တရားလွှတ်တော်ရှေ့နေ**
**ရ.က.က(၆)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၃၇၀၅၈၈၆**

**ဒေါက်တာသင်းကြူအေး**
**၉/ရမသ(နိုင်)၀၂၆၆၅၄**



မြန်မာဓာတ်ပုံဆရာများအမည်ရှိ ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့အတွင်းဝန်များရုံး၌ ဖေဖော်ဝါရီ ၁၈ ရက်က စတင်ကျင်းပရာ ဓာတ်ပုံပညာရှင်များ၊ နိုင်ငံခြားဧည့်သည်များ လာရောက်လေ့လာကြည့်ရှုကြသည်ကို တွေ့ရစဉ်။ *သတင်း- စာမျက်နှာ ၁၀* ဓာတ်ပုံ-ဇော်ကြီး

## ပျူခေတ်လက်ရာ ရှေးဟောင်းဒင်္ဂါးပြားများတွေ့ရှိ

စာ » ၉

## မိတ္ထီလာမြို့ ပေါက်ချောင်းဈေးအား စည်ပင်ဖြည့်စွက်ရန်ပုံငွေ ငွေကျပ် ၄၉ သန်းကျော်ဖြင့် ဈေးရုံအသစ်တည်ဆောက်မည်

စာ » ၁၁

## ကွတ်ခိုင်မြို့နယ်အတွင်း ငွေကျပ်သိန်းပေါင်း ၉၉၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

စာ » ၁၂

# ၂၀၁၇-၂၀၁၈ ခုနှစ်အထိ စီးပွားရေးစိုက်ခင်း ၁၂၃၂၃၆၅ ဧက အပါအဝင် စုစုပေါင်း ကျွန်းဧက ၂၂ သိန်းကျော်စိုက်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ကျင်းပသည့် နှစ်(၃၀)နှင့်အထက် သက်ကြီး ကျွန်းစိုက်ခင်းများမှ သစ်ထုတ်လုပ်နိုင်မှုအခြေအနေ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

သစ်တောဦးစီးဌာနသည် သစ်တောစိုက်ခင်းများကို ၁၉၈၁ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အရှေ့ပဲခူးရိုးမစိုက်ခင်းစီမံကိန်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ဖြင့် စိုက်ခင်းစီမံကိန်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကျွန်းအထူးစိုက်ခင်းများကိုလည်းကောင်း တည်ထောင်စိုက်ပျိုးခဲ့ကြရာ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ စီးပွားရေးစိုက်ခင်း ၁၂၃၂၃၆၅ ဧက၊ ရေဝေရေလဲစိုက်ခင်း ၃၄၁၁၅၉ ဧက၊ စက်မှုကုန်ကြမ်းစိုက်ခင်း ၁၇၉၁၂၁ ဧက၊ ကျေးရွာထင်းစိုက်ခင်း ၄၄၉၅၆ ဧက နှင့် ဒီရေတောစိုက်ခင်း ၆၄၈၀ ဧက စုစုပေါင်း စိုက်ခင်း ၂၂၀၈၇၁၁ ဧက တည်ထောင်ပြီးစီးခဲ့ကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁*

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အဝေးကွင်း၌ ရောဝတီအသင်းကို အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း အနိုင်ရခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်အသင်းသည် အဝေးကွင်းတွင် နိုင်ပွဲရယူပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်မှူး ခရစ္စတိုဖာ၏ အနိုင်ဂိုးဖြင့် အဝေးကွင်းတွင် နှစ်ရာသီဆက်တိုက်အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် အိမ်ကွင်းပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့သော် လည်း ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရကာ အဆင့်ရှစ်နေရာသို့ ဆင်းပေးခဲ့ရသည်။

ရောဝတီအသင်းသည် အိမ်ကွင်း၌ အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး နိုင်ငံခြားသားကစားသမားသုံးဦးစလုံး အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် ဒဏ်ရာမှပြန်ကောင်းလာသည့် ဟိန်းသီဟဇော်ပြန်ပါလာပြီး သီဟစည်သူ၊ ဝင်းမင်းထွန်း၊ ရန်နိုင်ဦး၊ ခရစ္စတိုဖာတို့ဖြင့် လူစုံခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ခြေစွမ်းမှာ ယခင်ပွဲများထက်ပိုကောင်းခဲ့ပြီး ရောဝတီအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့ပြီး ၂၇ မိနစ်တွင် ခရစ္စတိုဖာက ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ရောဝတီအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများ ပြန်ရခဲ့သော်လည်း ရှမ်းဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကလည်း ဂိုးပြန်မပေးရရန် ခံစစ်ကို စနစ်တကျ ဖျက်ထုတ်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ထပ်ရခဲ့သော်လည်း ဒွေးကိုကိုချစ်နှင့် ဇင်မင်းထွန်းတို့ အသုံးမချနိုင်ခဲ့၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁*



ရောဝတီနှင့် ရှမ်းယူနိုက်တက်အသင်းယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်





CRYSTAL DIAMOND LIVESTOCK CO., LTD.
ရန်ကုန်- အမှတ် (၈/၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ဖုန်း) ၀၁-၃၆၈၁၁၆၆၊ ၃၆၈၂၀၈၀၊ ၃၆၈၂၉၆၅၊ ၃၆၈၂၉၈၅၊ ၀၉-၇၇၇၄၀၄၁၂၃၊ ၀၉-၇၇၇၄၀၄၁၃၂
မန္တလေး - အမှတ်(၁၂၃)၊ ၂၆ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး ။ ဖုန်း-၀၂ ၃၆၃၀၉၊ ၆၉၆၈၄၊ ၀၉-၂၅၉၂၈၁၇၄၇